# ***သားရဲလေ့ကျင့်သူ ။ အခန်း ၂၇၃ ပြင်းထန်သောတိုက်ပွဲ (အပိုင်း ၁)***

မီးလုံးပေါင်းများစွာသည် ကျားယုထံသို့ တစ်ဟုန်ထိုး ပြေးဝင်သွားသောကြောင့် သူပြောလက်စစကားပင် ရပ်တန့်သွားသည်။

စာစဉ် ၁၈

မိုးကြိုးမျောက်ကြီးသည် ဟိန်းဟောက်လိုက်ပြီး သူ၏ သစ်တုံးကြီးလို လက်မောင်းကြီးသည် လျှပ်စစ်ခတ်များ ထွက်ပေါ်နေသည်။

သူ့ထံသို့ ကျရောက်လာသော မီးလုံးများသည် သူ့လက်မောင်းနှင့် ထိမိသောအခါတွင် ပူဖောင်းများကဲ့သို့ အလွယ်တကူပင် ပေါက်ထွက်ကုန်ကြသည်။

မီးတောက်များသည် သူ၏ လက်ချောင်းများကြားထဲမှ အေးဆေးစွာ ဖြတ်သန်းသွားသည်။
မိုးကြိုးမျောက်ကြီးသည် ဖလိန်မီကို သနားသော

စာစဉ် ၁၈

မျက်လုံးများဖြင့် ကြည့်လိုက်သည်။
ပျော့ညံ့လိုက်တဲ့ကောင်။

"တိုက်ခိုက်ကြ" ကောင်းဖန်နှင့် ဟွမ်းယာသည် ပြိုင်တူ
အော်လိုက်ကြသည်။

ဒန်ဘီနှင့် ပင့်ကူမကြီးသည် ပြိုင်တူချီတက်လိုက်ကြပြီး
သူတို့၏ ကြီးမားသော ကိုယ်လုံးကြီးများအရှိန်ကြောင့်
လေပြင်းများပင် တိုက်သွားသည်။

စွမ်းအားကြီးသော အငွေ့အသက်များသည်
ပင့်ကူမကြီးဆီမှ ထွက်ပေါ်လာသည်။ ထိုအချိန်တွင်

စာစဉ် ၁၈

ငရဲတွင် ကျရောက်နေသော ဝိညာဉ်များက
လက်သည်းများကို ကုတ်ခြစ်ရင်း ထွက်ပြေးဖို့
ကြိုးစားနေသော အသံများနှင့်တူသည့်
ကြောက်မက်ဖွယ် အသံကြီး ထွက်လာသည်။

မိုးကြိုးမျောက်ကြီးသည် နောက်တစ်ခေါက်ထပ်ပြီး
မြည်ကြွေးလိုက်သည်။ သူ၏ ခြေထောက်အောက်မှ
မြေကြီးများသည် အက်ကွဲလာပြီး ပင့်ကူမကြီးထံ
လျှပ်စစ်လက်သီးတစ်လုံး ပစ်ကျွေးလိုက်သည်။
ထိုလက်သီးကနှင့် ထိမိပါက ပင့်ကူမကြီးသည်
ထိုနေရာတွင်ပင် သေဆုံးသွားနိုင်သည်။

သူတို့ နှစ်ကောင်လုံးသည် အဆင့်တူညီကြသောကြောင့် တစ်ကောင်နှင့်တစ်ကောင် ပျော့ကွက်များကိုရှာကာ တိုက်ခိုက်နိုင်ကြမည် ဖြစ်သည်။

ပင့်ကူမကြီးသည် ခေါင်းကို ငုံ့ရှောင်လိုက်ကာ ရန်သူကို လက်သည်းကြီးများဖြင့် တိုက်ခိုက်လိုက်သည်။

မိုးကြိုးမျောက်ကြီးကလည်း ကိုယ်လုံးကြီးကို လှည့်လိုက်ကာ မြေပြင်ပေါ်တွင် လက်ထောက်လိုက်ပြီး ပင့်ကူလက်များနှင့် ထပ်မထိမိအောင် ကိုယ်ရှိန်သတ်လိုက်သည်။

သူ၏ အမွေးတချို့ကတော့ လေထဲတွင် ပြတ်ပြီး လွင့်ပါသွားသည်။ သူသည် ပင့်ကူမကြီးကို ဒေါသထွက်နေသော အဝါရောင် မျက်လုံးကြီးများဖြင့် ကြည့်လိုက်သည်။

မိုးကြိုးမျောက်ကြီးက ပင့်ကူမကြီးထံ တိုက်ခိုက်ဖို့ တစ်ဟုန်ထိုး ပြေးသွားချိန်တွင် ဒန်ဘီ၏ သွေးဆာနေသော နှလုံးသည် အလွန်ပင် ခုန်ပေါက်သွားသည်။ သွေးနီရောင် နှလုံးသည် စည်းချက်မှန်မှန် ခုန်နေလေသည်။

သူ၏ နှလုံးခုန်သံသည် ကျယ်လောင်လှသောကြောင့် အနီးအနားမှ အရာများပင် ထိုကြိမ်နှုန်းနှင့် လိုက်ပြီး

တုန်ခါနေသည်။ ထိုအနားမှ သက်ရှိအားလုံးပင် ထိုအသံကြီးကို ကြားနိုင်လေသည်။

ဝုန်း..

ဒန်ဘီသည် ပုံစံပြောင်းသွားသည်။

ထိုအချိန်တွင် သစ်သားဒေါင်းကြီးသည် ဘက်ဘက်သို့ တစ်လှမ်းလှမ်းလိုက်ကာ အုပ်မိုးနေသော သစ်ပင်များကို အောက်ကို နှိမ့်ချလိုက်သည်။ သစ်ပင်များသည် ဒန်ဘီလာနေသော လမ်းကြောင်းကို ပိတ်ဆို့သွားသည်။

သို့သော် ဒန်ဘီသည် ထိုအပင်များကို အခက်အခဲမရှိ ချိုးဖျက်ပြီး ထွက်လာသည်။

သူသွားချင်သော နေရာသို့ နီးလာလေလေ တဖြည်းဖြည်း နှေးလာလေဖြစ်သည်။

ဒန်ဘီသည် အခက်အခဲမရှိ ချိုးဖျက်နိုင်သော်လည်း နွယ်ပင်များသည် ဒန်ဘီ၏ အရှိန်နှုန်းကို လျှော့ချနေကြသည်။

ထိုအချိန်တွင် ခေါင်းပေါ်မှ စူးရှသော အော်သံတစ်ခု ထွက်ပေါ်လာသည်။ ဒန်ဘီသည် ချက်ချင်း

ရပ်လိုက်သည်။ ကြီးမျိုးသော အညိုရောင်သစ်ပင်ကြီးသည် ကောင်းကင်ပေါ်မှ ပြုတ်ကျလာကာ သူ့ရှေ့သို့ ကျရောက်သွားပြီး ပင်စည်ကြီးသည် နဂါးကြေးခွံများနှင့်ပင် တူနေသည်။

တကယ်လို့သာ ဒန်ဘီ၏ တုံ့ပြန်မှုမှာ စက္ကန့်ပိုင်းလောက် နောက်ကျသွားခဲ့ပါက သစ်ပင်ကြီးအောက်တွင် ပြားပြားဝပ်သွားမည် ဖြစ်သည်။

ဒန်ဘီ၏ အိတ်ထဲမှ အဖြူရောင်မီးတောက်များသည် အပြင်ကြီး ပြုတ်ကျလာသော နေရာတွင် ဖြစ်သွားသော ၁၅ ပေအကျယ်တွင်းပေါက်ကြီးကို မြင်လိုက်ရသောအခါ ပိုပြီးပင် တောက်လောက်သွားသည်။

စာစဥ် ၁၈

ထိုမီးတောက်သည် သူ၏ ညာဘက်လက်အနောက်သို့ ရောက်ရှိသွားသည်။

သူသည် ခပ်တိုးတိုးညည်းညူလိုက်ကာ သူ၏ အမြီးရိုးကို ဆွဲထုတ်လိုက်သောအခါ ရှည်လျားပြီး ဓားမြှောင်ပုံအရိုးကြီးသည် သူ၏ လက်တွင်းသို့ ပါလာသည်။ ကျေးသွေးရောင် ချည်မျှင်သည် ထိုအရိုးဘေးတွင် ပတ်ထားပြီး ဖြောင့်တန်းနေသည်။

ဒန်ဘီသည် ရှေ့ကို တစ်ဟုန်ထိုးကာ နွယ်ပင်များကို ခုတ်ပိုင်းလိုက်သည်။ သူသည် နွယ်ပင်များကြားထဲမှ

ထွက်လာသောအချိန်တွင် ကျားယုကို ရှာမတွေ့တော့ချေ။

“အပေါ်မှာ” ကောင်းဖန်သည် သွေးစာချုပ်မှ တဆင့် ပြောလိုက်သည်။ သူသည် သစ်သားဒေါင်းကြီး၏ အပေါ်တွင် လူပုံစံတစ်ခုကို တွေ့လိုက်သည်။

ဒန်ဘီသည် သားရဲကြီး၏ ထူထပ်သော သစ်ပင်အုပ်ကြီးကို မော့ကြည့်လိုက်သည်။

ထိုသစ်ပင်အုပ်ကြီးသည် သစ်သားဒေါင်း အမြီး၏ တစ်စိတ်တစ်ပိုင်းဖြစ်သောကြောင့် တိရိစ္ဆာန်တစ်ပိုင်း

အပင်တစ်ပိုင်းလို ဖြစ်နေသည်။ ထိုအရာကြီးနှင့် ရင်ဆိုင်ရန်မှာ လွယ်တော့ မလွယ်ကူနိုင်ချေ။

ထိုအချိန်တွင် ကောင်းဖန်ဘေးမှ ချုံပုတ်တွင် လှုပ်ရှားမှုတစ်ခု ဖြစ်သွားသည်။ သူ မတုံ့ပြန်နိုင်လိုက်ခင်မှာပင် သစ်ကိုင်းများထွက်လာပြီး သူ၏ ခြေချင်းဝတ်ကို ပတ်လိုက်သည်။

ကောင်းဖန်သည် နောက်ခြေထောက်တစ်ဖက်ကို သုံးပြီး ထိုသစ်ကိုင်းများကို တွန်းဖယ်လိုက်သည်။

စာစဉ် ၁၈

သူက ဘေးနားမှာ ရှိသမျှ အပင်တွေကို
ထိန်းချုပ်နိုင်တာပဲ.. သူသည်
မျက်မှောင်ကြုတ်ရင်းတွေးလိုက်သည်။

အခြေအနေမကောင်းပေ။ သူတို့သည် တောအုပ်ကြီး၏
အလယ်တွင် ရှိနေသောကြောင့် အပင်များ
ဝန်းရံခံထားရပြီး သစ်သားဒေါင်းကြီးမှာ
အသာစီးရနေသည်။

ငါတို့ လွင်တီးခေါင်ပြင်မှာဆို ကောင်းသား…

လွင်တီးခေါင်ပြင်..

စာစဉ် ၁၈

"ဖလိန်မီ.. အပင်တွေကို မီးရှို့လိုက်" ကောင်းဖန်က အမိန့်ပေးလိုက်သည်။

သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးသည် အတိတ်တွင် ကျန်ခဲ့ပြီ ဖြစ်သည်။ ကပ်ဆိုးကြီး အပြီးတွင် အပင်များသည် ပိုပြီးပင် ဒဏ်ခံလာနိုင်ကြသည်။ အကုန်လုံး မီးရှို့ပြာကျသွားလျှင်တောင် ဘာအနှောင့်အယှက်မှ ထပ်မရှိပါက အချိန်တိုအတွင်း ပြန်ပေါက်လာမည် ဖြစ်သည်။

## စာစဉ် ၁၈

ဖလိန်မီသည် နောက်သို့ အနည်းငယ်ဆုတ်လိုက်ပြီး အပင်များကို မီးရှို့လိုက်သည်။

မြေအောက်ရှိ အပင်များကတော့ မီးဒဏ်ကို ခံနိုင်ရည်ရှိနိုင်သည်။ သို့သော် ဖလိန်မီသည် အဆင့်မြှင့်ထားပြီး ဖြစ်သောကြောင့် စွမ်းအားလည်း ပိုကြီးနေသည်။ တောအုပ်၏ မြေကြီးထဲအထိ မီးလောက်တိုက်သွင်းဖို့ မခက်ခဲလောက်ပါချေ။

ကျားယုသည် ကောင်းဖန်၏ အကြံကို ချက်ချင်း သိလိုက်သည်။ "အိုး သနားစရာ ကောင်လေး.. ဒီလိုလုပ်လို့ ရမယ်ထင်နေတာပေါ့.. သစ်သားဒေါင်းရေ..

စာစဥ် ၁၈

မီးလောင်နေတဲ့ အပင်တွေကိုပါ သူတို့နှစ်ကောင်လုံးကို တိုက်ခိုက်ခိုင်းလိုက်”

ချက်ချင်းပင် ပွမ်းယာသည် မီးလောင်နေသော သစ်ကိုင်းကြီးကို အရှေ့တွင် တွေ့လိုက်ရသည်။

သူ၏ မျက်နှာတွင်ပင် မီးငွေ့များ ရိုက်ခတ်ထင်ဟပ်နေသည်။

ဖျောင်း..

စာစဉ် ၁၈

ဟွမ်းယာသည် ဆန့်ကျင်ဘက်ကို
လွှင့်ပျံထွက်သွားသည်။ သူ့ကိုယ်တွင် ရစ်ပတ်ထားသော
အဝါရောင်အပဟန့်အတားသည် အချိန်မီတော့
ကာကွယ်ပေးနိုင်လိုက်သည်။

အဝါရောင်အပဟန့်အတားသည် သူ့ကို မီးတောက်များ
ဒဏ်မှ ကာကွယ်ပေးထားသော်လည်း သစ်ကိုင်း၏
အရှိန်ပြင်းစွာ ရိုက်ခတ်မှုဒဏ်ကိုတော့
ခံစားလိုက်ရသည်။

နောက်ထပ်သစ်ကိုင်းတစ်ခုသည် ဟွမ်းယာထံသို့
ထပ်ရိုက်ခတ်လာပြန်သဖြင့် သူသည်
ချက်ချင်းထွက်ပြေးလိုက်သည်။

ဒန်ဘီနှင့် သစ်သားဒေါင်းကြီးသည် သရေကျသလို ဖြစ်နေသည်။ သစ်သားဒေါင်းကြီးသည် ဒန်ဘီထက် ပိုအားနည်းသော်လည်း သူ့တွင် တိုက်ခိုက်မှုနည်းလမ်းများစွာ ရှိနေပြီး ပြန်လည်ကုစားနှုန်းလည်း မြန်ဆန်လေသည်။ ဒန်ဘီဖျက်ဆီးထားသော နွယ်ပင်များသည်လည်း ချက်ချင်းပင် ပြန်ပေါက်လာသည်။

တောအုပ်၏ တစ်ဖက်တွင်တော့ မိုးကြိုးမျောက်ကြီးနှင့် ပင့်ကူမကြီးတို့၏ တိုက်ခိုက်မှုကြောင့် မိုးကြိုးလျှပ်စီးသံများ ပေါက်ကွဲသံများ ဆူညံစွာ ဖြစ်ပေါ်နေသည်။

စာစဉ် ၁၈

“တိုက်ခိုက်တာ တော်တော့” ကျားယုက ခပ်လျှောင်လျှောင် ပြောလိုက်သည်။

သူသည် တစ်ဖက်ရန်သူ၏ ကိုယ်ပိုင်သားရဲများကိုပင် ဟန့်တားလိုက်သေးသည်။

***

# *သားရဲလေ့ကျင့်သူ ။ အခန်း ၂၇၄ ပြင်းထန်သောတိုက်ပွဲ (အပိုင်း ၂)*

ကျားယုသည် ထို နတ်ဘုရားအဆင့်ကိုယ်ပိုင်သားရဲများကို လျှော့တွက်မိကြောင်း ဝန်ခံရမည် ဖြစ်သည်။

သစ်သားဒေါင်းသည် အနီးကပ်တိုက်ပွဲများနှင့် မကိုက်ညီသောကြောင့် ယခင်က တိုက်ပွဲများတွင် သူ၏ အစွမ်းထက်သော ပြန်လည်ကုစားနိုင်စွမ်းနှင့် နွယ်ပင်များအစွမ်းကို သုံးကာ အနိုင်ယူခဲ့သည်ချည်း ဖြစ်သည်။ သူသည် သူ၏ စွမ်းအင်ဒဏ်ကို

စာစဉ် ၁၈

ခံနိုင်ရည်ရှိသည့် အချို့သော သားရဲများနှင့် မရင်ဆိုင်ရသရွေ့ အသာစီးရသည်က များလေသည်။

ယခုတော့ သူသည် အရိုးခြောက်ပုံရှိသော သားရဲ၏ ချောင်ပိတ်ရိုက်ခြင်းကို ခံနေရပြီ ဖြစ်သည်။ နောက်ပိုင်းတွင် ထိုသားရဲသည် မိုးကြိုးမျောက်ထက် ပိုအစွမ်းထက်လာနိုင်မည်ဟု မြင်နေရသည်။

“ငါမှတ်မိပြီ မင်းက ကမ္ဘာ့လူငယ်သားရဲ လေ့ကျင့်ရေး ချန်ပီယံပွဲမှာ ဒိုင်လုပ်ခဲ့တဲ့ ကောင်လေးမလား” ကျားယုက ကောင်းဖန်ကို မှတ်မိသွားပြီး ပြောလိုက်သည်။ သူသည် ကောင်းဖန်ကို

စာစဉ် ၁၈

တောင်ပိုင်းကောင်းကင် အဖွဲ့အစည်း၏ ဆက်ခံသူမှန်းလည်း သိလေသည်။

“ဟားဟား.. စိတ်မကောင်းစရာပဲ.. ဉာဏ်ကြီးရှင်လေးက ဒီလိုနေရာမျိုးမှာ ရှုံးနိမ့်ရတော့မယ်” ကျားယုက ပြောလိုက်သည်။ သူသည် ရယ်သွမ်းသွေးလိုက်ပြီး “သူတို့အားလုံးကို သတ်လိုက်.. တစ်ယောက်မှ မရှင်စေနဲ့”

မမြင်ရသော စွမ်းအင်တစ်ခုသည် မြေကြီးပေါ်မှ အရာများကို လေထဲရောက်အောင် ဖော့ပစ်လိုက်ကာ တောအုပ်အလယ်တွင် သဲမုန်တိုင်းကြီး ဖြစ်ပေါ်သွားသည်။

စာစဉ် ၁၈

မီးငြှိမ်းရာတွင် ငြှိမ်းစေချင်သောအရာကို တိုက်ရိုက်ဦးတည်စရာမလိုသည့် အခြားနည်းလမ်းများလည်း ရှိပါသည်။ ထိုအထဲတွင် သဲမုန်တိုင်းလည်း အပါအဝင် ဖြစ်သည်။

သဲမုန်တိုင်းကြီးသည် ကောင်းဖန်ဘေးတွင် ဖြစ်ပေါ်နေပြီးနောက် ကောင်းဖန်သည် ထိုအနောက်မှ ခြေသံများကို ကြားလိုက်ရသည်။ ပုံသဏ္ဍာန်သုံးခုသည် သူတို့ထံသို့ အနောက်မှ တစ်လှမ်းချင်း လှမ်းလာနေပြီး သူတို့၏ ထွက်ပေါက်ကို ပိတ်သလို ဖြစ်နေသည်။

ကောင်းဖန်က လှည့်ကြည့်လိုက်သည်။ သူ၏ ဘယ်ဘက်တွင် အနီရောင်ဆံပင်များရှိကာ အမည်းရောင် ဝတ်ရုံကို ခြုံထားသော မိန်းကလေး တစ်ယောက် ရှိနေသည်။ အလယ်တွင်တော့ ကြွက်သားများ အပြိုင်းပြိုင်းထနေကာ အရပ် ၆ ပေခန့်ရှိသော သူတစ်ယောက်ရှိနေပြီး သူ၏ ဘေးတွင်တော့ ဆံပင်ဖြူများနှင့် သူတစ်ယောက်က တည်ငြိမ်စွာ ရပ်နေသည်။

ကိုယ်ပိုင်သားရဲ ၈ ကောင်သည် အသင့် အနေအထားဖြင့် သူတို့နောက်တွင်ရှိနေသည်။

ဟွမ်းယာသည် ထပ်ရောက်လာသူများကို မကျေမချမ်း ကြည့်လိုက်သည်။

"သခင်လေး ကျုပ်တို့တွေ ယုကျိုးမြို့တော်နဲ့ သိပ်မဝေးသေးတာ ကံကောင်းသွားတယ်.. ကျုပ်ရဲ့သွေးစာချုပ်ကနေ သွေးနီစစ်မြင်းကို ခိုင်းပြီး ဥက္ကဌကြီးကို အကျိုးအကြောင်း ပြောခိုင်းထားတယ်.. ဥက္ကဌကြီးက စစ်ကူတွေကို ပို့ပေးလိမ့်မယ်.. ဒီကောင်တွေ ဘာဖြစ်သွားမှန်းတောင် သိလိုက်မှာ မဟုတ်ဘူး"

ကောင်းဖန်က ဖြည်းဖြည်းချင်း ခေါင်းညိတ်လိုက်သည်။

စာစဥ် ၁၈

ထို့နောက် ဟွမ်းယာက အံကြိတ်ပြီး ပြောလိုက်သည်။

“သခင်လေး.. အခွင့်အရေး ပေါ်လာတာနဲ့ ချက်ချင်း

ထွက်သွားလိုက်ပါ.. ကျုပ်ကို စိတ်မပူပါနဲ့..

ဒီကောင်တွေရဲ့ ခေါင်းတွေကို ဖြတ်ပြီးရင်

ကျုပ်အုတ်ဂူပေါ်မှာ တင်ပေးဖို့သာ မမေ့ပါနဲ့..

ဒါမှကျုပ်လည်း ငရဲမှာ အဖော်ရမှာ”

ကောင်းဖန်သည် မျက်လုံးကို စုံမှိတ်လိုက်သည်၊

အစင်းလေး..

တစ်ချိန်လုံး မြေအောက်ထဲတွင် ရှိနေသော

အစင်းလေးသည် သူ့သခင် ရှေ့သို့ ရောက်လာသည်။

## စာစဥ် ၁၈

"ကောင်းဖန်.. ငါ စစ်ဆေးထားတယ် .. ညာဘက်ခြမ်းက ရှင်းတယ်.. အဲဒီဘက်ကနေ ထွက်လို့ရတယ်"

ရုတ်တရုတ် ရန်သူဘက်မှ ကိုယ်ပိုင်သားရဲတစ်ကောင်သည် ဖလိန်မီထံ ရေအားပြင်းပြင်းဖြင့် လေထဲမှ ထိုးချလိုက်သည်။

ဖလိန်မီက ခြေထောက်ဖြင့် ကုပ်တွယ်ကာ ပြန်ထလိုက်သည်။ အညစ်အကြေးများနှင့် သစ်ရွက်ခြောက်များသည် သူ၏ အမွေးများနှင့် အနေရခက်စွာ ကပ်ငြိနေသည်။ သူသည် ရန်သူဘက်သို့ ကြည့်လိုက်သောအခါ သူ့ကို လုပ်သော သားရဲကို တွေ့လိုက်ရသည်။ အပြာရောင် ကြေးခွံများနှင့်

မိချောင်းကြီးရှိနေပြီး သူ၏ ပါးစပ်ထဲတွင် ရေများနှင့် ပြည့်နေသည်။

ဖလိန်မီသည် သူ၏ ဆုံးပါးသွားသော မိခင်မှာ မိချောင်းမြင်သည်နှင့် ပြန်ပြေးလာတတ်သည်ကို အမှတ်ရသွားသည်။

ကပ်ဆိုးကြီး အပြီးတွင် သူချစ်ခင်တန်ဖိုးထားရ သူများ ဆုံးရှုံးခဲ့ခြင်းကို မိချောင်းကြီး၏ ရာချီသော သွားများကို ကြည့်ရင်း အမှတ်ရလာကာ မနေ့တစ်နေ့က ဖြစ်ခဲ့သလို ပြန်မြင်ယောင်လာသည်။

စာစဉ် ၁၈

ဖလိန်မီ၏ မျက်လုံးထဲတွင် ဒေါသမီးလျှံများ ထနေတော့သည်။

...

သွေးနီစစ်မြင်းသည် ကျယ်ပြန့်သော ကွင်းပြင်ကြီးကို တည်ငြိမ်စွာပင် ကြည့်နေသည်။ ရုတ်တရက် သူသည် လန့်ဖြတ်သွားပြီး သွေးရူးသွေးတမ်းဖြစ်လာသည်။

သူသည် စူးရှစွာ မြည်ဟီလိုက်ပြီး ထိုအသံသည် ကွင်းပြင်တစ်ခုလုံး ပဲ့တင်ထပ်သွားသည်။

စာစဉ် ၁၈

ထိုအချိန်မှာပင် သူသည် မီးလုံးအသွင်ပြောင်းသွားကာ တောင်ပိုင်းကောင်းကင် ဌာနချုပ်ဆီသို့ အမြန်ဆုံး ပျံသန်းသွားသည်။

“ဥက္ကဌကြီး.. ကျွန်တော်တို့ ရှန်ရီဒေသ တိုးတက်ရေးကို ပြည်နယ်အစိုးရနဲ့ ချိတ်ဆက်ပြီး အသေးစိတ် အချက်တွေ ပြင်ထားပါတယ်.. လိုအပ်တာက..”

“ဟေး.. ဘာတွေဖြစ်နေတာလဲ.. တစ်ယောက်လောက် ဒီမြင်းကို တားကြပါဦး” အော်ဟစ်သံများ.. ဖန်ခွက်ကွဲသံများသည် အစည်းအဝေးခန်းထဲတွင် ဆူညံသွားသည်။

စာစဉ် ၁၈

ရှူဟာတ်ထီသည် အခန်းထဲမှ ထွက်လာပြီး သူ၏ ရွှေတံဆိပ်ဆုရ လက်ဖွေ့ချန်ပီယံ သားပိုက်ကောင်ကြီးက နောက်မှ ကပ်ပါလာသည်။

ကျီဟန့်ဝူသည် စိတ်ထဲထင့်ခနဲ ဖြစ်သွားသည်။

ခဏကြာသောအခါ ရှူဟာတ်ထီက အခန်းထဲ ဝင်လာပြီး ပြောလိုက်သည်။ “ဥက္ကဋ္ဌကျီ.. သူက ဟွမ်းယာရဲ့ သွေးနီစစ်မြင်းပါ”

စာစဉ် ၁၈

တောင်ပိုင်းကောင်းကင် အဖွဲ့အစည်းမှ တော်တော်များများသည် ဟွမ်းယာကို သိပ်မသိကြချေ။ ကျိဟန့်ဝူ၏ အကူအညီဖြင့်သာ ရှုဟတ်ထီသည် ဟွမ်းယာနှင့် သူ၏ သွေးနီစစ်မြင်းတို့ကို မကြာခဏ ထိတွေ့ဖူးခြင်း ဖြစ်သည်။

သူကဘာလာလုပ်တာလဲ.. ကျိဟန့်ဝူက တွေးလိုက်သည်။

“အစည်းအဝေးနားမယ်” သူက ကြေညာလိုက်သည်။ ထို့နောက် သူသည် အစည်းအဝေးခန်းထဲမှ ထွက်ကာ သွေးနီစစ်မြင်းကို တိုးညှင်းစွာ ညည်းညူလျက် မြေပြင်တွင် လဲနေသည်ကို တွေ့လိုက်ရသည်။

စာစဉ် ၁၈

ကျိုဟန့်ဝူသည် ဒိန်းခနဲ ဖြစ်သွားသည်။ "ဟွမ်းယာ တစ်ခုခု ဖြစ်လို့လား"

သွေးနီစစ်မြင်းသည် သူ့ကို နားလည်ပါ့မလား သေချာမသိချေ။ မြင်းသည် ညည်းညူနေရင်း သူ၏ ခေါင်းကို ဘယ်ညာယမ်းနေသည်။

ကျိုဟန့်ဝူသည် ဖုန်းကို ထုတ်ကာ ကောင်းဖန်ကို ခေါ်လိုက်သည်။ သို့သော် ကောင်းဖန်သည် ဆက်သွယ်မှုရေိယာ ပြင်ပသို့ ရောက်နေကြောင်းသာ ကြားနေရသည်။

ကျီဟန့်ဝူသည် ပိုမို၍ပင် စိတ်ပူလာသည်။

ထိုအချိန်တွင် ကောင်းဖန်ကလည်း ရန်သူများ၏ ကိုယ်ပိုင်သားရဲ ၈ ကောင်၏ ဝိုင်းထားခြင်းကို ခံနေရသည်။

တောထဲမှ မီးများသည်လည်း ငြိမ်းတော့မည် ဖြစ်သည်။ ထူးဆန်းသော မီးလုံးကလေးကသာ သစ်ရွက်ခြောက်များ ကြားထဲမှ ထွက်သွားသည်။

စာစဉ် ၁၈

မြေပြင်တွင် သတိလစ်မေ့မျောနေသော ဂိုဒီသည် ရုတ်တရက် ပြန်နိုးလာသည်။

နေရတာသည် အလွန်ပင် နွေးထွေးနေသည်။ နွေရာသီဖြစ်နေသလိုပင်။ ဂိုဒီကတွေးနေမိသည်။

သူသည် ကုန်းထလိုက်သောအခါ ကောင်းကင်သည် မည်းမှောင်နေသည်ကို တွေ့လိုက်ရသည်။

“အဲဒါဘာကြီးလဲ” ကောင်းဖန်၏ ရန်သူတစ်ယောက်က ပြောလိုက်သည်။ သူတို့သည် ပေ ၂၀ ရှိသော

စာစဉ် ၁၈

အမွေးမရှိသည့် ဘဲကြီး ပြာပုံများကြားထဲ လှဲလျောင်းနေသည်ကို သတိမထားမိခဲ့ချေ။

“ဂိုဒီရေ.. မင်းကို အမွေးမရှိလို့ဆိုပြီး ဝိုင်းလှောင်နေကြတာ” ကောင်းဖန်သည် သွေးစာချုပ်မှ တဆင့် ပြောလိုက်သည်။

ပတ်ဝန်းကျင်ကို ကျီးကြည့်ကြောင်ကြည့် ကြည့်နေသော ဂိုဒီသည် ချက်ချင်း ရပ်တန့်သွားကာ ကောင်းဖန်ကို မယုံသင်္ကာကြည့်လိုက်သည်။ သူ့ကို နောက်နေတာလားဆိုသည့် အကြည့်ဖြစ်သည်။ သို့သော် ကောင်းဖန်နှင့် အကြည့်ချင်းဆုံသွားသည့်

စာစဉ် ၁၈

အခါတွက်တော့ နောက်မှန်း မဟုတ်သည်ကို သိလိုက်သည်။

ဂိုဒီသည် ကောင်းဖန်နားတွင် ဝိုင်းထားသော လေ့ကျင့်သူ သုံးယောက်ကို စိုက်ကြည့်လိုက်သည်။ သူသည် ဒေါသထွက်နေပြီပင်။

ငါ့ကို လှောင်ရဲကြတယ်ပေါ့..

ဂိုဒီသည် အနီရောင်သော နွားသိုးတစ်ကောင်ကဲ့သို့ သူတို့ကြားသို့ တစ်ရှိန်ထိုး ပြေးသွားလိုက်သည်။ သူ၏

အနီးတွင် ရှိနေသော ရွှေရောင်ခြင်္သေ့ကလည်း ဟိန်းဟောက်လိုက်ကာ ပြေးလိုက်သွားသည်။

ဂိုဒီသည် သူ၏ သန်မာသော အတောင်ကြီးများဖြင့် ခြင်္သေ့ကြီးကို ဆွဲမြှောက်ပစ်ပေါက်လိုက်သည်မှာ ဘယ်လောက်မှပင် မလေးသလိုပင်။ ထို့နောက် အပြာရောင်ကြေးခွံများနှင့် မိချောင်းကိုလည်း ဂိုဒီ၏ ညာလက်ဖြင့် သွားများကို ချိုးပစ်လိုက်သည်။

ဂိုဒီသည် သူ၏နှာရိုးကို ကန်လိုက်ကာ လေထဲသို့ ပစ်မြှောက်လိုက်သည်။

"အရမ်းမလေးကြနဲ့" ဆံပင်ဖြူနှင့် လူငယ်က အော်လိုက်သည်။ "ငါတို့က တားဖို့ပဲ လုပ်ရမှာ"

သူတို့သည် ဂိုဒီကဲ့သို့ သားရဲများကို ရင်ဆိုင်ရလျှင် သူတို့ကို အချိန်ဆွဲပြီး ဟန့်တားထားဖို့သာ တိုင်ပင်ထားကြသည် ဖြစ်သည်။

ကျားအရေခွံလို အစင်းကျားများနှင့် အသားစားပင့်ကူကြီးသည် အရှေ့သို့တိုးလာကာ ပင့်ကူမျှင်များနှင့် ဂိုဒီကို ဖမ်းချုပ်ဖို့ ကြိုးစားလိုက်သည်။ သူ့ထံမှ ထွက်လာသော ပင့်ကူမျှင်များသည် အနီးတစ်ဝိုက်ရှိ သစ်ပင်များကို ဖုံးလွှမ်းသွားကာ ဂိုဒီ၏ ပတ်ပတ်လည်တွင် ဂန်းရုံထားလိုက်သည်။

## စာစဉ် ၁၈

ဂိုဒီသည် ရှေ့သို့တစ်လှမ်းတိုးရန် ကြိုးစားလိုက်သည်။ သို့သော် တင်းကျပ်သော ပင့်ကူမျှင်များကြောင့် နောက်သို့ ပြန်ရောက်သွားသည်။

သူသည် ထိုပင့်ကူမျှင်များထဲမှ ရုန်းထွက်လိုပါက တွယ်ချိတ်ထားသော အပင်များကိုပါ အမြစ်မှ ဆွဲနှုတ်ပစ်မှ ရတော့မည်ပင်။

***

စာစဉ် ၁၈

# *သားရဲလေ့ကျင့်သူ ။ အခန်း ၂၇၅ တောင်ဝိညာဉ် ဘုရင်*

“အဆုံးသတ်လိုက်ကြရအောင်” အလယ်မှ လူက ပြောလိုက်သည်။

အနီရောင်ဆံပင်နှင့် မိန်းကလေးက ခေါင်းညိတ်လိုက်သည်။ ထို့နောက် အလင်းဖောက်ဝင်ကာ မြင်နေရသော ရှိခိုးကောင်ကြီးသည် သူမနောက်မှနေ၍ ရှေ့သို့ရောက်လာသည်။ ထိုအကောင်ကြီးသည် လူတစ်ယောက် အရပ်ခန့်ရှိကာ ဖန်ပစ္စည်းတစ်ခုနှင့်ပင် တူနေသည်။

စာစဉ် ၁၈

[သားရဲအမည်] – ဖန်ရှိခိုးကောင်

[သားရဲအဆင့်] – အဆင့် ၂၈

[သားရဲစွမ်းအင်] – သာမာန်

[သားရဲအမျိုးအစား] – အလင်း

[သားရဲစွမ်းရည်] – အလင်းယိုင်ခြင်း အဆင့် ၁

[သားရဲပျော့ကွက်] – ၁။ အမှောင်အမျိုးအစား
တိုက်ကွက် ၂။ ရေဆိုးရေညစ် ၃။
အသက်အဖြတ်ကြမ်းသည့် ပုံစံမျိုး ပေါက်နေသော်လည်း
ဖိအားဒဏ်ကိုတော့ မခံနိုင်။

ဖန်ရှိခိုးကောင်သည် နေရောင်အောက်တွင်
လူးလွန့်နေကာ တဖြည်းဖြည်း ထွင်းဖောက်မြင်ရသော

အကြည်ရောင်သို့ ပြောင်းသွားသည်။ ဝိုးတိုးဝါးတား သဏ္ဍာန်ကြောင့်သာ ရှိနေမှန်းကို သိခြင်း ဖြစ်သည်။

ကောင်းဖန်သည် ဘေးဘက်သို့ မသိမသာ ရွှေ့လိုက်ကာ ဟွမ်းယာ အရှေ့တွင် နေရာယူလိုက်သည်။

ဝုန်း..

ကောင်းဖန်သည် ဖန်ရှိုးကောင်နှင့် ဆန့်ကျင်ဘက်သို့ လွင့်ထွက်သွားသည်။

စာစဉ် ၁၈

ဂိုဒီ၏ ကိုယ်ပေါ်တွင် ခရမ်းရောင်အလင်းတစ်ခု ပွင့်သွားသည်။ သူသည် ကောင်းဖန်တစ်ယောက် ရှိခိုးကောင် တိုက်ခိုက်တာကို ခံနေရသည်ကို မြင်သောအခါ သွေးပျက်သွားသည်။

သူ၏ ကြွက်သားများသည် ပိုမိုသန်မာလာပြီး သူ၏ သွေးကြောများသည် ရေပိုက်ကြီးများကဲ့သို့ ကြီးမားလာသည်။ သူရှေ့သို့လျှောက်လာသောအခါ မြေကြီးသည် သိမ့်သိမ့်တုန်သွားသည်။

ဂိုဒီဘေးတွင် ဝိုင်းထားသော သစ်ပင်များသည် ပင့်ကူမျှင်များကြားထဲမှပင် ညွတ်ကွေးကျလာသည်။ သို့သော် ဂိုဒီမည်မျှပင် ကြိုးစားပါစေ။ အဖြူရောင်

ပင့်ကူမျှင်များသည် ဂိုဒီကို တင်းကြပ်စွာ ပိတ်လှောင်ထားမြဲ ဖြစ်သည်။

ဂိုဒီ၏ ပုံစံသည် လံချားဆွဲနေသည့် ပုံစံကြီးလို ဖြစ်နေကာ အလွန်လေးလံသော အရာကြီးကို ဆွဲနေသကဲ့သို့ ကောင်းဖန်ထံ တစ်လှမ်းချင်း ပင်ပန်းကြီးစွာ လာနေသည်။

ဂိုဒီ၏ အောက်မှ မြေကြီးသည် အက်ကွဲစပြုလာသည်။ ဘေးနားမှ အပင်များသည်လည်း တဂျွတ်ဂျွတ် အသံများ ပြုလာကြသည်။

ဘဲကြီးသည် အလွန်ဒေါသထွက်နေပြီ ဖြစ်သည်။ ခရမ်းရောင် အလင်းတန်းသည် သူ၏ ကိုယ်လုံးကြီးတွင် ဖြတ်ပေးနေကာ ခြေတစ်လှမ်း လှမ်းလိုက်တိုင်း ခြေထောက်သည် မြေကြီးထဲသို့ နစ်ဝင်သွားသည်။

ကောင်းဖန်က ငါ့ကို အကုန်ပေးထားခဲ့တာ.. သူ့ကို ဆုံးရှုံးလို့မဖြစ်ဘူး.. သူက တွေးလိုက်သည်။

တဖြည်းဖြည်းနှင့် ကြွက်သားများသည် တိုးတိုးလာသည်။

## စာစဉ် ၁၈

ဘဲကြီး၏ ပုံစံကို တွေ့သော ကျားယုသည် အခြားသူများကို အော်ပြောလိုက်သည်။ “ဘဲကြီးနဲ့ သူ့သခင်ကို မတိုက်ခိုက်နဲ့.. သူတို့က နောက်မှ ရှင်းလို့ရတယ်.. သူ့ရဲ့ တခြားသားရဲတွေကို အရင်တိုက်ခိုက်ကြ”

ကျားယုသည် ဘဲကြီး၏ စွမ်းရည်မှာ မကျသွားခြင်းကို မယုံနိုင် ဖြစ်နေသည်။ သူ့မှာ ပျော့ကွက်တော့ ရှိမှာပဲ။ အချိန်အကန့်အသတ်တော့ရှိရမယ် ဟုတွေးတောနေသည်။

ပင့်ကူမျှင်များ ပြတ်သံကြားလိုက်ရသည်။

စာစဉ် ၁၈

ဂိုဒီသည် မြေကြီးထဲသို့ ပို၍ပင် နစ်ဝင်လာပြီး ကြီးမားသော မြေကျောက်ကြီးများသည် လွင့်၍ ထွက်လာသည်။ အပင်များသည် အမြစ်မှ ကျွတ်ထွက်လာပြီး မြေပေါ်တွင် လဲပြိုကုန်သည်။

ဘဲကြီးသည် အော်ဟစ်မြည်ကြွေးလိုက်ပြီး ရန်သူများထံ တစ်ဟုန်ထိုးပြေးသွားသည်။

သူ၏ လက်ရှိအရွယ်အစားနှင့်ဆိုလျှင် ခြေတစ်လှမ်း လှမ်းလိုက်ပါက ၁၆ ပေခန့်ပင် အကျယ် ရှိလေသည်။ သူသည် ဖန်ရှိခိုးကောင်ထံသို့ ခဏာတွင်းချင်း ရောက်သွားသည်။

စာစဉ် ၁၈

ဘဲကြီးသည် ကြီးမားသော လက်သီးတစ်ချက်
ပစ်ကျွေးလိုက်ပြီး ဖန်ရှိုးကောင်သည်
အစိတ်စိတ်အမြွှာမြွှာဖြစ်သွားသည်။

အနီရောင်ဆံပင်နှင့် မိန်းကလေး၏ မျက်နှာသည်
ဖြူဖျော့သွားပြီး မြေကြီးသည်
သိမ့်သိမ့်တုန်နေသောကြောင့် သူမ၏ ဒူးများသည်ပင်
ညွှတ်ကျလုမတတ် ဖြစ်သွားသည်။

ဂိုဒီသည် သူ၏ ကြီးမားသော တောင်ပံကြီးကို
မြှောက်ကာ ရန်သူများထံ ဦးတည်လိုက်သည်။

ဖန်အပိုင်းအစများနှင့် စေးကပ်သော အရည်များသည် သူ၏ တောင်ပံဆီမှ ပြုတ်ကျနေသည်။

သူသည် ဆံပင်နီ မိန်းကလေးနှင့် အခြား နှစ်ယောက်ကို ရင်ဆိုင်ဖို့ ခြေဦးလှည့်လိုက်သည်။ သူ၏ မျက်နှာသည် ခံစားချက် ကင်းမဲ့သလို ဖြစ်နေသည်။

သူတို့မျက်လုံးထဲတွင် ဘဲတစ်ကောက်သည် ကြောက်စရာ မကောင်းဆိုးဝါးကြီး ဖြစ်နေပြီပင်။ သူတို့နှလုံးများသည် ရင်ဘတ်ဆီမှ ခုန်ထွက်တော့မလို ဖြစ်နေသည်။ ငါတို့ သူ့ကို နိုင်ပါ့မလား..

ကောင်းဖန်သည် သူ၏ ဗိုက်ကို ဖိနှိပ်လိုက်သည်။ ကိုယ်ပိုင်သားရဲများသည် သခင်၏ ထိခိုက်မှုများကို စုပ်ယူပေးနိုင်သော်လည်း နာကျင်မှုကိုတော့ ခံစားရလေသည်။

ရန်သူများသည် ဂိုဒီကို အထင်သေးခဲ့ပြီး ပင့်ကူမကြီးကိုသာ တိုက်ခိုက်နေခဲ့ရာ ယခုတြော ဂိုဒီက အဓိက ဝှက်ဖဲလို ဖြစ်နေသည်။

ကောင်းဖန်သည် ဖလိန်မီကို မီးတောက်များထပ်ဖြစ်အောင် အမိန့်ပေးလိုက်ပြီး ဂိုဒီ၏

စွမ်းရည်နောက်တစ်ခုကို ထပ်ပေါ်ထွက်လာအောင် ကြိုးစားနေသည်။

မြေကြီးသည် သိမ့်သိမ့်တုန်သွားသည်။ အဝေးမှ ကြွနေရသော အသံကျယ်ကြီးများသည် တဖြည်းဖြည်း နီးလာသည်။

ကျားယုသည် မျက်မှောင်ကြုတ်လိုက်သည်။

သူသည် သူ၏ အစီအစဉ်များကို မည်သူ့ကြောင့်မှ အပျက်ခံမည် မဟုတ်ပေ။ အရာအားလုံး စီစဉ်ထားသည့်အတိုင်း ဖြစ်မည်ဆိုပါက သူတို့က

အလွန်စွမ်းအားကြီးသော တောင်ဝိညာဉ်ဘုရင်ကို မွေးထုတ်နိုင်မည် ဖြစ်သည်။ ထိုဘုရင်သည် တောင်တန်းများ၏ စစ်မှန်သော ဘုရင် ဖြစ်လာပေမည်။

သူတို့၏ အကြံအစည်များသည် အောင်မြင်လုနီးပါး ဖြစ်နေပြီပင်။ တောထဲရှိ သားရဲများအားလုံးသည်လည်း အာရုံခံစားမိနေကြပြီ ဖြစ်သည်။ တောင်ဝိညာဉ်များသည်ပင် သွေးရူးသွေးတမ်း ဖြစ်နေကြသည်။

ယခုအချိန်တွင်တော့ တောင်ဝိညာဉ်များသည်သာ သူတို့ဗီဇအရ တုံ့ပြန်နေကြခြင်း ဖြစ်သည်။ သူတို့သည် အုတ်အော်သောင်းနင်း ဖြစ်နေကြသည်။

စာစဉ် ၁၈

“ဒီနှစ်ကောင်ကို ဒီလောက် သန်မာမှန်း မသိခဲ့ဘူး” ကျားယုသည် အောက်သို့ ငုံ့ကြည့်ရင်း ပြောလိုက်သည်။ သူသည် အစက ကောင်းဖန်တွင် နတ်ဘုရားအဆင့် ကိုယ်ပိုင်သားရဲ တစ်ကောင်သာ ရှိသောကြောင့် ကောင်းဖန်နှင့် ဟွမ်းယာတို့ကို ကိုယ်ပိုင်သားရဲ ရှစ်ကောင်နှင့်အတူ အနိုင်ယူနိုင်လိမ့်မည်ဟု ထင်ခဲ့သည်။ သူတို့သည် အခြားကွန်မန်ဒါအဆင့် သားရဲများကိုတော့ အလွယ်တကူ ကိုင်တွယ်နိုင်လိမ့်မည်ဟု ထင်ခဲ့သည်ပင်။

ကျားယုသည် အခြားသူများကို အော်ပြောလိုက်သည်။ “သူတို့ကို အချိန်ဆွဲထားကြ.. တောင်ဝိညဉ်ဘုရင်

စာစဉ် ၁၈

ထွက်လာတာနဲ့ ဒီကောင်တွေရော သူတို့သားရဲတွေပါ အကုန်မြေမြှုပ်ပြီးသား ဖြစ်သွားမှာ”

...

ကျီဟန့်ဝူသည် သူ့မြေးဒုက္ခရောက်နေပြီကို သေချာသွားပြီ ဖြစ်သည်။ သို့သော် ကောင်းဖန် မည်သည့်နေရာတွင် ရှိနေကြောင်းကိုတော့ မသိနေပါချေ။

သွေးစာချုပ်သည် သားရဲနှင့် လေ့ကျင့်သူကြား၌ သတ်မှတ်ထားသော အကွာအဝေးအတွင်းတွင်သာ

ဆက်သွယ်နိုင်ခြင်းဖြစ်ပြီး အခြားသော မည်သူမျှဝင်ရောက် ချိတ်ဆက်၍ မရပေ။

ကျီဟာန့်ဝူသည် အလျင်အမြန်ပင် ဖုန်းဆက်သွယ်မှုများ လုပ်လိုက်ပြီးနောက် ကောင်းဖန်သည် မြောက်ပိုင်းထွက်ပေါက်မှနေ၍ ထွက်သွားကြောင်းကို သိလိုက်ရသည်။ သူသည် တံ့ဆိုင်းမနေပဲ သူ၏ နဂါးဖြူကြီးနှင့်အတူ ယို့ကျိုးမှ ထွက်လာလိုက်သည်။

…

## စာစဉ် ၁၈

ကိုယ်ပိုင်သားရဲ ၇ ကောင်သည် စိတ်ချရသော အကွာအဝေးမှနေ၍ ဂိုဒီကို စောင့်ကြည့်နေကြသည်မှာ အတန်ငယ် ကြာနေပြီဖြစ်သည်။

ကောင်းဖန်သည် ဒန်ဘီကို ကူညီပေးဖို့ ဂိုဒီကိုလည်း မသွားခိုင်းရဲချေ။ အစင်းလေးတစ်ကောင်တည်းကလည်း သားရဲ ၇ ကောင်ကို နိုင်မည် မဟုတ်ပေ။ အကယ်၍ သူကိုယ်တိုင်ကပင် ဤတိုက်ပွဲတွင် အသက်ရှင်နိုင်လျှင်တောင် ဟွမ်းယာအတွက်ကတော့ မသေချာချေ။

ကောင်းဖန်သည် သူတို့ကို တားနေကြသည့် အဖြစ်ကို စိတ်မပူပါပေ။ သူ၏ အဖိုးသည် သူ့ထံသို့ စစ်ကူဖြင့်

ရောက်လာမည်ကို သေချာပေါက်သိနေလေသည်။ ကျီဟန့်ဝူသာရောက်လာပါက အခြေအနေများသည် ပြောင်းပြန် ဖြစ်သွားမည်ပင်။

ထိုအချိန်တွင် လေသည် ရုတ်တရက် အလွန်ပူလာသည်။ ကောင်းဖန်သည် အရှေ့ဘက်ကို ကြည့်လိုက်ရာ ချော်ရည်ကဲ့သို့ အရည်များသည် အဝေးတောင်တန်းတစ်ခုဆီမှ ထွက်လာသည်ကို တွေ့လိုက်ရသည်။ ထိုအရည်နှင့် ထိသောအရာများသည် ချက်ချင်းပင် အရည်ပျော်သွားသည်။

စာစဉ် ၁၈

တောင်ဝိညာဉ်ဘုရင်၏ အောက်ခြေတွင် ကြီးမားသော ကွက်လပ်ကြီး ရှိနေသည်။ မီးခိုးများသည် ထိုနေရာမှ တလူလူ ထွက်ပေါ်နေသည်။

[သားရဲအမည်] – တောင်ဝိညာဉ်ဘုရင် (ဖွံ့ဖြိုးဆဲ]

[သားရဲအဆင့်] – အဆင့် ၅၈.၅ ခန့်

[သားရဲအမျိုးအစား] – မြေကြီး

[သားရဲစွမ်းအင်] – ပြီးပြည့်စုံ

[ဖော်ပြချက်] – တောင်ဝိညာဉ်အုပ်စုတစ်ခုလုံးသည် တစ်စုတစ်စည်းတည်း ပေါင်းစပ်လိုက်ကာ တစ်ခုတည်းသော အရာအဖြစ် ဖွဲ့စည်းပြီး အဆင့်မြှင့်လိုက်ခြင်း။

“ဟားဟား.. တောင်ဝိဥာဉ်အဆင့်မြှင့်မှုကို ဘယ်သူမှ တားဆီး ရပ်တန့်လို့ မရတော့ဘူး.. နိမ့်ကျတဲ့ လူသားတွေ.. မင်းတို့တွေ လောကကြီးမှာ စွမ်းအားအကြီးဆုံး တောင်ဝိဥာဉ် ဘုရင် ပေါ်ပေါက်လာမှုကို မျက်ဝါးထင်ထင် မြင်ရတော့မယ်.. ဖြစ်စဥ်အစအဆုံးပြီးသွားတာနဲ့ ကမ္ဘာကြီးကို သိမ်းပိုက်ဖို့ ငါတို့ရဲ့ အစီအစဥ်တွေကို တရားဝင်စတင်တော့မှာ.. မင်းတို့ရဲ့ တန်ဖိုးရှိတဲ့ ယွီကျိုးမြို့ကို အရင်ဆုံး မြည်းစမ်းကြည့်ရသေးတာပေါ့” ကျားယုက ပျော်ရွှင်စွာ ပြောလိုက်သည်။

## စာစဉ် ၁၈

အမည်းရောင် တောင်ဝိဉာဉ်ဘုရင်ကြီးသည် အလွန်ပင် ကြီးမားလှသည်။

ပုံမှန်တောင်ဝိဉာဉ်သည်ပင် ပုံမှန်အားဖြင့် ပေတစ်ထောင်လောက် မြင့်လေရာ ယခု တောင်ဝိဉာဉ်ဘုရင်သည် ပေ ၃ ထောင် အနည်းဆုံးပင် ရှိပေမည်။

“တောင်ဝိဉာဉ်ဘုရင်.. ဒီနှစ်ယောက်ကို ဖမ်းပါ” ကျားယုက အော်ပြောလိုက်သည်။

အမည်းရောင် တောင်ကြီးသည် တုန်ခါသွားသည်။

စာစဉ် ၁၈

ထိုအချိန်တွင် ကြီးမားသော အမည်းရောင် နံ့ရုံကြီး သုံးခုသည် ကောင်းဖန်နှင့် ဟွမ်းယာတို့ကို ဝိုင်းလျက် ထွက်ပေါ်လာသည်။ နံ့ရုံများသည် အမည်းရောင် အလင်းများ ထွက်ပေါ်နေပြီး အမိုးကြီးသဖွယ် ဖြစ်သွားသည်ထိ တဖြည်းဖြည်း မြင့်တက်လာသည်။

နံ့ရုံများသည် တောင်ဝိညာဉ်ဘုရင်၏ အောက်ခြေနားထိကို မြင့်တက်သွားသည်။

ကောင်းဖန်၏ ပတ်ဝန်းကျင်သည် မှောင်မိုက်သွားသည်။ သူမြင်နေရသည့် တစ်ခုတည်းသော အလင်းရောင်မှာ တောင်ဝိညာဉ်ဘုရင်က မှုတ်ထုတ်လိုက်သည့် အနီရောင် အငွေ့များကိုသာ ဖြစ်သည်။

စာစဉ် ၁၈

ကောင်းဖန်နှင့် ဟွမ်းယာတို့သည် ပုလင်းတစ်ခုထဲတွင် ပိတ်နေသလို ဖြစ်နေသည်။ သူတို့၏ တစ်ခုတည်းသော ထွက်ပေါက်မှာ တောင်ဝိညာဉ်ဘုရင်၏ ပါးစပ်မှတစ်ဆင့်သာ ရှိတော့သည်။

အပူလှိုင်းများသည် တောင်ဝိညာဉ်ဘုရင်၏ ပါးစပ်မှ ထွက်ပေါ်လာနေသည်။ အနီရောင်လေပူများ ထွက်လာနေသလိုပင်။

## စာစဉ် ၁၈

"နေပါဦး.. ဘာလုပ်တာလဲ" ကျားယုက အံ့သြတကြီး အော်လိုက်သည်။ တောင်ဝိဉာဉ် ဘုရင်သည် သူ့ကိုပါ နံရံထဲ ပိတ်ထားမိနေသည်။

တောင်ဝိဉာဉ်ဘုရင်က သူတို့နားသို့ တိုးကပ်လာသောအခါ လေသည် ပို၍ပင် ပူလာသည်။

***

## *သားရဲလေ့ကျင့်သူ ။ အခန်း ၂၇၆ ကြိုး၏အဆုံး*

ရုတ်တရက်ဖြစ်ပေါ်လာသော အပူလှိုင်းကြောင့်
လေထုသည် အလွန်ခြောက်သွေ့သွားသည်။

ကောင်းဖန်သည်ပင် လျှာဖြင့် နှုတ်ခမ်းသပ်မိလိုက်သည်။

တိုက်ခိုက်မှုများသည်လည်း
ရုတ်တရက်ငြိမ်ကျသွားသည်။ သူတို့တွင် ဘုံရန်သူ
ရှိသွားသကဲ့သို့ အချင်းချင်း မတိုက်ခိုက်ကြတော့ပေ။
သို့သော် အခြေအနေသည် သူတို့အတွက် အလွန်ပင်
အန္တရာယ်များနေသည်။

စာစဉ် ၁၈

တောင်ဝိဉာဉ်သည် အဆင့်မြှင့်တင်မှု
မပြီးသေးသောကြောင့် သူ့တွင် မည်သို့သော
စွမ်းအင်များ ရှိနေသည်ကို မသိနိုင်ချေ။ သို့သော်..

သူ့ခြေအောက်မှ ရေများသည် အလွန်ပင်
အငွေ့ပျံလာသည်။ အစက ကံကောင်း၍ ကျန်နေခဲ့သော
ပတ်ပတ်လည်မှ အပင်များသည်ပင် ချက်ချင်း
သေကြေပျက်စီးသွားသည်။

အစင်းလေးသည်ပင် ထိုအဖြစ်အပျက်များကို မျက်တောင်မခတ်တမ်း ကြည့်နေမိပြီး တဖြည်းဖြည်း နီးကပ်လာသည်။

ပြင်းထန်သော ဆာလဖာနံ့သည် လေထုထဲတွင် ပျံ့နှံ့သွားသည်။

အစင်းလေးသည် အလွန်ပင် စိတ်လှုပ်ရှား ထိတ်လန့်နေမိသည်။

နံရံဘေးတွင် တိတ်ဆိတ်စွာ ရှာဖွေလေ့လာနေသော မိုးကြိုးမျောက်ကြီးသည် ချက်ချင်းလှုပ်ရှားလိုက်သည်။

စာစဉ် ၁၈

သူသည် ခရမ်းရောင် မိုးကြိုးကြီးနှင့်အတူ

ကျောက်နံရံကြီးကို ဖြိုခွဲလိုက်သည်။

တုတ်တုတ်ပင် မလှုပ်သွားချေ။

ကြီးမားသော ကျောက်တုံးအချို့ကသာ အပေါ်ဘက်ဆီမှ

လွတ်ထွက်ပြုတ်ကျလာသည်။

ဘယ်လောက်တောင် မာကျောလိုက်ပါသနည်း။

ကွန်မန်ဒါအဆင့် သားရဲပင် ငိုကြွေးနေရသည်။

နတ်ဘုရားအဆင့်သားရဲသည်လည်း

ထိုးဖောက်နိုင်ပါ့မလား။

စာစဉ် ၁၈

ထိုအရာကို တွေ့လိုက်သောကြောင့် ကောင်းဖန်သည် နံရံကို ဖောက်ထွက်မည့် အစီအစဉ်ကို လက်လျှော့လိုက်ရသည်။

တောင်ဝိဉာဉ်ဘုရင်သည် အရူးတော့ မဟုတ်ချေ။ သူသည် သူ၏ သားကောင်များကို သူ၏ နှာခေါင်းအောက်မှနေ၍ အလွတ်ပေးလိမ့်မည် မဟုတ်ချေ။ သူတို့သည် ထိုကျောက်နံရံကိုလည်း ဖြိုခွင်းနိုင်မည် မဟုတ်ပေ။

ကျောက်နံရံဂူကြီးသည် တဖြည်းဖြည်း နီးကပ်လာပြီး ကျောက်တုံး ကျောက်ခဲများ ဖုန်မှုန့်များ ရွှံ့များ အားလုံးသည် တောင်ဝိဉာဉ်ဘုရင်၏ ဝါးမြိုခြင်းကို ခံလိုက်ရသည်။ ကျောက်နံရံဂူကြီးသည် အနီရောင် အပူလှိုင်းများကြားတွင် ဝါးမြိုခံနေရသည်။

ကောင်းဖန်၏ နောက်တွင် ဖလိန်မီသည် ဂိုဒီကို ဒေါသတကြီး ထိုးဆိတ်နေသည်။

ဂိုဒီ၏ ခရမ်းရောင်အလင်းတန်းများသည် ပိုမိုထွက်ပေါ်လာကာ သူ၏ ကိုယ်ကြီးသည်လည်း ကြီးသထက် ကြီးလာသည်။

ဖလိန်မီကတော့ အတိုက်ခိုက်ခံရပြီးနောက်တွင် ပိုမိုကြီးမား လာခြင်း မရှိတော့ပေ။

ဖလိန်မီသည် နံရံကြီးကို အားပြင်းစွာဖြင့် ထိုးလိုက်ပြန်သည်။

ထိုးလိုက်သည့်အချက်တိုင်းတွင် ပေါက်ထွက်သွားမည်ဟု ထင်ရသော်လည်း အနက်ရောင် နံရံကြီးသည် ခြစ်ရာပင် မထင်ပါချေ။

စာစဉ် ၁၈

သူတို့သည် အပေါ်ဘက်နှင့် တဖြည်းဖြည်း နီးကပ်လာပြီ ဖြစ်သည်။ အပူလှိုင်းများသည် နတ်ဆိုးများကဲ့သို့ လှိုင်းများထနေသည်။

သစ်သားဒေါင်းသည်လည်း အာရုံခံစားရတာ မကောင်းတော့ပေ။ သူ၏ ခေါင်းမှ အမျှင်သည် အပင်ကြီး တစ်ပင်အဖြစ် ပြောင်းသွားကာ အပူဒဏ်ကို ခံနိုင်ရည်ရှိအောင် လုပ်ပါသော်လည်း အချည်းနှီးဖြစ်နေသည်။ အပင်ကြီးသည် ထက်ပိုင်းကျိုး ပျက်စီးသွားပြီး သစ်သားဒေါင်းကြီးသည် ဖမ်းနည်းပက်လက် မြည်ကြွေးလိုက်သည်။ သူသည် ယခင်က တိုက်ပွဲဝင်ခဲ့သော ခမ်းနားထည်ဝါသည့် ပုံစံပင် ပျောက်ဆုံးနေလေသည်။

စာစဉ် ၁၈

မိုးကြိုးမျောက်ကြီးသည်လည်း နံရံကြီးဆီသို့ အမျိုးမျိုးသော နည်းလမ်းများဖြင့် တိုက်ခိုက်ဖောက်ခွင်းနေသည်။ တောင်ဝိဉာဉ်ဘုရင်ကြီးနှင့် နီးလာလေလေ သူ၏ တိုက်ခိုက်မှုများ မြန်ဆန်လာလေသည်။

အစင်းလေးသည် မျက်လုံးများကို မှိတ်ချလိုက်ကာ မြေပြင်တွင် ငြိမ်သက်စွာ လှဲချလိုက်သည်။ သူ၏ အမည်းရောင် အခွံကြီးသည် အနီရောင် အလင်းများ ထွက်ပေါ်နေသည်။

စာစဉ် ၁၈

ဟွမ်းယာသည် ထိတ်လန့်လာပြီ ဖြစ်သည်။ ဥက္ကဌကျီ ဘာလို့ မရောက်လာသေးတာလဲ…

ပို၍ကြာလာလျှင် ဥက္ကဌကျီသည် သူတို့၏ အလောင်း သို့မဟုတ် ပြာမှုန့်များကိုသာ လာကောက်ရတော့မည်။

“သခင်လေးကောင်း.. ပြန်ထွက်ဖို့ ကြိုးစားကြည့်ရအောင်.. အခွင့်အရေး ရှိနိုင်ပါသေးတယ်” ဟွမ်းယာသည် တတွတ်တွတ် ပြောဆိုနေသည်။

စာစဉ် ၁၈

အစင်းလေးသည် ကောင်းဖန်နှင့် ဟွမ်းယာတို့ကို တစ်ခုခု ပြောချင်နေပုံဖြင့် မော့ကြည့်လိုက်သည်။ ထို့နောက် သူ့ခေါင်းကို နှိမ့်ချလိုက်သည်။

လှိုဏ်ဂူအတွင်းထဲတွင်တော့ ကျားယုနှင့် အခြားသူများ ရပ်နေကြသည်။ သူတို့နှစ်ယောက် လျှောက်လာသည်ကို မြင်သောအခါ ကျားယု၏ လူများသည် သတိအနေအထား ဖြစ်သွားကြသော်လည်း ကျားယုက လက်ကာပြလိုက်သည်။ "သတိနဲ့သာနေကြ"

ထို့နောက် ကောင်းဖန်တို့ ဘက်သို့ လှည့်လိုက်ကာ မန်ဒရင်း ဘာသာစကားဖြင့် ကျွမ်းကျင်စွာ ပြောလိုက်သည်။ "အားလုံးအတူ ကြိုးစားမှဖြစ်မယ်..

စာစဉ် ၁၈

ကိုယ်ပိုင်သားရဲတွေကို တစ်ပြိုင်တည်း
တိုက်ခိုက်ခိုင်းမယ်ဆိုရင် အခွင့်အရေး ရှိနိုင်တယ်”

သေဘေးနီးလာသောကြောင့် ကျားယုသည်
ပူးပေါင်းမည့် လမ်းစဉ်ကို ရွေးချယ်လိုက်သည်။
သူတို့အားလုံး သေရတော့မည်ဆိုပါက ကောင်းဖန်ကို
တိုက်ခိုက်လျှင်လည်း အကျိုးရှိမည် မဟုတ်ပေ။

“အချိန်ဆွဲဖို့လိုတယ်” ကျားယုက ပြောလိုက်သည်။

“ဟုတ်တယ်.. ဒါပေမယ့် ဘယ်လို အချိန်ဆွဲမလဲ” ယခုလို
ဖြစ်ရခြင်းသည် သူ့အပြစ်သောကြောင့် သူမသည်

စာစဉ် ၁၈

အကောင်းဆုံး အကြံကို ထုတ်ရမည် ဖြစ်သည်။ သို့သော် သူမသည် ရန်သူပင် ဖြစ်နေသေးသည်။

သူတို့သည်လက်ရှိ အခြေအနေတွင်တော့ ပူးပေါင်းကြသော်လည်း ပြီးလျှင်တော့ ပြန်လည်တိုက်ခိုက်ကြဦးမည်ပင်။

“စတေးရမယ်” သူမက ပြောလိုက်သည်။

“စတေးရမယ်” ကောင်းဖန်က သူ့ကို မသင်္ကာစွာ ကြည့်လိုက်သည်။ သူမ ချောက်ချချင်နေတာလား။

စာစဉ် ၁၈

“တောင်ဝိဉာဉ်ဘုရင်က အခုအဆင့်မြှင့်နေတာ.. သူ့အတွက် စွမ်းအင် အရင်းအမြစ်တွေလိုတယ်.. အဲဒါကြောင့် ငါတို့ကို ဒီလို လုပ်နေတာ.. ငါတို့က သူ့ရဲ့အစာ ဖြစ်နေတာ”

“ဒါဆို ဘာကို စတေးကြမလဲ” ကောင်းဖန်က ခဏာရပ်လိုက်ကာ သူ့ကို စိုက်ကြည့်လိုက်သည်။

“အေးဆေးပေါ့.. အခုလည်း အချင်းချင်းတိုက်ခိုက်ဖို့ စိတ်ကူးမရှိပါဘူး”

စာစဉ် ၁၈

“ဒီလိုဆိုရင်ရော.. ငါတို့ရဲ့ ကိုယ်ပိုင်သားရဲတွေကို စတေးလိုက်ပြီး အချိန်ဆွဲလိုက်မယ်လေ ဘယ်လိုလဲ”

“သဘောမတူဘူး”

သူသည် ထိုသို့ လုပ်မည့်အစား သေပင် အသေခံလိုက်မည် ဖြစ်သည်။

ကျားယုက ပြုံးလိုက်သည်။ “ငါ့ရဲ့ရိုးသားမှုကို ပြတဲ့အနေနဲ့ အရင်သွားပေးပါမယ်” ကိုယ်ပိုင်သားရဲသည် သူ့နောက်မှ လိုက်လာပြီး ညာဘက်ခြမ်းကို တိုက်ခိုက်လိုက်သည်။

စာစဉ် ၁၈

ထိုသို့ လုပ်လိုက်စဉ်တွင် တောင်ဝိဉာဉ်ဘုရင်သည် အနည်းငယ် နေ့သွားသည်။

“ငါသက်သေပြပြီးပြီ” ကျားယုက ကောင်းဖန်ကို စိုက်ကြည့်လိုက်သည်။

“စိတ်မကောင်းပါဘူး.. သူတို့က ငါ့ရဲ့ မိတ်ဆွေတွေပါ.. ငါအသက်နည်းနည်း ပိုရှည်ဖို့အတွက်နဲ့တော့ သူတို့ကို မစတေးနိုင်ဘူး” ကောင်းဖန်သည် သူ့ကို ကျောခိုင်းလိုက်သည်။

ရုတ်တရက် အမည်းရောင် အရိပ်တစ်ခုသည် မြူခိုးကြားမှ ထွက်လာကာ ဘယ်သူမှ

စာစဉ် ၁၈

မတားလိုက်နိုင်ခင်မှာပင် ဂူကို ကျည်ဆန်တစ်တောင့်လို ဝင်တိုက်လိုက်သည်။

“အစင်းလေး.. ဘာလုပ်တာလဲ” ကောင်းဖန်သည် ထိုအရိပ်ပိုင်ရှင်ကို သိလိုက်သောအခါ ဒေါသထွက်သွားသည်။

“ကောင်းဖန်.. ဒီကောင်ကြီးကို ခဏလောက် တားခွင့်ပြုပါ.. ပြန်လာခဲ့ပါမယ်”

စာစဉ် ၁၈

အမည်းရောင်မြူခိုးများသည် အစင်းလေးကို ဝါးမြိုလိုက်ပြီး သူသည် တဖြည်းဖြည်း ပျောက်ကွယ်သွားသည်။

ခေါင်းနီမိန်းကလေးသည် အမြင်ကတ်သော အသံဖြင့် ပြောလိုက်သည်။ "ရှင်တို့ ဟွာရှားတွေက တစ်ခုခုပဲ.. ဒီဂဏန်းကို စတေးဖို့ ဆုံးဖြတ်ထားပြီးတော့များ ဂရုစိုက်ချင်ယောင် ဆောင်နေသေးတယ်"

သူသည် တုန်ယင်စွာဖြင့် သူမဘက်သို့ သွေးလို ရဲနေသော မျက်လုံးများဖြင့် ကြည့်ကာ ပြောလိုက်သည်။ "ဂဏန်းမဟုတ်ဘူး ပင့်ကူပါ"

စာစဉ် ၁၈

“ဂဏန်းဖြစ်ဖြစ် ပင့်ကူဖြစ်ဖြစ် စိတ်မဝင်စားဘူး”

ထိုအချိန်တွင် ကောင်းဖန်ဆီမှ အလင်းကြိုးများသည် မိန်းကလေးကို တွယ်ချိတ်လို ချိတ်လိုက်သည်။

မိန်းကလေးသည် ရုပ်သေးရုပ်လို လဲကျသွားပြီးနောက် ထိုကြိုးများသည် ပြန်ရုတ်သိမ်းသွားသည်။ သူမ၏ ညာဘက်ပါးသည်  ပန်းသီးတစ်လုံးအရွယ်ခန့် ဖူးယောင်သွားပြီး ခရမ်းသီး ပုပ်ကြီးလို ဖြစ်သွားသည်။ မျက်နှာတွင်လည်း သွေးအနည်းငယ် စီးကျသွားသည်။

စာစဉ် ၁၈

"မင်းပါးစပ်က နောက်စကားတစ်ခွန်း ထပ်ထွက်လာရင် သတ်ပစ်မယ်" သူ၏ အသံသည် အေးစက်လွန်းလှသည်။

ထို့နောက်သူသည် ဂူအပေါက်ဝနားသို့ ကြည့်လိုက်သည်။ တိမ်လိုမီးခိုးများ သိပ်သည်းနေတုန်းပင်။

ကောင်းဖန် သိသော တစ်ခုတည်းသော အချက်သည် အစင်းလေး အသက်ရှင်နေသေးသည်ဆိုသော အချက်ပင်ဖြစ်သည်။ သူသည် အစင်းလေး၏ သန်မာပြီး တည်ငြိမ်သော နှလုံးခုန်သံကို သွေးစာချုပ်မှ တဆင့် ခံစားမိနေရသေးသည်။

# စာစဉ် ၁၈

***

စာစဉ် ၁၈

## *သားရဲလေ့ကျင့်သူ ။ အခန်း ၂၇၇ ကျဆုံးခြင်း*

အသက်ကို ပြင်းပြင်းရှုလိုက်ကာ သူသည် စိတ်ဆုံးဖြတ်လိုက်သည်။

“ဂိုဒီ.. သွားရအောင်”

“ဟမ်” ဂိုဒီသည် ခေါင်းထောင်သွားကာ ကောင်းဖန်ကို ကြည့်လိုက်သည်။ ထို့နောက် သူသည် တိတ်ဆိတ်စွာဖြင့် ကောင်းဖန်နောက်မှ တက်သွားလိုက်သည်။

သူတို့ ထိပ်နားရောက်လေ သူတို့အောက်မှ မြေကြီးသည် ခြောက်သွေ့လာလေ ဖြစ်သည်။ တချို့နေရာများတွင် ခြောက်သွေ့လွန်းပြီး ရွှံ့မာများပင် ဖြစ်နေသည်။

ထိုအခြေအနေတွင် ပုံမှန်လူသာဆိုပါက အရှင်လတ်လတ် အကင်ခံလိုက်ရမည်ဖြစ်သည်။ သို့သော် ကောင်းဖန်ခံစားနေရသော အပူသည် ဂိုဒီထံသို့ ကူးပြောင်းသွားသောကြောင့် သူသည် ထိခိုက်မှုမရှိသော်လည်း ဂိုဒီကတော့ အပူချိန်ကို နှစ်ဆခံစားနေရလေသည်။

တစ်လောကလုံးကိုပင် သိမ့်သိမ့်တုန်သွားသော နဂါးအော်သံကြီးသည် ကျောက်နံရံမှ ထွက်ပေါ်လာကာ

ထိုနေရာတစ်ဝိုက်တွင် ပွဲတင်ထပ်သွားသည်။ နံရံကြီးသည် သိမ့်သိမ့်တုန်သွားကာ ပေါက်ကွဲသံများ အဆက်မပြတ် ထွက်ပေါ်လာသည်။

နံရံ၏ အကြီးဆုံး အပိုင်းအစကြီးတစ်ခု ပွဲထွက်သွားသည်။ အလင်းရောင်များသည် အက်ကွဲရာများမှ တဆင့် ဝင်ရောက်လာသည်။

ထိုအလင်းရောင်မှ တဆင့် ကောင်းဖန်သည် အမည်းရောင် အဝတ်စများနှင့် ပတ်ထားသည့် ကြီးမားသော နဂါးလက်သည်းကြီးကို မြင်လိုက်ရသည်။

စာစဉ် ၁၈

ခဏာတွင်းချင်းမှာပင် လက်သည်ကြီးများသည် ကျောက်နံရံများကို စက္ကူစကို ဆုတ်ဖြဲလိုက်သည့်အလား ဖျက်ဆီးလိုက်သည်။

"အစင်းလေး ထွက်ခဲ့တော့" ကောင်းဖန်သည် သွေးစာချုပ်မှ တဆင့် ခြောက်ခြားစွာ အော်လိုက်သည်။

တိတ်ဆိတ်နေသည်။

ထို့နောက် တိုးညှင်းသော အသံလေးထွက်လာသည်။
"အရမ်းနာတယ်..."

ပိုမိုတိတ်ဆိတ်သွားသည်။

သူသည် နဂါးဆီသို့ သွားလိုက်ပြီး ဂူကြီး၏ အနက်ကို ပြန်ကြည့်လိုက်သည်။ ကျားယုနှင့် အခြားသူများသည် ကောင်းဖန်တို့ကို သတိထားသည့် မျက်လုံးများဖြင့် ကြည့်နေကြသည်။

ကောင်းဖန်သည် ရယ်သွမ်းသွေးလိုက်သည်။ ထိုသူများသည် အချိန်မီပြန်ထွက်နိုင်မည် မဟုတ်ပေ။ အဖြူရောင်နဂါးကြီးသည် အလွန်ပြင်းထန်သော စွမ်းအင်များကို ထုတ်လွှတ်နေသောကြောင့် ကျောက်နံရံကြီးပင်လျှင် တုန်ခါနေလေသည်။

စာစဉ် ၁၈

...

ကောင်းဖန်သည် အက်ကွဲရာများ ကြားမှ ထွက်လာသောအခါ လေနှင့်အတူ လှုပစွာလွင့်ပါနေသော နှင်းဖြူရောင် မုတ်ဆိတ်များနှင့် နဂါးဖြူကြီးသည် ခေါင်းကိုမော့ထားကာ စောင့်ကြိုနေသည်။ သူ၏ရွှေရောင် မျက်လုံးများသည် တောင်ဝိညာဉ်ဘုရင်ထံတွင် ရှိနေသည်။

တောင်ဝိညာဉ်ဘုရင်သည် လှုပ်ရှားနေရာမှ ရပ်တန့်သွားသည်။ သူ၏ ကိုယ်ကြီးမှ

အငွေ့အသက်များသည် တဖြည်းဖြည်း ရွေ့လျားမှု နှေးလာပြီး နဂါးဖြူကြီးကို သတိအနေအထားဖြင့် ကြည့်နေသည်။

တစ်ချိန်တည်းမှာပင် ကြီးမားသော အသံကြီးကို အနောက်မှ ကြားလိုက်ရသည်။ အခြားသော တောင်ဝိဉာဉ်များသည် တောင်ဝိဉာဉ်ဘုရင် အနားတွင် ဝိုင်းလိုက်ပြီး နဂါးဖြူကြီး ရန်မှ ကာကွယ်နေသည့် ပုံစံမျိုး ရှိနေကြသည်။

တောင်ဝိဉာဉ်များအားလုံးအတွက် နေရာသည် အလွန်ကျဉ်းလွန်းသောကြောင့် ကြီးမားသော

ကိုယ်လုံးကြီးများ၏ ပွတ်တိုက်မှုဖြင့် အသံကျယ်ကြီးများ ထွက်ပေါ်နေသည်။

“အဖိုး.. အထဲမှာ ရွှေရောင်လက်များအဖွဲ့က သူတွေ ရှိနေတယ်.. သူတို့က ရန်သူတွေပဲ” ကောင်းဖန်က အော်ပြောလိုက်သည်။

ကျီဟန့်ဝူသည် ကောင်းဖန်ကို အချိန်အတန်ကြာ ရှာလိုက်ရသည်။ နဂါးဖြူကြီးက မြန်ဆန်လို့ပင် ကံကောင်းသည်ဟု ပြောရမည်။

## စာစဉ် ၁၈

တောင်ဝိဉာဉ်များ များစွာ စုဝေးနေကြောင့် ကျီဟန့်ဝူသည် နှစ်ဆ ကြိုးစားရမည် ဖြစ်သည်။ သူတို့သည် အနည်းဆုံး ဆယ်ကောင်ခန့် ရှိနေသောကြောင့် အနည်းဆုံး နတ်ဘုရားအဆင့် တောင်ဝိဉာဉ်များ ဆယ်ကောင်ခန့်ရှိနေသည်ဟု ပြောနိုင်ပေသည်။ ထို့အပြင် ကြီးမားလှသော တောင်ဝိဉာဉ်ဘုရင်ကြီးကလည်း အနီးဆုံးတွင် ရှိနေသေးသည်။ ထိုဘုရင်ကြီးသည် တောင်တစ်လုံးစာလောက်ပင် ရှိလေသည်။

နဂါးဖြူကြီးသည် ဂူထဲသို့ ချောင်းကြည့်လိုက်ပြီး ရွှေရောင်လက်များအဖွဲ့ကို တွေ့လိုက်ရသည်။

စာစဉ် ၁၈

နဂါးဖြူကြီးသည် လျင်မြန်စွာပြင်
ပိတ်ဆို့ထားသည်များကို လက်သည်းချွန်ကြီးဖြင့်
ဖယ်ရှားလိုက်သည်။

ထိုအခါကျမှပင် ကောင်းဖန်သည် နဂါးဖြူကြီး မည်ကဲ့သို့
ဂူကြီးကို ဖျက်ဆီးနေသည်ကို သေချာစွာ
မြင်လိုက်ရသည်။ သူ၏ လက်သည်းများသည်
ထောပတ်များကို ကလော်သော ဓားကဲ့သို့ ဂူကြီးထဲကို
သူ၏ လက်သည်းအား ကုပ်သွင်းပြီး
ကလော်ထုတ်နေခြင်း ဖြစ်သည်။
ကျောက်သားကျောက်ဆောင်များသည် နေရာအနှံ့
ပြုတ်ကျကုန်တော့သည်။

စာစဉ် ၁၈

နဂါးလက်သည်းများသည် လျှပ်စီးလက်သကဲ့သို့ တဝင်းဝင်း မြင်နေရသည်။

မြေကြီးသည် သိမ့်သိမ့်တုန်သွားပြီးနောက် နဂါးဖြူကြီး၏ လက်သည်းများတွင် သွေးစများပါလာသည်။

ကောင်းဖန်က နောက်ဆုတ်လိုက်သည်။ အထဲက ကောင်ကြီးက ဒီအတိုင်းပဲ သေသွားပြီလား။

သူသည် မျှော်လင့်ထားပြီး ဖြစ်သော်လည်း အံ့ဩမိနေသည်။ သူနှင့် ဟွမ်းယာသည်

စာစဉ် ၁၈

ကိုယ်ပိုင်သားရဲများ ကိုယ်စီနှင့် ထွက်လာနိုင်ပြီ
ဖြစ်သော်လည်း ကျားယုနှင့် သူ၏လူများနှင့်
ရင်ဆိုင်ရဦးမည်ပင်။

သို့တည်းမဟုတ် ဆန့်ကျင်ဘက်သာ ဖြစ်ခဲ့ပါက သူ၏
ကိုယ်ပိုင်သားရဲများသည်
လက်သည်းရှည်ကြီးများအောက်တွင်
သေကြေပျက်စီးသွားကြမည် ဖြစ်သည်။

ခွန်အားကွာခြားမှုက ဒီလောက်တောင်
ကြီးမားတာလား..

စာစဉ် ၁၈

သူသည် သူ၏ ကိုယ်ပိုင်သားရဲများကို အခြားအဆင့်မြင့်သော သားရဲများနှင့် တိုက်ခိုက်ခြင်းကို နေသားကျနေပြီး စွမ်းအင်ကို ဂရုမစိုက်မိသောကြောင့် နားမလည်နိုင်ဖြစ်နေခြင်း ဖြစ်သည်။

တကယ်တော့ စွမ်းအင်ကိုသာ မြှင့်နိုင်မည် ဆိုပါက ကိုယ်ပိုင်သားရဲတစ်ကောင်သည် သူ့ထက်အဆင့်မြင့်သော သို့မဟုတ် အဆင့်များစွာမြင့်သော သားရဲကိုပင် အနိုင်ရနိုင်ပေသည်။

ကမ္ဘာပေါ်တွင် သားရဲများသည် တစ်နေ့တခြား တိုးပွားလာနေသည်။ သူတို့သည် ပိုပြီး

စာစဉ် ၁၈

သန်မာလာသည်နှင့် အမျှ ပုံမှန်သားရဲနှင့် သန်မာသော
သားရဲများသည်ပင် အလွန်ပင် ကွာခြားမှု
များပြားသွားသည်။

တောင်ဝိဉာဉ်၏ ကျောက်တောင်ကြီး ဖြစ်စေ..
နဂါးဖြူကြီး၏ လက်သည်းကြီး ဖြစ်စေ..
အင်ပါယာအဆင့်နှင့် နတ်ဘုရားအဆင့်တို့သည်
ကွာခြင်းမှု ရှိလေသည်။

ကောင်းဖန်သည် သူ့ရှေ့မှ သေကြေမှုကို ကြည့်ရင်း
နောင်တရသလိုပင် ခံစားလိုက်ရသည်။
သစ်သားဒေါင်းကြီးသည် သူအထင်ကြီးမိသော

သားရဲကြီးဖြစ်သော်လည်း ပိုင်ရှင်ရှိနေသည်မှာ နှမြောစရာပင်။

သွေးစာချုပ်သည် သခင်ကရော သားရဲကပါ ဖောက်ဖျက်လို့ မရချေ။ တစ်ဖက်ဖက်က သေသွားမှသာ ပျက်ပြယ်သွားမည် ဖြစ်သည်။ သွေးစာချုပ်သည် သူတို့၏ ဝိညာဉ်များကို ပေါင်းစပ်ထားခြင်း ဖြစ်သောကြောင့် ထိုပေါင်းစပ်မှုသည် အလွန်ပင် ခိုင်ခံ့သည်။ ထို့ကြောင့်လည်း သခင်ကို သတ်လိုက်ရုံဖြင့် သားရဲကို ခိုးယူလို့ မရခြင်း ဖြစ်သည်။

နဂါးဖြူကြီးသည် လက်သည်းများကို ဖြေးညှင်းစွာ မြှောက်လိုက်သည်။ ဘာမှ မပါလာပဲ သွေးများသာ

ပါလာသည်။ ကောင်းဖန်က ထိတ်လန့်စွာ ကြည့်လိုက်သည်။

[သားရဲအမည်]: သစ်သားဒေါင်း

[သားရဲအခြေအနေ]: သေစေနိုင်သော ထိခိုက်မှု ဖြစ်ထား

အနီနှင့် အနက်ရောင်ရောစပ်ထားသော အငွေ့အသက်များသည် အနီးတစ်ဝိုက်တွင် ထွက်ပေါ်နေသည်။ ဒဏ်ရာပြင်းထန်စွာ ရထားသော သစ်သားဒေါင်းကြီးသည် နာကျင်စွာ ရွေ့လျားနေသည်။ သူ၏ အမြီးမှ အမွေးများသည် ကျိုးကြေနေပြီး အစိမ်းရောင်သွေးများသည် ရေတံခွန်ကဲ့သို့ စီးကျနေသည်။

စာစဉ် ၁၈

ရှည်လျားသော အော်ညည်းသံကြီးသည်
တောင်ဝိဉာဥ်ဘုရင်နားထိပင် ပဲ့တင်ထပ်သွားသည်။
ထို့နောက် စီးကျနေသော ချော်ရည်လို စွမ်းအင်များသည်
ရပ်တန့်သွားပြီး ချက်ချင်းပင် မာကြောသွားသည်။

တောင်ဝိဉာဥ်ဘုရင်သည် လှုပ်ရှားမှုမရှိတော့ပေ။
သူ့ခြေရင်းနားမှ ကျောက်ဂူကြီးသည်လည်း
တဖြည်းဖြည်းနှင့် အရောင်မှိန်လာကာ
အားပျော့လာသည်။

[သားရဲအမည်]: တောင်ဝိဉာဥ်ဘုရင် (အားပျော့နေသည်)

## စာစဉ် ၁၈

[သားရဲ အခြေအနေ]: ထာဝရရပ်တန့်သွားတော့မည်ဟု ထင်ရ... (စွမ်းအင်လုံလောက်မှု မရှိသောကြောင့်)

တောင်ဝိဥဉ်ဘုရင်၏ အသက်သွေးကြောသည် တဖြည်းဖြည်း အားနည်းလာသည်။ ထို့အတူ အစင်းလေး၏ အသက်သည်လည်း တဖြည်းဖြည်း အားယုတ်လာသည်။

ကောင်းဖန်သည် အသက်ပင် မရှူနိုင်တော့ချေ။ သူသည် အစင်းလေးကို စတွေ့ခဲ့သည့်အချိန်များကို ပြန်မြင်ယောင်နေမိသည်။ သူသည် စတွေ့စဉ်က သေးငယ်ပြီး မီးခိုးရောင်အစင်းလေးများနှင့် မျက်နှာကြက်တွင် ကပ်နေသော ပင့်ကူလေး ဖြစ်သည်။

စာစဉ် ၁၈

ကောင်းဖန်သည် ပျင်းပျင်းရှိသောကြောင့် သူ့ကို
စက္ကူလေးဖြင့် ခေါ်ဆောင်လာခြင်း ဖြစ်သည်။
ထိုစဉ်အခါက အစင်းလေးသည်
ကြောက်လန့်တကြားဖြင့် မျက်နှာကြက်မှ
ပြုတ်ကျလာသေးသည်။

ဆည်းဆာချိန်ရောက်လာပြီ ဖြစ်သည်။
အထီးကျန်နေသော ပင့်ကူလေးသည် မြေပြင်တွင်
ငြိမ်သက်စွာ လှဲလျောင်းနေသည်။ သူသည် ရိုးရှင်းသော
စိတ်ခံစားချက်များဖြစ်သည့် ပျော်ရွှင်မှု၊ ဒေါသဖြစ်မှု
သို့တည်းမဟုတ် ဝမ်းနည်းကြေကွဲမှုတို့ကိုသာ
ခံစားနိုင်တော့လေသည်။

# စာစဉ် ၁၈

***

စာစဉ် ၁၈

# သားရဲလေ့ကျင့်သူ ။ အခန်း ၂၇၈ အိပ်စက်ခြင်း

ကောင်းဖန်အတွက် ကိုယ်ပိုင်သားရဲကို ဆုံးရှုံးလိုက်ရခြင်းသည် ပထမဆုံး ဖြစ်သည်။

တကယ်တမ်းတော့ အရမ်းကြီး ထိခိုက်ကြေကွဲစရာ မကောင်းသော်လည်း သူတို့သည် တစ်နှစ်နီးပါး အတူ ရှိခဲ့တာ ဖြစ်သည်။ သူတို့၏ အတွေ့အကြုံ အမှတ်တရ များလည်း ရှိခဲ့ပြီး သူသည် အတိတ်မှ အကြောင်းများကိုသာ တွေးနေမိသည်။

ရုတ်တရက် ကောင်းဖန်က အတွေးတစ်ခု ရလိုက်သည်။

စာစဉ် ၁၈

“အဖိုး.. နဂါးဖြူကြီးကို တောင်ဝိဉာဉ် နှစ်ကောင်လောက် သွားသတ်ခိုင်းလိုက်ပါလား”

“သတ်ရမယ်” ကျီဟန့်ဝူက မျက်ခုံးပင့်ပြီး မေးလိုက်သည်။ တောင်ဝိဉာဉ်များသည် အများကြီးပင် မရှိတော့ပါချေ။

နဂါးဖြူကြီးသည် ကေရာဇ်အဆင့်ပင် ရောက်နေပြီ ဖြစ်၍ ခက်တော့မခက်ခဲပါချေ။ သူသည်တောင်ဝိဉာဉ် ဘုရင်ကိုပင် အလွယ်တကူ အနိုင်ယူခဲ့ပြီးပြီ ဖြစ်သည်။ ထို့ကြောင့် သူ့အတွက် တောင်ဝိဉာဉ်လောက်ကို

စာစဉ် ၁၈

သတ်ရသည့်မှာ တမံတုတ်ထားသော နေရာမှ ငါးကို သတ်ရသလောက်သာ ရှိသည်။ သူတို့သည် အစက အရေအတွက် များနေ၍သာ ကောင်းဖန်တို့ဘက်မှ အရေးနိမ့်ခဲ့ခြင်း ဖြစ်သည်။

"သွားစို့" ကောင်းဖန်သည် ဆက်ရှိနေလျှင်လည်း ဂန်ထုပ်ဂန်ပိုးသာ ဖြစ်နေမည် ဖြစ်သောကြောင့် ဟွမ်းယာကို ပြန်ဖို့ ပြောလိုက်သည်။

သူ မပြန်ခင် အဖိုးကို ပြောလိုက်သည်။ "အဖိုး တောင်ဝိဉာဉ်တွေကို သတ်ပြီးရင် သူတို့နှလုံးတွေကို ထုတ်ပြီး တောင်ဝိဉာဉ် ဘုရင်ဆီမှာ ပစ်ခဲ့လိုက်ပါ" သူသည် အစင်းလေးအတွက် ထိုမျှသာ

လုပ်ပေးနိုင်တော့မည်ပင်။ ကျန်တာကတော့ အစင်းလေး၏ အပိုင်းဖြစ်သည်။ ထို့နောက်သူသည် သစ်သားဒေါင်းနှင့် မိုးကြိုးမျောက်တို့၏ အလောင်းများကို ပင့်ကူမကြီးပေါ်တင်ကာ ထွက်သွားလိုက်သည်။

သူသည် ကျန်သည့် ကွန်မန်ဒါအဆင့် သားရဲအလောင်းများကိုတော့ မယူတော့ချေ။ သူလုပ်ဆောင်မည့် အရာအတွက် အကျိုး မရှိနိုင်သောကြောင့်ပင်။

...

နဂါးဖြူကြီးသည် တောင်ဝိဉာဉ်များပေါ်တွင် တိမ်ထူထူများဖြင့် ဖုံးအုပ်လိုက်သည်။ ဘာမှပင် မမြင်ရတော့ချေ။

ရှည်လျားသော အရိပ်ကြီးသည် မြူခိုးများ ကြားထဲတွင် ဝင်လိုက်ထွက်လိုက် လုပ်နေပြီး လျှပ်စီးများ ဖြစ်ပေါ်နေသည်။ တောင်ဝိဉာဉ်များ၏ အသံများသည် သွားနေရာလမ်းတစ်လျှောက်တွင် ထွက်ပေါ်နေသည်။

မြူခိုးများသည် နာရီဝက်ခန့် ရှိနေပြီးနောက် လွင့်စင် ကြည်လင်သွားသည်။

စာစဉ် ၁၈

အချို့သော ဝိဉာဉ်များသည် အူကြောင်ကြောင်ဖြင့် ထွက်ပြေးဖို့ ကြိုးစားကြသော်လည်း မရတော့ပေ။

အချို့သော ဝိဉာဉ်များသည် ချက်ချင်းပင် သတ်ဖြတ်ခံလိုက်ရပြီး တောင်ပို့များသဖွယ် ဖြစ်သွားသည်။

ကျန်ရှိသော ဝိဉာဉ်များကိုတော့ နဂါးဖြူကြီးသည် စူးရှသော မျက်လုံးရောင်ခြည်ဖြင့် သတ်ပစ်လိုက်သည်။ ထို့နောက် နဂါးဖြူကြီးသည် ငှက်ကုလားအုတ် ဥ အရွယ်အစားခန့်ရှိ ရွှေရောင် နှလုံးသား ၈ ခုကို

## စာစဉ် ၁၈

ကောက်ယူကာ တောင်ဝိဥာဉ် ဘုရင်ထံသို့ ပစ်ပေါက်လိုက်သည်။

ထူးဆန်းစွာပင် ထိုနှလုံးသားများသည် တောင်ဝိဥာဉ်ဘုရင်၏ ခြေရင်းသို့ ရောက်သွားသည်နှင့် တစ်ပြိုင်နက် မျက်နှာပြင်သည် ပွင့်သွားပြီး အထဲမှ တစ်စုံတစ်ခု၏ စုပ်ယူဝါးမျိုခြင်းကို ခံလိုက်ရသည်။

ခဏကြာသောအခါ ကောင်းဖန်သည် အစင်းလေးအတွက် ပြန်ရောက်လာသည်။ သူသည် ဒီတိုင်းတော့ မထားခဲ့နိုင်ပါချေ။ သူသည် ဟွမ်းယာကို တောင်ပိုင်းကောင်းကင် အဖွဲ့အစည်း ရှိရာသို့ အရင် ပြန်သွားနှင့်ရန် ပြောထားလိုက်သည်။ သူသည်

စာစဉ် ၁၈

အစင်းလေးကို နောက်ဆုံးအကြိမ် ပြန်လည်သွားရောက် စစ်ဆေးရာတွင်တော့ ဒန်ဘီကို အနားတွင် ခေါ်သွားလိုက်သည်။

တစ်စုံတစ်ယောက်ကို လက်လွှတ်ဖို့ရာ ခက်ခဲသည် မဟုတ်ပါလား..

သူပြန်ရောက်သွားသောအခါ အဖိုးပင် ပြန်သွားပြီ ဖြစ်သည်။ မည်းမှောင်နေသော တောင်တန်းကြီးသာ ထီးထီးကြီး ကျန်ခဲ့လေသည်။ သူသည် တောင်ထိပ်သို့ လှမ်းမျှော်ကြည့်လိုက်သောအခါ အရင်ကရှိခဲ့သော တောင်ဂင်ဂများသည် ပိတ်နေသည်ကို တွေ့လိုက်ရသည်။ သူသည် ယခင်က ထိုအရာကို

စာစဉ် ၁၈

သတိမထားမိခဲ့ပါလျှင် ယခုမြင်နေရသော အနေအထားကို ပုံမှန်ဟူ၍ပင် ထင်မိမှာပင်။

အနီးကပ်သွားကြည့်လိုက်သောအခါ ကောင်းဖန်တွင် ထူးဆန်းသော ခံစားမှုများ ဖြစ်ပေါ်လာသည်။ သူသည် တောင်ထဲတွင် တစ်ခုခု ရှိနေသည်ကို ခံစားမိနေသည်။ ထိုအရာသည် အလွန်ပင် မထင်ရှားသော်လည်း အလွန်သေးငယ်သော စွမ်းအင်လေးသည် အသက်ရှိနေသည်ကို သိလိုက်သည်။

အစင်းလေးများလား.. သူလည်း သေချာမသိပါချေ။

သူသည် အစင်းလေးအသက်ရှင်နေဖို့ကိုသာ မျှော်လင့်နေမိသည်။

သို့သော်သူသည် တောင်ဝိညာဉ်ဘုရင်၏ အစိတ်အပိုင်းတစ်နေရာရာတွင် ပိတ်မိနေခြင်းလည်း ဖြစ်နိုင်သည်။ ကောင်းဖန်သည် မပြောတတ်တော့ချေ။ သူသည် သက်ပြင်းချလိုက်ပြီး ပြန်ဖို့ လှည့်ထွက်လိုက်သည်။ သူ့မျက်နှာသည် တင်းမာနေသည်။

"မင်းသေသွားခဲ့ရင် ဒီမှာ ရှိသမျှ တောင်ဝိညာဉ်တွေကို သတ်ပြီး မင်းအတွက် လက်စားချေပေးမယ်"

စာစဥ် ၁၈

ယွီကျိုးသို့ ပြန်ရောက်ချိန်တွင် ကောင်းဖန်သည် မှိုင်တွေ ငေးငိုင်နေသည်။ သူသည် အစင်းလေး၏ အဖြစ်အတွက် သူ့ကိုယ်သူ အပြစ်တင်နေမိသည်။ သူသည် ကိုယ့်ကိုကိုယ် အထင်ကြီးခဲ့မိသည့် အပြစ်ကို ခံစားနေရခြင်းပင်။

ထို့နောက် ကောင်းဖန်သည် ရုတ်တရုတ် တွေးမိသွားသည်။

သူသည် ကိုယ့်ကိုကိုယ်နှိမ့်ချနေခြင်းအပေါ်
ဂုဏ်ယူနေမိတာလား.. သူသည် အရင်က
ဒီလိုမဟုတ်ခဲ့ပါပေ။

“ကောင်းဖန်.. ဂဏန်းကြီးရော”
စံအိမ်ဆီပြန်ရောက်သောအခါ တာ့ဇီသည်
အစင်းလေးကို မတွေ့သောကြောင့် မေးနေသည်။

ကောင်းဖန်သည် ဘာပြောရမှန်း မသိသောကြောင့်
အပြုံးတစ်ခုဖြင့် တာ့ဇီ၏ခေါင်းကို
ပွတ်ပေးနေလိုက်သည်။

တာ့ဇီ၏ ဦးမျှင်သည် သဘောခွေ့သွားသော ပုံစံဖြင့် တွန့်သွားသည်။ သူသည် ကောင်းဖန် မပျော်နေသည်ကို သိလိုက်သည်။ ထို့ကြောင့် စကားလမ်းကြောင်း လွှဲလိုက်သည်။

တာ့ဇီသည် နောက်တစ်နေ့တွင်လည်း အစင်းလေးကို မတွေ့သောအခါ သူရှိနေတတ်သော နေရာများကို လှမ်းမျှော်ကြည့်မိသည်။

ကောင်းဖန်ပြန်လာပြီး တတိယနေ့တွင်လည်း အစင်းလေးကို မတွေ့ရချေ။ သူသည် ဒန်းပေါ်တွင် ထိုင်နေရင်း အလွန်ပင် ပျင်းရိနေသည်။

“ကောင်းဖန် ဂဏန်းက ပြန်လာမှာလား”

“အင်း ပြန်လာလိမ့်မယ်”

“ဘယ်တော့ ပြန်လာမှာလဲ”

“မကြာခင်ပေါ့”

“အိုး.. သူ့ကိုတော့ သတိရသား”

"…"

"ကောင်းဖန်.. သူ့အစာကို ထပ်မခိုးတော့ဘူးလို့ ကတိပေးပါတယ်.. သူ့ကို ပြန်ခေါ်လာပါတော့လား"

"…"

လတစ်ဂက်သည် မျက်စိတစ်မှိတ်အတွင်း ကုန်ဆုံးသွားသည်။ ကောင်းဖန်သည် ပုံမှန်ပြန်ဖြစ်လာသော်လည်း သူသည် အရင်ကထက် တစ်ယောက်တည်း ပိုနေလာသည်။ သူသည် အခြားသူများနှင့် ဘာမှပင် မလုပ်တော့ပဲ သူ၏

## စာစဉ် ၁၈

ကိုယ်ပိုင်သားရဲများကို လေ့ကျင့်ရင်ကျင့် မဟုတ်လျှင် ဆေးဖော်စပ်နေတော့သည်သာ များသည်။

သူ၏ ကိုယ်ပိုင်သားရဲများသည် ပြင်းထန်စွာ လေ့ကျင့်နေကြသည်။ အစင်းလေးကို ဆုံးရှုံးရသည့် စိတ်ကြောင့် ဖြစ်နိုင်သော်လည်း ဂိုဒီသည် သူများထက်ပိုပြီးပင် လေ့ကျင့်နေသည်။ သူသည် သူ၏ နားချိန်ကို တစ်နေ့လျှင် ၈ နာရီ ရှိရာမှ ၆ နာရီထိပင် လျှော့ချလိုက်သည်။

အစင်းလေးသည် သူ၏ သဘာဝအရ ငြိမ်သက်နေလေ့ရှိပြီး အပျင်းထူတတ်သော်လည်း အခြားသူများနှင့် အလွန်သင့်မြတ်စွာနေသူ ဖြစ်သည်။

သူတို့သည် သူငယ်ချင်းကောင်းများ ဖြစ်ကြသည်။
ထို့ကြောင့် ကျန်ရှိသော သားရဲများသည် သူ၏
သေဆုံးမှုကို ဂုဏ်ပြုသောအားဖြင့် ပို၍
ကြိုးစားနေကြခြင်း ဖြစ်သည်။

သူသည် ထိုအရာများကို အိပ်မက်ဟုသာ
ထင်ချင်သော်လည်း တကယ်တမ်းတော့ ဖြစ်မနေပါချေ။

...

ယွီကျိုးမြို့အပြင်ဘက်တွင် သားရဲမုဆိုးအဖွဲ့သည်
ရှာဖွေရေး ဆင်းနေကြသည်။

## စာစဉ် ၁၈

“ခေါင်းဆောင်.. ကွန်မန်ဒါအဆင့် သားရဲတစ်ကောင်က အရှေ့မြောက်ဘက်ကနေ ချဉ်းကပ်လာနေပါတယ်”

“ထားလိုက်.. ငါတို့ ဒီနေ့ စစ်ဆင်ရေးက ရွှေရောင်ဝံပုလွေကို ဖမ်းဖို့ပဲ.. မလိုအပ်ပဲ ဒုက္ခမရှာနဲ့”

ခေါင်းဆောင်သည် အသက် ၃၀ အရွယ်ခန့်ရှိ အမျိုးသမီးတစ်ယောက် ဖြစ်ပြီး အမျိုးသမီး ခေါင်းဆောင်များသည် မရှိသလောက် ရှားလေသည်။ သူတို့သည် အမျိုးသားများထက် တုံ့ပြန်မှုအယနး ပိုကောင်းပြီး ရှာဖွေရေးစွမ်းအား ပိုကောင်းကြသော်လည်း စိတ်ခံစားချက်ကို လိုက်ကြသောကြောင့် အချို့နေရာများတွင် ဆုံးဖြတ်မှု မှားယွင်းတတ်သောကြောင့် ဖြစ်သည်။

စာစဉ် ၁၈

သားရဲကို ရှောင်ကွင်းလိုက်ပြီးနောက် သူတို့သည် သစ်ပင်ထူထူများကို ဖြတ်သန်းကာ အရှေ့ဘက်တွင် နက်မှောင်နေသော တောင်ကြီးကို တွေ့လိုက်ရလေသည်။

***

စာစဉ် ၁၈

# *သားရဲလေ့ကျင့်သူ ။ အခန်း ၂၇၉ နိုးထခြင်း*

တောင်တန်းကြီးသည် အလွန်ကြီးမားလှပြီး အလွန်ပင် နက်မှောင်လှသည်။ နေရောင်အောက်တွင် မြင်နေရသော တောင်ကြီးသည် ကိုက် ၃၀၀ အတွင်း သက်ရှိပင် တစ်ကောင်တစ်လေမှ မရှိဘူးဟုပင် ထင်ရသည်။ အနီးတစ်ဝိုက်ရှိ အပင်များသည် ပြာမှုန့်များဖြင့် သေကြေနေကြသည်။ အကိုင်းအခက်များသည် နွမ်းဖတ်နေပြီး အဝါရောင်အရွက်များသည် ထိလိုက်သည်နှင့်ပင် အမှုန့်ဖြစ်သွားတော့မည်ဟု ထင်နေရသည်။

သေဆုံးခြင်း၏ ပြယုဂ်တစ်ခုလိုပါပင်။

စာစဉ် ၁၈

"အဲဒီကို တကယ်သွားမှာလား" အဖွဲ့ထဲမှ ကတုံးပြောင်နှင့် ကောင်က မေးလိုက်သည်။ သူသည် သူ၏ စိတ်တွင်းမှ ထူးဆန်းသော ခံစားမှုကို ရနေသည်။

ထိုတောအုပ်ထဲတွင် ဘာမဆို ဖြစ်သွားနိုင်သည်။ ခြေလှမ်းတစ်လှမ်း မှားသွားလျှင်ပင် မုဆိုးများ၏ ထောင်ချောက်တွင်း ဆင်းသက်သွားနိုင်သည်။

"ကွန်မန်ဒါအဆင့် သားရဲနဲ့ တိုက်ခိုက်ချင်လို့လား" ပုခုံးကျယ်ကျယ်နှင့် အမျိုးသမီး ခေါင်းဆောင်က ပြောလိုက်သည်။

စာစဉ် ၁၈

သေဆုံးနေသော အပင်လေးများကို ဖယ်ရှားရင်း သူမသည် ထိုနေရာတွင် ဘာမှရှိမနေသည့်ကိုတော့ သတိထားမိသည်။ အလောင်းများလည်း မရှိ၊ အရိုးများပင် မရှိနေပေ။ အကြီးဆုံး အန္တရာယ်ကို မသိနေခြင်းလည်း ဖြစ်နိုင်သည်။

“သွားရအောင်” ခေါင်းဆောင်က ဖြည်းညင်းစွာ ပြောလိုက်သည်။

အပြန်လမ်းတွင် သူတို့သည် ကွန်မန်ဒါအဆင့် သားရဲနှင့် တွေ့မည်စိုး၍ အသက်ရှူများပင် အောင့်ထားကြမိသည်။

သူတို့သည် ထိုသားရဲနှင့် ဝေးသွားသောမှပင် သက်ပြင်းချမိကြတော့သည်။

ထိုကဲ့သို့ လွတ်လပ်စွာ သွားလာနေသော သားရဲသည် နတ်ဘုရားအဆင့် မဟုတ်လျှင်တောင် အနည်းဆုံးတော့ အဆင့်အလွန်မြင့်သော ကွန်မန်ဒါအဆင့် ဖြစ်နိုင်သည်။

သားရဲထွက်သွားသောအခါ အဖွဲ့ထဲမှ တစ်ယောက်က ပြောလိုက်သည်။ "တောင်ထိပ်မှာ ဘာရှိလဲ သွားမကြည့်ဘူးလား" သူ၏ လေသံထဲတွင် လောဘသည် တစ်စွန်းတစ်စ ပါဝင်နေသည်။ ထိုနေရာမျိုးတွင်တော့ မည်သူမျှ စွန့်စားရဲကြမည် မဟုတ်ပါချေ။

စာစဉ် ၁၈

"ဒီနေရာကထူးဆန်းတယ်.. အန္တရာယ်လည်း ရှိနိုင်တယ်.. ဒါပေမယ့် ရတနာတွေ ရှိနေရင် ဘယ်လိုလုပ်မလဲ"

အချို့သည် "ရတနာ" ဆိုသော စကားကို ကြားလိုက်သောအခါ ခေါင်းထောင်လာကြသည်။ လူများသည် လောဘတက်လွယ်ကြသော်လည်း အကျိုးဆက်ကိုတော့ မခံစားနိုင်ကြပါချေ။

ထိုသို့ဖြင့် နောက်ဆုံးတွင် အဖွဲ့ထဲမှ တစ်ဂက်သည် ရတနာသိုက်ရှာရန် တောင်ဘက်ဆီသို့ ခွဲထွက်လာကြသည်။

တောင်တန်းကြီးသည် ကြီးမားလှသော်လည်း တည်ဆောက်ပုံမှာ ရိုးရှင်းလှသည်။ တောင်တန်းကြီးတွင် အရွယ်အစားမညီသော ကျောက်တုံးကြီးများလည်း ရှိနေသောကြောင့် ခြေလျင်တက်မည့်သူများအတွက် လွယ်ကူလှသည်။

ရုတ်တရုတ် တောင်ကြီးသည် သိမ့်သိမ့်တုန်သွားသည်။

သူတို့အားလုံး တုန်ခါသွားကြသည်။

“ဘာဖြစ်သွားတာလဲ”

“လျှောင်လှုပ်တာများလား”

“မင်းရှူးနေလား.. ဒီနေရာမှာ လျှောင်လှုပ်မလားကွ.. ကပ်ဆိုးမဖြစ်ခင် အချိန်တွေတုန်းကတောင် ဒီမှာ လျှောင်လှုပ်ဖူးလို့လား”

“ဒါဆိုရင် ဖြစ်နိုင်တာက..”

စာစဉ် ၁၈

သူတို့ငြင်းခုံနေကြစဉ်တွင် သူတို့၏ သားရဲများ၏ မူမမှန်မှုကို သတိထားမိလိုက်ကြသည်။ သူတို့သည် မလှုပ်မယှက်ဖြင့် မြေကြီးပေါ်တွင် လဲနေကာ အမြီးများကို ခြေထောက်ကြားတွင် ဗှက်လျက် သနားစရာကောင်းစွာ တုန်လှုပ်နေကြသည်။

သူတို့သည် တစ်ယောက်နှင့် တစ်ယောက် အဓိပ္ပါယ်ပါပါ ကြည့်လိုက်ကြသည်။ ထို့နောက် ဘာမှပင် မပြောတော့ပဲ လာရာလမ်းသို့ လှည့်ပြန်လိုက်ကြသည်။

နောက်တစ်နေ့တွင်လည်း တောင်ဝိဉာဉ်ဘုရင် အိပ်စက်နေသော နေရာသို့ နောက်ထပ်အဖွဲ့တစ်ဖွဲ့ ရောက်လာပြန်သည်။

ထိုအဖွဲ့ကတော့ အရင်အဖွဲ့ထက် ပိုပြီး အစွမ်းအစရှိကြသည်။ သူတို့သည် တောင်ကြီးကို ကြည့်ရုံဖြင့်ပင် ဘာမှန်း သိလိုက်ကြကာ လိပ်ပြာလွင့် မတတ် ဖြစ်သွားကြသည်။ သူတို့သည် တောင်ဝိညာဉ်များကို တောင်ကုန်းအရွယ်အစားခန့် ရှိကြောင်း သိထားကြပြီး ထိုကဲ့သို့ ကြီးမားသော တောင်ကြီး အရွယ်ခန့် ရှိလိမ့်မည်ဟုတော့ မထင်ထားကြပါချေ။

ထိုသို့ဖြင့် ထိုနေရာသည် စွန့်ပစ်နယ်မြေ ဖြစ်လာသည်။ တောင်ဝိညာဉ်များ၏ အန္တရာယ်ကို ရင်မဆိုင်ချင်ကြသောကြောင့် လူများသည် ဝေးဝေးမှ

ရှောင်ကြသည်။ အချို့သူများကတော့ တောင်ကြီးကို အဝေးမှ လာကြည့်ကြကာ တစ်ခုခု ဖြစ်လာမလားဆိုပြီး ကြည့်တတ်ကြသည်။

…

ခေတ်ခွဲခန်းထဲတွင် ကောင်းဖန်သည် ပုံမှန်အတိုင်း စမ်းသပ်မှုများ ပြုလုပ်နေသည်။ ထိုစဉ် ရုတ်တရက် သူ၏ စိတ်ထဲတွင် ဝိဉာဉ်စွမ်းအင် တစ်ခု တစ်ဟုန်ထိုးဝင်လာသလို ခံစားလိုက်ရသည်။ တစ်ချိန်တည်းမှာပင် မတူညီသော်လည်း ညီမျှသော နောက်ထပ် စွမ်းအင်တစ်ခုသည် သူ၏ ခန္ဓာကိုယ်တွင်း စီးဆင်းလာသည်။ သူသည် နားမလည်နိုင် ဖြစ်နေသည်။

## စာစဉ် ၁၈

သူသည် ရုတ်တရက် ဖြစ်ပေါ်လာသော အရာများကို ခန္ဓာကိုယ်က မထိန်းချုပ်နိုင်ဖြစ်သွားသည်။

သူ့လက်ထဲတွင် ကိုင်ထားသော စမ်းသပ်ဖန်ပြွန်သည် အစိတ်စိတ် ကျကွဲသွားသည်။

သူသည် ခြေတစ်လှမ်းတိုးလိုက်သော်လည်း သူ၏ ဘယ်ဘက်ခြေထောက်သည် ကြမ်းပြင်တွင် အမြစ်တွယ်သလို ဖြစ်နေသည်။ သူသည် ခဲသလို ဖြစ်သွားသည်။

ငါဘာဖြစ်နေတာလဲ..

စာစဉ် ၁၈

သူသည် အနည်းငယ် တုန်ယင်နေပြီး သူ့ကိုယ်သူတည်ငြိမ်အောင် လုပ်ရန် ခေတ်ခွဲခန်း စားပွဲအစွန်းနားသို့ ကြိုးစားသွားလိုက်သည်။ သူသည် စာအိတ်တစ်ခုကို ဆွဲဖြဲလိုက်သကဲ့သို့ စားပွဲကို ဒေါသတကြီး ရိုက်ချဖျက်ဆီးလိုက်သည်။

အသံကျယ်ကြီးသည် ခေတ်ခွဲခန်းအတွင်း ပဲ့တင်ထပ်သွားသည်။

သူသည် သူ့လက်ထဲတွင် ကိုင်ထားသော သတ္တုတုံးတစ်ခုနှင့်အတူ ပျက်စီးသွားသော စားပွဲကို အပြန်ပြန်အလှန်လှန်ကြည့်ကာ ပြောစရာစကားမဲ့နေသည်။

စာစဉ် ၁၈

"ဒေါက် ဒေါက်" ရှူချင်းကျီဖြစ်သည်။ "အဆင်ပြေရဲ့လား ခေါင်းဆောင် ဝင်လာရမလား"

"အဆင်ပြေတယ် ဘာမှမလိုဘူး" ကောင်းဖန်က အလျင်အမြန် ဖြေလိုက်သည်။

သူသည် ဘာတွေဖြစ်နေမှန်း မသိသောကြောင့် ရှူချင်းကျီကို မတော်တဆ ထိခိုက်သွားအောင် မလုပ်ချင်ပါပေ။

ကောင်းဖန်သည် အလွန်ပင် စိတ်ရှုပ်ထွေးနေသည်။ "ငါ ကောင်းကင် မြေကြီး တံတားကိုများ ပွင့်အောင် လုပ်နိုင်လိုက်တာလား"

စမ်းသပ်မှုကြောင့်ပဲ သန်မာလာတာလား..

"ကောင်းဖန်ရေ.. ပင်ပန်းလိုက်တာ.." တိုးညင်းသော အသံလေးသည် သူ၏ စိတ်အနက်ရှိုင်းဆုံး နေရာမှ ပဲ့တင်ထပ်၍ ထွက်ပေါ်လာသည်။ ငါရူးများသွားပြီလား..

စာစဉ် ၁၈

ခဏကြာသောအခါ ထိုအသံသည် အနည်းငယ်ကျယ်ပြီး ထွက်လာပြန်သည်။ "ဘယ်မှာလဲ.. ကောင်းဖန်ရေ.. ငါအမြင့်ကြောက်တယ်.. "

အစင်းလေးပဲ..

ကောင်းဖန်သည် အလွန်ပင် စိတ်လှုပ်ရှားသွားသည်။

အစင်းလေးသေချာတယ် မှားစရာ အကြောင်းမရှိဘူး..

စာစဉ် ၁၈

“အစင်းလေး.. နိုးလာပြီလား.. မင်းဘယ်မှာလဲ” ကောင်းဖန်သည် အစင်းလေးနှင့် ဆက်သွယ်ဖို့ ကြိုးစားနေသည်။

“မသိဘူး.. အရမ်းပင်ပန်းတယ်.. ဝါး..” ကောင်းဖန်သည် ထို့နောက်တွင် ဘာသံမှ ထပ်မကြားရတော့ပေ။

ကောင်းဖန်၏ မျက်လုံးများသည် အရောင်တောက်သွားသည်။ သူ့ကို ထားခဲ့တဲ့ နေရာမှာ ရှိနေတုန်းပဲ ဖြစ်မယ်.. အစင်းလေးသည် တောင်ဝိဉာဉ်ဘုရင်၏ စွမ်းအင်များကို အောင်မြင်စွာ စုပ်ယူနိုင်ခဲ့ခြင်း ဖြစ်နိုင်သည်။

စာစဉ် ၁၈

သူ၏ ခွန်အားစွမ်းအင်ကို သူသည် နားမလည်နိုင်ဖြစ်နေသည်။ သူသည် အစင်းလေးကို ချက်ချင်းပင် သွားရှာလိုက်ချင်သော်လည်း ယခုအခြေအနေကို အရင် ဖြေရှင်းရဦးမည် ဖြစ်သည်။

သူ၏ စွမ်းအင်သည် ဆုလာဘ်တစ်ခု ဖြစ်သလို ကျိန်စာ တစ်ခုလို့လည်း ဆိုနိုင်သည်။

ရှင်းပြရမည် ဆိုလျှင် သူ၏ ပတ်ဂန်းကျင်မှ အရာအားလုံးသည် ကလေးများ မှုတ်ထုတ်လိုက်သော ပူဖောင်းကလေးများနှင့် အလားသဏ္ဍာန်တူသည်။

စာစဉ် ၁၈

သူလက်ဖျောက်လေးတစ်ချက် တီးလိုက်လျှင်ပင် ၁၅ ပေ ပတ်လည်မှ အရာ အားလုံးသည် ချက်ချင်း ပျက်စီး ပျောက်ပျက် သွားနိုင်သည်။

ထို့ကြောင့် ယခုအခြေအနေတွင် သူသည် အဖိုးအပါအဝင် အခြားသူများနှင့် မထိတွေ့ချင်ပါပေ။

သူသည် ယခင်က လေ့ကျင့်သူများသည် ကိုယ်ပိုင်သားရဲမှ ရုပ်ပိုင်းဆိုင်ရာ ခွန်အား၏ ၁ ရာခိုင်နှုန်းကိုသာ ရရှိပြီး အခြားသော စွမ်းအင်များ မရခြင်းကို မတရားဘူးဟု ထင်ခဲ့မိသည်။

## စာစဉ် ၁၈

ယခုတော့ သူသည် စိတ်ပြောင်းသွားပြီ ဖြစ်သည်။ သို့သော် သူ၏ ခွန်အားသည် ဧကရာဇ်အဆင့် သားရဲများနှင့် ယှဉ်လျှင်တော့ ပမွှားပဲ ဖြစ်နေသေးသည်။

ရုတ်တရက် အမြင်အာရုံတစ်ခုသည် သူ့စိတ်ထဲတွင် ပေါ်လာသည်။ သူသည် မျက်လုံးများကို ပိတ်ချလိုက်ပြီး အသက်ပြင်းပြင်းရှူပြီးမှ ဖြည်းဖြည်းချင်း ပြန်ဖွင့်လိုက်သည်။

သူ၏ နားထဲတွင် ထူထဲသော သတ္တုတံခါးကို ကျော်လွန်ကာ ရှိနေသော နှလုံးခုန်သံ တိုးတိုးလေးကိုပင် ကြားနေရသည်။

## စာစဉ် ၁၈

"ရှူချင်းကျီ" ကောင်းဖန်က သတိပေးသလို ဟန့်လိုက်သည်။

ထို့နောက်သူသည် သူမ ပြေးထွက်သွားသည့် ခြေသံများကို ကြားလိုက်ရသည်။

"တော်သေးတာပေါ့" သူသည် သက်မတစ်ချက် ချလိုက်မိသည်။

သူဖြစ်သွားသော အရာသည် သူ၏ ကိုယ်ပိုင်သားရဲ တစ်ကောင်၏ တတိယ စွမ်းအင် ထွက်လာခြင်း ဖြစ်သည်။

ထိုစွမ်းအင် ထွက်လာခြင်းသည် သူ့အတွက် ကြီးမားသော စွမ်းအင်ကို ရရှိစေရုံသာမက သူ၏ ခွန်အားအသစ်ကိုပါ ထိန်းချုပ်နိုင်စွမ်း ရသွားစေသည်။

သူသည် ထိုစွမ်းအင် အသစ်အကြောင်းကို တွေးနေရင်း အတွေးတစ်ခု ပေါက်သွားသည်။

သားရဲအစွမ်း၏ ၁ ရာခိုင်နှုန်းကို ရရှိတာတောင် ဒီလောက် စွမ်းအား ပြင်းထန်နေလျှင် ကေရာဇ်အဆင့် သားရဲများသည် မည်မျှပင် စွမ်းအားပြင်းထန်မည်နည်း။

ထိုအရာသည် ရုပ်ပိုင်းဆိုင်ရာ ခွန်အားသီးသန့်ပင် ရှိသေးသည်။ တကယ်တော့ ထိုထက်မကသော စွမ်းအင်များပင် ပိုင်ဆိုင်ထားသေးသည်။

သူလက်ရှိ ရလိုက်သော စွမ်းအင်သည် သူ့အတွက် ပြင်းထန်နေစေကာမူ ဧကရာဇ်အဆင့် သားရဲများအချင်းချင်း တိုက်ပွဲတွင်ဆိုလျှင်တော့ ပမွှားလေးသာ ဖြစ်နေမည်ပင်။

ကျားနှစ်ကောင်ကြားမှ တိုက်ပွဲတွင် ပုရွက်ဆိတ်တစ်ကောင်၏ နေရာသည် မပြောပလောက်သည် မဟုတ်ပါလား။

# စာစဉ် ၁၈

***

စာစဉ် ၁၈

# *သားရဲလေ့ကျင့်သူ ။ အခန်း ၂၈၀ အမြင့်ကြောက်သော အစင်းလေး*

သူ၏ စွမ်းရည်အသစ်ကြောင့် ကောင်းဖန်သည် ထူးခြားသော ခွန်အားကို တဖြည်းဖြည်းနှင့် ကျင့်သားရလာပြီ ဖြစ်သည်။ သူ့အတွက် ထိုဖြစ်စဉ်သည် နာရီဂဝက်ခန့် ကြာသွားခဲ့သည်ပင်။ ဒါတောင်မှ သူသည် လမ်းလျှောက်ရာတွင်ပင် ဂရုတစိုက် မလျှောက်ပါက ကြမ်းပြင်တွင် အပေါက် ဖြစ်သွားနိုင်သေးသည်။

သူတံခါးဖွင့်လိုက်သောအခါ ဒူးခေါင်းလေးကို ပွတ်ကာ သူ့ကို ကြည့်နေသော ရှူချင်းကျီကို တွေ့လိုက်ရသည်။

သူက သူမကို မသိမသာ ဆူပူလိုက်သည်။ “ဒီလောက် ရှုပ်ပြာနေရင် ငါ့လက်ထောက် ဘယ်လိုလုပ်မှာလဲ”

ထို့နောက် သူ၏ ခတ်ခွဲခန်းမှ ထွက်လာလိုက်သည်။ သူလမ်းလျှောက်နေသည့်ပုံမှာ အနည်းငယ် ရယ်စရာကောင်းနေပြီး ကြောင်တစ်ကောင်က ခြေဖျားထောက်ကာ လျှောက်နေသည့် ပုံမျိုး ဖြစ်နေလေသည်။

…

စာစဥ် ၁၈

ဒန်ဘီသည် သားသတ်ရုံတွင် ဝိညဉ်များကို သားသတ်ရုံတွင် သွားရောက် ယူဆောင်နေဆဲ ဖြစ်သည်။ ထို့ကြောင့် စံအိမ်တွင် တာ့ဇီ၊ ဂိုဒီ၊ ဖလိန်မီနှင့် ဆီလီတို့သာ ရှိနေသည်။

သူသည် သူ၏ ကိုယ်ပိုင်သားရဲများထံ လက်ပြလိုက်သည်။ “သွားကြစို့.. အစင်းလေးကို သွားခေါ်ကြမယ်”

အစင်းလေး..

စာစဉ် ၁၈

တာ့ဇီ၏ မျက်လုံးများသည် အရောင်တောက်သွားသည်။ သူသည် လျှပ်စီး၏ အရှိန်နှင့်အတူ ရေကန်ကို ဖြတ်ပြီး ကောင်းဖန်ဆီသွားလိုက်သည်။

"ကောင်းဖန်.. အစင်းလေးက အဲဒီမှာ သူတစ်ယောက်တည်း အရသာရှိတာတွေ စားနေတာလား" တာ့ဇီက မေးလိုက်သည်။

"ဟုတ်မှာပေါ့"

"တော်တော်ဆိုးတဲ့ကောင်ပဲ.. ပင့်ကူအရေခွံကြော် လုပ်စားရတော့မယ်" တာ့ဇီသည် မကျေမနပ်

ပြောလိုက်သည်။ ဒီကောင်က အရသာရှိတဲ့ အစားအစာတွေကို သူ့ကို ကျော်ပြီး စားနေရသလား။

“.. ဒါဆို အစင်းလေးဆီကို ကိုယ်တိုင်သွားပြီး လုစားလိုက်လေ” ကောင်းဖန်က ပြောလိုက်သည်။

“ကောင်းတာပေါ့” တာ့ဇီက ပျော်ရွှင်နေသည်။ သူ၏ အတွေးထဲတွင် အစင်းလေး၏ အရေခွံကြော်ကို စားပစ်မည်ဟု ကြုံးဝါးနေသည်။ အစင်းလေးသည် အမြဲတမ်း အစားကောင်းများ ခိုးစားလေ့ရှိသည် မဟုတ်ပါလား။

စာစဉ် ၁၈

မိုးကြိုးခွံနတ်ဘုရားသည် သူ၏ အခွံထဲသို့ မဂင်ခင် ခေါင်းကို ပြူကြည့်လိုက်ပြီး ပတ်ဂန်းကျင်ကို စပ်စုလိုက်သည်။ သူ၏ အနားတစ်ဝိုက်တွင် လျှပ်စီးများသည် စက်ပစ္စည်းများမှ လျှပ်စစ်များကို စုပ်ယူနေသလို ဝိုင်းရံနေသည်။

မိုးကြိုးခွံနတ်ဘုရားသည် ကြီးမားလာပြီး အရှိန်လည်း တက်လာသည်။ သူသည် ပစ္စည်းကို စသုံးသည့်နေ့မှ စ၍ အဆက်မပြတ် လုပ်ခဲ့ရသည် ဖြစ်ရာ သူသည် အဆင့် ၂ ဆင့်ပင် ချက်ချင်း တက်နေပြီ ဖြစ်သည်။

သူသည် နတ်ဘုရားအဆင့် ကိုယ်ပိုင်သားရဲပင် ဖြစ်နေပြီပင်။ ထိုကဲ့သို့ အဆင့်ရောက်ရန် စွမ်းအင်အမြောက်အများကို လိုအပ်လေသည်။

ဖလိန်မီသည် ကောင်းဖန်ရှေ့တွင် ရပ်လိုက်ကာ အတောင်ပံများကို ရိုက်ခတ်လိုက်သည်။

လဂက်ခန့်ကြာပြီးနောက်တွင် ဖလိန်မီသည် အမွေးအတောင်များ စုံလုနီးပါး ပြန်ပေါက်နေပြီ ဖြစ်သည်။ အရင်လောက်တော့ မထူသေးသော်လည်း ပျံသန်းမှုတွင်တော့ အထိုက်အလျောက် အဆင်ပြေနေပြီ ဖြစ်သည်။

## စာစဉ် ၁၈

ဂိုဒီသည် ဖလိန်မီ၏ အမွေးအတောင်များ ပြန်ပေါက်လာမှုအပေါ် စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။

ဘယ်လိုတောင် အမွေးတွေ ပြန်ပေါက်လာတာလဲ.. ငါတို့နှစ်ကောင်လုံး အမွေးကတုံးတွေအဖြစ်နဲ့ နေသွားမယ်လို့ ပြောထားကြတာမဟုတ်ဘူးလား..

ဂိုဒီသည် စိတ်ခံစားချက်များ အမျိုးမျိုး ဖြစ်ပေါ်နေသည်။ သူသည် ဖလိန်မီအတွက် ဝမ်းသာမိသော်လည်း တစ်ချိန်တည်းမှာပင် သူသည်လည်း အပြင်းအထန်

စာစဉ် ၁၈

လေ့ကျင့်ထားသူ မဟုတ်ပါလား။ သူသည် အနားယူချိန်ကိုပင် ၅ နာရီမှ ၄ နာရီထိ လျှော့ချခဲ့သေးသည်။

ဂိုဒီသည် ဖလိန်မီ၏ အမွေးအတောင်များကို ဒေါသတကြီး ကြည့်လိုက်သည်။ သူ့ကို ထိုအမွေးအတောင်များက ဒေါသပိုထွက်အောင် ဆွနေသလိုပင်။

သူသည် ဂရုမစိုက်ချင်ယောင် ဆောင်နေသော်လည်း ဖလိန်မီထံမှ လှည့်ထွက်လာလိုက်သည်။ သူသည် သည်းခံနေပါသော်လည်း ထိုအမွေးများကို တစ်ချက်ကြည့်ဖြစ်အောင် ကြည့်လိုက်သေးသည်။

စာစဉ် ၁၈

“ကောင်းဖန် ငါ့ကျောပေါ်တက်ပါလား” တာ့ဇီက ကောင်းဖန်ဘေးတွင် ပျင်းရိစွာ ပတ်လျှောက်နေရင်း ပြောလိုက်သည်။

“ရပါတယ် ဒါနဲ့ ပြိုင်ပွဲလုပ်ကြမလား” ကောင်းဖန်က ပြောလိုက်သည်။

တာ့ဇီက နောက်ပြန်ဆုတ်သွားသည်။ သူသည် ခဏတွေဝေသွားပြီးမှ တွန့်ဆုတ်စွာဖြင့် မေးလိုက်သည်။ “တကယ်ကြီးလား..”

စာစဉ် ၁၈

“သိပ်သေချာတာပေါ့.. မင်း ပါမှာလား မပါဘူးလား”

ကောင်းဖန်က ယုံကြည်မှုအပြည့်ဖြင့် ခေါင်းငြိမ့်ပြီး

ပြောလိုက်သည်။

“ငါနိုင်ရင် အရသာရှိတာကို ကျွေးမှာလား”

ကောင်းဖန်က နှာခေါင်းရှုံ့ရင်း ပြောလိုက်သည်။

“ငါရှုံးရင် မင်းကို အရသာရှိတာ ကျွေးမယ်..

ငါနိုင်ရင်တော့ မင်းဘာမှ မရဘူး”

“အရူးကောင်းဖန်.. မင်းတော့ ရှုံးပြီသာမှတ်” တာ့ဇီက

ရင်ဘတ်ကို ဂုဏ်ယူစွာ ကော့ရင်း ပြောလိုက်သည်။

စာစဉ် ၁၈

“ဟုတ်ပြီလေ သွားကြစို့” သူသည်
စကားဆုံးပြီးပြီးချင်းပင် အမြောက်ဆံတစ်ခုလို
ပြေးထွက်သွားသည်။

သူသည် အလွန်ပင် မြန်ဆန်လွန်းသောကြောင့်
လေတစ်ဖှော့ဖြတ်တိုက်သွားသည့်နှယ် ဖြစ်နေသည်။
မြေကြီးများသည် သူခြေလှမ်းလှမ်းလိုက်တိုင်းတွင်
ကြီးမားသော ဖုန်လုံးကြီးများအဖြစ်
လွင့်တက်သွားသည်။

စာစဉ် ၁၈

တာ့ဇီသည် ကောင်းဖန်၏ မျက်စိတစ်မှိတ်အတွင်း ပျောက်ကွယ် ပြေးထွက်သွားပုံကို ကြောင်ကြည့်မိနေသည်။

ဒန်ဘီက ကောင်းဖန်လို ဂုတ်ထားတာများလား..

"စောင့်ဦးလေ ဒန်ဘီ.." တာ့ဇီက အော်ပြောလိုက်ပြီး အနောက်မှ အသည်းအသန် ပြေးလိုက်သွားသည်။

ဂိုဒီကတော့ အကောင်းဆုံး တုံ့ပြန်မှုကို ပေးစွမ်းလေသည်။ သူ၏ မျက်လုံးများသည်

ပြုံးကျယ်နေပြီး ကောင်းဖန်၏ အစွမ်းအစကို ကျောက်ရုပ်တစ်ရုပ်လို ငြိမ်ပြီး ကြည့်နေလေသည်။

…

တောအုပ်ထဲတွင် တာ့ဇီသည် ကောင်းဖန်နောက်မှ အသည်းအသန် ပြေးလိုက်နေကာ တင်ပါးနားသို့ မှီလာနေသည်။

မင်းကို မှီတော့မယ်ကွ.. ညစ်ကောင်..

## စာစဥ် ၁၈

ကောင်းဖန်၏ တင်ပါးသည် ဆစ်ခနဲ ဖြစ်သွားပြီး ထိုနေရာသို့ ညင်သာစွာ ပွတ်နေမိသည်။ တာ့ဇီသည် သူ၏ ခရမ်းရောင် မျက်လုံးများဖြင့် သူ၏ လုပ်ရပ်ကို ဖော်ပြနေသည်။

“မင်းပြောင်းလဲသွားပြီပဲ ကောင်းဖန်.. အရင်က မင်းငါ့ကို မနိုင်ဖူးဘူး”

“မင်းကို ဘယ်သူက ငါ့ဖင်ကိုက်ခိုင်းလို့လဲ”

စာစဉ် ၁၈

သူ၏ နာကျင်မှု အများစုသည် ဂိုဒီထံသို့ ပြောင်းသွားသော်လည်း ထူးဆန်းစွာပင် နာကျင်နေသေးလေသည်။

တဲ့ဇီ၏ ခေါင်းသည် စိတ်ညစ်ညူးသွားပုံဖြင့် ငိုက်စိုက်ကျသွားသည်။ သူ့အတွေးများကို မည်သူမျှ သိနိုင်မည် မဟုတ်ပါချေ။

“ကောင်းဖန်.. အအေးသောက်ဦး” ဆီလီသည် အသီးဖျော်ရည် ပုလင်းလေးကို ထုတ်ကာ ကောင်းဖန်ဆီသို့ ဂရုတစိုက် ပေးလိုက်သည်။

စာစဉ် ၁၈

ကောင်းဖန်သည် တစ်ကျိုက်တည်းဖြင့် မော့ချလိုက်သည်။

ဆီလီသည် ရင်ကွဲပက်လက် ဖြစ်သွားသည်။ သူသည် ဘာမှမရှိတော့သော ပုလင်းလေးကို ဂမ်းနည်းစွာ စိုက်ကြည့်လိုက်ရင်း ကောင်းဖန်၏ ခေါင်းပေါ်သို့ ခွေကျသွားသည်။

ထိုအချိန်တွင် မိုးကြိုးသံလို စူးရှကျယ်လောင်သော အသံကြီးသည် တောအုပ်ထဲတွင် ဖြတ်သန်းကာ ပဲ့တင်ထပ်သွားသည်။

စာစဉ် ၁၈

ကောင်းဖန်သည် ဂိုဒီနောက်သို့ အလျင်အမြန် ပြေးသွားပြီး အကာအကွယ် ယူလိုက်သည်။

ဂိုဒီသည် အပေါ်ကို မော့ကြည့်လိုက်သောအခါ သူ၏ ခေါင်းသည် ကြီးမားလှသော ကျား မေးရိုးကြီးနှင့် ကိုက်ဖြတ်ခံရလုနီးပါး ဖြစ်သွားသည်ကို တွေ့လိုက်ရသည်။ သူသည် ချက်ချင်းပင် မြန်ဆန်သော လက်သီးတစ်ချက် ကျွေးလိုက်သည်။

ဂိုဒီသည် နောက်သို့ ခြေလှမ်းအနည်းငယ် ဆုတ်သွားသည်။ ကြီးမားသော ကျားကြီးလည်း နောက်သို့ ရောက်သွားသည်။

စာစဉ် ၁၈

ကျားကြီးသည် ဂိုဒီနှင့် အရွယ်အစားအတူတူလောက် ရှိသောကြောင့် ဂိုဒီကို ယှဉ်နိုင်မည် မဟုတ်မှန်း သိသွားသည်။ သူသည် လွယ်ကူသော သားကောင်ကိုသာ စားချင်ခြင်းဖြစ်ပြီး ကြာရှည်စွာ မတိုက်ခိုက်ချင်ပါချေ။ ထို့ကြောင့် ကျားကြီးသည် အသံပင် မထွက်ပဲ တောအုပ်ထဲသို့ ပြန်လှည့်သွားသည်။

"သူ့ကိုထားလိုက်တော့.. အစင်းလေးကို မြန်မြန်သွားရှာရအောင်" အနောက်ဘက်သို့ လွင့်ထွက်သွားသော ဂိုဒီကို ကောင်းဖန်ပင် ဆွဲထားလိုက်ရသည်။ ဂိုဒီသည် နောက်ပိုင်းတွင် ပို၍ သန်မာလာလေသည်။ သူသည် သူ့အတွက် လေ့ကျင့်ရန်

စာစဉ် ၁၈

ကောင်းဖန်ယူလာသော မကောင်းဆိုးဝါးများကိုပင် အပိုင်းပိုင်းပြတ်အောင် လုပ်မိနေသည်။

ရုတ်တရက် ကောင်းဖန်သည် သူတို့ ပထမဆုံးတွေ့ခဲ့သော အချိန်ကို ပြန်တွေးမိသွားသည်။ ထိုအချိန်တုန်းက ဂိုဒီသည် အမွေးအတောင် ရှိသော အူကြောင်ကြောင် ဘဲလေးဖြစ်သည်။ ယခုတော့..

—

အစင်းလေးသည် တစ်ချက်သန်းဝေလိုက်ကာ မျက်လုံးကို ဖြေးညင်းစွာ ဖွင့်လိုက်သည်။

စာစဉ် ၁၈

ဘုရားရေ.. ငါအမြင့်ကြီးရောက်နေပြီပဲ..

သူသည် ချက်ချင်းပင် မျက်လုံးများ ပြန်မှိတ်လိုက်သည်။

အကယ်၍ တစ်ယောက်ယောက်က တောင်ကြီးကို
အနီးကပ် ကြည့်ပါက သစ်ရွက်လေးတစ်ရွက်လို
တုန်ယင်နေသော သူ့ကို တွေ့နိုင်ပေမည်။

“အစင်းလေး ငါလာနေပြီနော်” ကောင်းဖန်၏
နူးညံ့သောအသံသည် သူ၏ စိတ်ထဲတွင်
ပဲ့တင်ထပ်သွားသည်။

စာစဥ် ၁၈

ကောင်းဖန်လာနေတာလား..

အစင်းလေးသည် မျက်လုံးများကို ဖွင့်ပြီး
စိတ်အားထက်သန်စွာ ကြည့်လိုက်သည်။

ရုတ်တရက် သားရဲမုဆိုးအဖွဲ့တစ်ဖွဲ့သည်
သူတို့အောက်မှ မြေကြီးသည် သိမ့်သိမ့်တုန်သွားသည်ကို
ခံစားလိုက်ရသည်။

"ငြိမ်ငြိမ်နေကြ"

"လျောင်လှုပ်တာလား"

စာစဉ် ၁၈

“မသိဘူး သတိတော့ထားကြ”

သူတို့သည် အသက်ပင် ဂဂ မရှူရသေးခင်မှာပင် ကောင်းကင်ကြီးသည် ရုတ်တရက် မည်းမှောင်လာကာ စွမ်းအားကြီးသော တစ်စုံတစ်ခုသည် တိမ်များကို ခွင်းပြီး ထွက်ပေါ်လာသည်။ ထူးခြားသော အသံကြီးသည် တောအုပ်တခွင် ပျံ့နှံ့သွားသည်။

အရိပ်မည်းကြီး ဖုံးအုပ်ခံလိုက်ရသောကြောင့် မုဆိုးတစ်ယောက်သည် ခေါင်းကို မော့ကြည့်လိုက်သည်။ ထိုအချိန်တွင် တောင်ကြီးသည် အသက်ဂင်လာသည်။

# စာစဉ် ၁၈

***

စာစဉ် ၁၈

# *သားရဲလေ့ကျင့်သူ ။ အခန်း ၂၈၁ တောင်တန်းများ၏ အရှင်သခင် (ပင့်ကူ)*

“တောင်.. တောင်ဝိဉာဉ်” သူသည် ကြောက်လန့်တကြား အော်ဟစ်လိုက်သည်။

သူသည် ထိုကဲ့သို့ အရာကို တစ်ခါမှ အနီးကပ် မမြင်ဖူးခဲ့သောကြောင့် ထိတ်လန့်သွေးပျက်စွာ အော်ဟစ်လိုက်သည်။ တောင်ဝိဉာဉ်ကြီး၏ ကြီးမားသော သဏ္ဍာန်ကြီးနှင့် ယှဉ်လျှင် တောင်ခြေရင်းတွင် ရပ်နေသော သူမှာ ဖုန်မှုန့် တစ်မှုန့် စာလောက်ပင် ရှိနေသည်။

စာစဉ် ၁၈

"သွားသို့" သားရဲမုဆိုးခေါင်းဆောင်သည် သူ၏ ကျောက်ရုပ်လို ဖြစ်သွားကြသော အဖွဲ့သားများကို တရွတ်ဆွဲခေါ်သွားလိုက်သည်။ သူတို့သည် ကိုယ်ပိုင်သားရဲများပေါ်သို့ တက်လိုက်ကာ ပျံပြေးသွားကြသည်။

အမြင့်ကြောက်သောကြောင့်လည်း ပါမည် ထင်သည်။ အစင်းလေးသည် ဖြေးညင်းစွာ လှုပ်ရှားနေသည်။

တောင်ဝိဉာဉ်ကြီး လျှောက်လိုက်သော ခြေလှမ်းတိုင်းတွင် ကမ္ဘာမြေကြီးသည် သိမ့်သိမ့်တုန်သွားသည်။

## စာစဥ် ၁၈

ကောင်းဖန်ကို အဝေးကို
မျက်မှောင်ကြုတ်ကြည့်လိုက်ပြီး တဒ္ဓဇီနှင့်
အခြားသူများသည်လည်း နေးသွားလိုက်သည်။ သူသည်
သူတို့ရှေ့တွင် ရှိနေသော တောင်ကြီး၏ နောက်ကွယ်မှ
တစ်စုံတစ်ခု ထွက်လာသည်ကို တွေ့လိုက်ရသည်။
ထိုအရာကြီး လျှောက်သွားနေရာ လမ်းတစ်လျှောက်တွင်
ကြီးမားသော စွတ်ကြောင်းကြီး ဖြစ်နေပြီး
အပင်များသည် လဲပြိုကုန်ကြသည်။

ကြီးမားသော သဏ္ဍာန်ကြီးသည် ပေ ၁၅၀၀
လောက်ရှိပြီး သူ၏ ကိုယ်ကြီးသည် လုံးပတ်အကြီးကြီး
ဖြစ်နေသည်။ သူ၏ ကိုယ်သည် နက်မှောင်နေပြီး

စာစဉ် ၁၈

သံချပ်ကာကြီးလို ဖြစ်နေသည်။ မီးခိုးနက်ရောင် တိမ်များသည်။ သူ၏ အခွံကြီးနားတွင် ဖြစ်ပေါ်နေပြီး သူ၏ ခေါင်းပိုင်းနားတွင်လည်း ဝန်းရံထားကြသည်။ သူ့တွင် ပင့်ကူလက်များ ၃၆ ခုတောင် ရှိနေပြီး မိုးမျှော်တိုက်ကြီးလို မြင့်မားလှသည်။ သူသည် ကောင်းဖန်ရှိရာသို့ အလျင်အမြန်ပင် ရောက်လာသည်။

တောင်ဝိဉာဉ်၏ အငွေ့အသက်သည် အလွန်ပင် စွမ်းအင်မြင့်လွန်းလှသည်။ ထို့ကြောင့် ငှက်များနှင့် သားကောင်များသည် သူလာရာ လမ်းတစ်လျှောက်မှ ရှောင်ဖယ်သွားကြသည်။

စာစဉ် ၁၈

သူသည် စူးရှကျယ်လောင်စွာ အော်ဟစ်လိုက်ပြီး ထိုအသံသည် မိုင်တစ်ရာ ပတ်လည်အတွင်းမှ သက်ရှိများအားလုံးပင် ကြားနိုင်လေသည်။

"ကောင်းဖန်.. ပြေးကြရအောင်လေ" တာ့ဇီသည် သူ့ပေါ်သို့ တက်လာကာ ဆွဲခေါ်နေလေသည်။

ဂိုဒီသည် ခြေကို အမြစ်တွယ်ထားသည့်အလား နေရာမှာပင် ရပ်နေပြီး လက်သီးကို တင်းကြပ်စွာ ဆုပ်ထားသည်။ သူ၏ ကြွက်သားများသည် အလွန်ပင် တက်လာသောကြောင့် အဝတ်များပင် ပြဲတော့မလိုပင်။

စာစဉ် ၁၈

ကြောက်လန့်စွာပင် ဆီလီသည် ကောင်းဖန်၏ ဆံပင်များကို ဆုပ်ကိုင်လိုက်သည်။

“ဒီကောင်ကြီးက အကြီးကြီးပဲ.. ဒီကနေ ထွက်ပြေးရအောင်” သို့သော် ကောင်းဖန်သည် သူ့ကို ကိုင်လိုက်ကာ ကြီးမားသော သဏ္ဍာန်ကြီး ဘက်သို့ လှည့်ကာ မေးလိုက်သည်။

“ကြည့်စမ်း မင်းဘာမြင်ရလဲ”

ပြန်ဖြေသံမကြားရပဲ ဆီလီသည် ကျောက်ရုပ်တစ်ရုပ်လို ဖြစ်နေသည်။ ကောင်းဖန်သည် ဆီလီတစ်ကောင် ကြောက်လွန်းသောကြောင့် သတိများလစ်သွားပြီလားဟု လှည့်ယူပြီး ကြည့်လိုက်သည်။ သူသည်

စိတ်ပျက်လက်ပျက် ငြီးတွားလိုက်သည်။ သတ္တိရှိလိုက်တဲ့ ကောင်ကွာ..

သူသည် အကောင်ကြီးကို ပြန်လည် မျက်နှာမူလိုက်သောအခါတွင်လည်း အလွန်ပင် အံ့သြသွားသည်။ သူသည် မျှော်လင့်ထားပြီး ဖြစ်သော်လည်း သူရင်ဆိုင်နေရသော အရာကြီးအတွင် အဆင်သင့် မဖြစ်သေးသလို ခံစားနေရသည်။

[သားရဲအမည်]: ဘေးအန္တရာယ် တောင်ပင့်ကူ

[သားရဲအဆင့်]: ၅၁ (ကေရာဇ်အဆင့်)

[သားရဲစွမ်းရည်]: အဆင့်မြင့်

[သားရဲအမျိုးအစား]: မြေကြီး၊ ကျောက်ဆောင်၊ ကျောက်ရည်ပူ

[သားရဲစွမ်းအင်]: ကြီးမားသော ခန္ဓာကိုယ် အဆင့် ၁၊ မြေကြီးထိန်းချုပ်မှု အဆင့် ၅၊ ကျောက်ရည်ပူ ထိန်းချုပ်မှုအဆင့် ၂၊ မာကျောသော ကျောက်ဆောင် အဆင့် ၃

[ထူးခြားသော ဝိသေသ လက္ခဏာ]: ကမ္ဘာမြေ၏ နှလုံးသား (ကမ္ဘာမြေစွမ်းရည်များကို စုပ်ယူနိုင်ခြင်း၊ ကမ္ဘာမြေထိန်းချုပ်မှု နည်းစနစ်များကို စွမ်းအင် တိုးမြှင့်နိုင်ခြင်း)

သက်ရောက်မှု ၁ – ကမ္ဘာမြေထိန်းချုပ်မှုအဆင့်များ တဖြည်းဖြည်း တက်နိုင်သည်။

သက်ရောက်မှု ၂ – ကမ္ဘာမြေကာကွယ်မှု (ကမ္ဘာမြေနှင့် ထိတွေ့နေသရွေ့ ကမ္ဘာမြေစွမ်းအင်ကို စုပ်ယူနိုင်ပြီး အလွန်အစွမ်းမြင့်ကာ ဖောက်ထွင်းမရသော သံချပ်ကာကြီးကို ဖွဲ့စည်းနိုင်) ထိုစွမ်းအင်သည် ကမ္ဘာမြေထိန်းချုပ်မှု စွမ်းအင်နှင့် ချိတ်ဆက်မှု ရှိနေသည်။

ဖြိုဖျက်မှု တိမ်တိုက် (သူ၏ စွမ်းအင်ရင်းမြစ်သည် ကမ္ဘာမြေကြီးနှင့် ကမ္ဘာမြေအောက်မှ ကျောက်ရည်ပူများသာ မဟုတ်ပေ။ များပြားလှသော ကျောက်ရည်ပူစွမ်းအင်များသည် စုဆောင်းများပြားလာသောအခါ

မီးခိုးပြာများအဖြစ်ပြောင်းလဲသွားပြီး ထိုအငွေ့များသည် ဖြိုဖျက်မှု တိမ်တိုက် ဖြစ်ပေါ်လာကာ သူ၏ ခေါင်းပေါ်တွင် သရဖူသဖွယ် ဖြစ်သွားသည်)

သက်ရောက်မှု ၁ – ထိုတိမ်တိုက်များတွင် အစွမ်းမြင့်သော

ကျောက်ရည်ပူစွမ်းအင်များပါဝင်နေကာ ထိုစွမ်းအင်များကို စုပ်ယူနိုင်သည်။

သက်ရောက်မှု ၂ – ဖြိုဖျက်မှု တိမ်တိုက်၏ ထူးခြားမှု (အလွန်အစွမ်းထက်သော စွမ်းအင်များသည်

ကောင်းကင်မှနေပြီး မိုးများသဖွယ်
ကျောက်ရည်ပူများအဖြစ် ရွာကျနိုင်)

[သားရဲပျော့ကွက်]: ထိုးဖောက်လို့မရသော
ကာကွယ်မှုရှိပြီး ကြီးမားသော ကိုယ်ကြီးရှိကာ
မြေကြီးနှင့် ထိနေသရွေ့ သူ၏ စွမ်းအင်ကို
တိုးမြှင့်နိုင်သော်လည်း လှုပ်ရှားမှုနှေးကွေးကာ
တိုက်ပွဲစွမ်းရည်မြင့်တက်နိုင်ရန် မြေကြီးနှင့် ထိထားမှ
ရပေမည်။

[သားရဲဖော်ပြချက်]: ကမ္ဘာမြေဒိုင်းကာ ပင့်ကူကြီးသည်
တောင်ဝိဉာဉ်ဘုရင်၏ နှလုံးသားမှ ပေါ်ပေါက်လာခြင်း
ဖြစ်သည်။ သူသည် အလွန်ရှားပါးသော

ဘေးအန္တရာယ်တောင်ပင့်ကူကြီး အဖြစ် ဖြစ်တောင့်ဖြစ်ခဲ ပေါ်ပေါက်လာသည်။

[ဒဏ္ဍာရီလာသားရဲ ဖြစ်ရန် လိုအပ်ချက်များ]: …

အစင်းလေးသည် ထီအကြီးကြီးပေါက်သွားခြင်း ဖြစ်သည်။ ကောင်းဖန်သည်ပင် သူ၏ ကံကို ချီးကျူးမိနေသည်။

အစင်းလေးသည် အလွန်စွမ်းအားမြင့်နေပြီ ဖြစ်သည်။ သူသည် ဧကရာဇ် အဆင့် ဖြစ်နေသောကြောင့်

ဒဏ္ဍာရီလာသားရဲ အဖြစ်သို့ပင် ကူးပြောင်းနိုင်သည့် အနေအထား ရှိနေသည်။

ကံမကောင်းတာတစ်ခုကတော့ အစင်းလေးသည် အရင်လို သူနဲ့ လျှောက်သွားလို့ မရတော့ခြင်းပင်။ သူသည် ယခုတော့ တံတိုင်းကြီးသဖွယ် ဖြစ်နေသောကြောင့် နေရာတစ်ခုခုကို ကာကွယ်ဖို့သာ အသုံးဝင်နိုင်တော့မည်ပင်။

ကောင်းဖန်သည် ခံစားချက်များ ပြည့်သိပ်နေသည်။ သူသည် အစင်းလေးအတွက် ဝမ်းသာမိသော်လည်း စိတ်နှင့်လူနှင့် မကပ်သလို ဖြစ်နေသည်။

"အစင်းလေး" ကောင်းဖန်သည် လက်များကို ဖြန့်ကျက်လျက် ကြိုဆိုလိုက်ကာ ပြုံးရွှင်လျက် ပြောလိုက်သည်။ "ပြန်လာတာကို ဂုဏ်ပြုပါတယ်"

အစင်းလေး၏ ကြီးမားသော ကိုယ်ကြီးသည် တဖြည်းဖြည်း နီးကပ်လာသည်။ ကောင်းဖန်သည် အနည်းငယ်စိတ်လှုပ်ရှားနေသည်။ ထိုအရာကြီးနှင့် တိုက်မိလျှင် တစ်ခုခုတော့ ဖြစ်နိုင်လောက်သည်။ ဂိုဒီသည်ပင် အမှုန့်ဖြစ်သွားနိုင်သည်။

သူတို့၏ ရှေ့တွင် တောင်ကြီးတစ်လုံးရောက်လာသလို ဖြစ်သွားသည်။ သူ၏ ရောက်လာသော အရှိန်ကြောင့် သစ်ပင်များသည်ပင် လေနှင့်အတူ ပြားကပ် လွင့်ပါကုန်သည်။

ခေါင်းကြီးသည် အလွန်ပင် မြင့်မားသော နေရာတွင် ရှိနေသည်။ ကောင်းဖန်သည် အစင်းလေးဆီသို့ အပြုံးလေးတစ်ခုဖြင့် လျှောက်သွားလိုက်သည်။ သူသည် မျက်လုံးအကြည့်ကို မလွှဲလိုက်ပဲ သူလက်လှမ်းမီသလောက် ကိုယ်လုံးအစိတ်အပိုင်းများကို ညင်သာစွာ ပွတ်ပေးလိုက်သည်။ ကိုင်ရတာ အလွန်ပင် နွေးထွေးလှသည်။

စာစဉ် ၁၈

"လိမ္မာတဲ့ကောင်လေး.. အကြီးကြီး ဖြစ်နေပြီပဲ.. အရင်လိုတော့ လျှောက်သွားလို့မရတော့ဘူး.. မင်းသိလား"

ထိုအချိန်တွင် ကြီးမားသော အသံကျယ်ကြီးထွက်ပေါ်လာပြီး အက်ကြောင်းရာကြီး တစ်ခု ပွင့်လာသည်။ ထိုမည်းမှောင်နေသော အက်ကြောင်းရာကြီး အတွင်းတွင် ပြဒါးလုံးတစ်ခုတည်ရှိနေပြီး စွမ်းအင်လှိုင်းများ ဂယက်ထနေသည်။ ထိုအရာကြီးသည် အစင်းလေး၏ မျက်လုံးဖြစ်သည်။

## စာစဉ် ၁၈

“သခင်.. အရင်လို ပြန်ဖက်ထားချင်လိုက်တာ ...” ကောင်းဖန်ကို ငုံ့ကြည့်ရင်း သူ၏ စိတ်သည် ဗလာဟင်းလင်း ဖြစ်နေသည်။ သူ၏ သံသယစိတ်များ၊ ကြောက်စိတ်များသည် ကောင်းဖန်ကို တွေ့လိုက်သောအခါ လေနှင့်အတူ လွင့်ပါသွားသည်။

သူသည် သူ့ရှေ့မှ လူသားကို ချစ်ခင်နေသည့် စိတ်သာ ဖြစ်ပေါ်နေတော့သည်။

“ဒါပေမယ့်.. အရင်လို ဖက်ထားလို့မရတော့ဘူးနော်” အစင်းလေးက ကြေကွဲစွာ ပြောလိုက်သည်။ သူ၏ အသံသည် တိုးညင်း နက်နဲသော်လည်း တောတောင်ကြီး

တစ်ခုလုံးကြားရလောက်အောင်ပင် ပွဲတင်ထပ်သွားသည်။

“မင်းစကားပြောလို့ရတာလား” ကောင်းဖန်သည် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

အစင်းလေးသည် သူ့ကို သွေးစာချုပ်မှတစ်ဆင့် ဆက်သွယ်နေခြင်း မဟုတ်ပေ။ သူ၏ ကိုယ်အင်္ဂါ အစိတ်အပိုင်းတစ်ခုမှ တဆင့် ကြည်လင်ပြတ်သားသောအသံ ထွက်ပေါ်နေခြင်း ဖြစ်သည်။

ကောင်းဖန်သည် ထိုအရာကို ဂရုစိုက်နေရမည့် အချိန်မဟုတ်ကြောင်း သူ့ကိုယ်သူ သတိပေးလိုက်သည်။

အစင်းလေး၏ ကိုယ်ပေါ်မှ ကျောက်တုံးကြီးများသည် အရွယ်အစား မတူညီကြပဲ ကြီးသည့်ကျောက်တုံးကကြီး သေးသည့် ကျောက်တုံးကသေးဖြစ်နေသည်။ ကောင်းဖန်သည် သူ၏ ကိုယ်ပေါ်မှ ကျောက်တုံးလေးတစ်ခုကို ယူလိုက်ကာ သူ့လက်ထဲတွင် ညင်သာစွာ လှိမ့်ကြည့်လိုက်သည်။

“တောင်ပိုင်းကောင်းကင်အဖွဲ့အစည်းရဲ့ အနောက်က တောင်တန်းဆီ လာလိုက်နေပါလား.. ကျန်တာတွေ

စာစဥ် ၁၈

စိတ်မပူနဲ့နော်.. မင်းကငါ့ရဲ့ ကိုယ်ပိုင်သားရဲပဲ.. မင်းကို ဘယ်သူမှ ဒုက္ခမပေးနိုင်အောင် ငါစောင့်ရှောက်မယ်”

“ကောင်းပါပြီ…” အစင်းလေးသည် ဖြည်းညင်းစွာ မျက်တောင်ခတ်ပြလိုက်သည်။ သူသည် ကောင်းဖန်အတွက်ဆိုလျှင် ကမ္ဘာအဆုံးထိပင် သွားမည့်သူ ဖြစ်သည်။

“မင်းက တောင်ဝိဉာဉ်ရဲ့ စွမ်းအင်ကို စုပ်ယူလိုက်ပြီဆိုတော့ အခုကစပြီးမင်းက တောင်တန်းတွေရဲ့ အရှင်သခင် ဖြစ်သွားပြီ”

စာစဉ် ၁၈

“တောင်တန်းတွေရဲ့ အရှင်သခင်တဲ့လား.. တောင်တန်း.. တွေရဲ့.. အရှင်သခင်” ပင့်ကူကြီး၏ အသံကြီးသည် လေနှင့်အတူ လွင့်ပါလျက် အနီးအနားမှ တောင်များဆီသို့ပင် လွင့်ပျံသွားတော့သည်။

***

စာစဉ် ၁၈

# သားရဲလေ့ကျင့်သူ ။ အခန်း ၂၈၂ အဖိုး၏ ရှာဖွေတွေ့ရှိမှု

ယွီကျိုးမြို့၏ စစ်တပ်ကို ခြောက်လှန့်မှု မဖြစ်စေခြင်းအလို့ငှာ ကောင်းဖန်သည် အစင်းလေးကို အပြန်လမ်းတွင် မခေါ်သွားခဲ့ချေ။ ကောင်းဖန်သည် ထိုအခြင်းအရာများကို အဖိုးနှင့် ချက်ချင်း ဆွေးနွေးရမည် ဖြစ်သည်။

အစင်းလေးသည် တစ်ကောင်တည်း နေခဲ့ရပါက တစ်ခုခု ဒုက္ခရောက်မည်လည်း စိုးသောကြောင့် ဖြစ်သည်။ သို့သော် ကောင်းဖန်သည် အစင်းလေးကို သူ့ထက် အားနည်းသော အခြားသက်ရှိများကိုတော့ အနိုင်မကျင့်စေလိုပါချေ။

စာစဉ် ၁၈

အစင်းလေးက နာခံစွာဖြင့် ခေါင်းညိတ်လိုက်သည်။ သူသည် အနည်းငယ်တော့ မူးဝေနေလေသည်။

အမြင့်ကြောက်စိတ်သည် အရမ်းတော့ ထူးဆန်းသောအရာမဟုတ်ပဲ အလွယ်တကူ ကျော်သွားနိုင်သော အရာဖြစ်စစ်သည်။ ထို့ကြောင့် မြင့်မားသောနေရာများတွင် ဖန်တံတားများလုပ်ကြပြီး ထိုစိတ်ကို ပြေပျောက်အောင် လုပ်လာကြသည်များ ခေတ်စားလာခြင်း ဖြစ်သည်။

စာစဉ် ၁၈

အစင်းလေးအတွက်တော့ သူ၏
အရွယ်အစားကြီးအတွက် နေသားကျအောင် နှစ်နာရီခန့်
အချိန်ယူလိုက်ရသည်။ သူသည် ယခုတော့ အောက်သို့
ငုံ့ကြည့်ရာတွင် ခေါင်းမမူးတော့ပဲ တဖြည်းဖြည်း
အဆင်ပြေလာသည်။

အစင်းလေးဆိုတဲ့ ငါက အမြင့်မကြောက်ဘူးကွ..

အစင်းလေးဆိုတဲ့ ငါက သတ္တိရှိတယ်ကွ..

ကောင်းဖန် ပြန်သွားသောအခါ အစင်းလေးသည်
ထီးထီးကြီးဖြင့် ထိုနေရာတွင်သာ ကျန်ခဲ့သည်။ သူသည်

မြေကြီးကို ကုတ်ခြစ်နေရင်း သူ့ကိုယ်သူ
ကျေနပ်နေသလို ဖြစ်နေသည်။

ထိုအချိန်တွင် အရိပ်လို သဏ္ဌာန်များသည်
တောအုပ်ထဲတွင် ဖြည်းဖြည်းချင်း ထွက်ပေါ်လာသည်။
ထိုအရာများသည် အစင်းလေးကို အဝေးကကြည့်ရင်း
အံ့သြလေးစားနေသည့် ပုံစံမျိုး ဖြစ်နေသည်။

အစင်းလေး၏ အရွယ်အစားခန့်ရှိသော
တောင်ဝိဉာဉ်များသည် အလွန်ပင် ရှားပါးလေသည်။
တောင်ဝိဉာဉ်များသည် တောင်ပုံစံမျိုးလို ရှိသည်က
များသည်။ သူတို့သည် အသက်ရှိနေသော
တောင်ကြီးများလို ဖြစ်နေသော်လည်း အစင်းလေးလို

ပုံစံမျိုးတော့ မရှိကြချေ။ အစင်းလေးကတော့ ထူးခြားသော ပုံစံ၊ ရှည်လျားမြင့်မားသော ခြေထောက်ကြီးများနှင့် အလွန်မာကျောသော အခွံကြီးများ ရှိနေသည်။

အစင်းလေးသည် သူ့ကို စပ်စုသောပုံစံဖြင့် ကြည့်နေသော အလင်းပွင့်လေးများကို ခံစားနေရသောကြောင့် စိတ်မသက်မသာတော့ ဖြစ်နေသည်။

အစင်းလေးထလိုက်သောအခါ မြေကြီးသည် သိမ်သိမ့်တုန်သွားပြီး အသံကျယ်ကြီးများ ထွက်လာသည်။

မီးခိုးပြာရောင်တိမ်များက သူ့ပါးစပ်ပေါက်မှ ထွက်လာပြီး တောင်တန်းများကို ဖုံးလွှမ်းသွားသည်။

သူသည် သူ့ကိုကြည်နေသော အရာများကို အနည်းငယ်စိတ်အနှောင့်အယှက် ဖြစ်ကြောင်း ပြလိုက်ပြီးနောက် စက္ကန့် ၃၀ အကြာတွင် ထိုအရာများကို မတွေ့ရတော့ပေ။ သူသည် ထိုအခါကျမှ စိတ်ကျေနပ်သွားပြီး သူမူလနေထိုင်ကြာ တောင်များကြားသို့ သွားလိုက်သည်။

စာစဉ် ၁၈

“သူများတွေကို ဒီလို စိတ်ဒုက္ခပေးရတဲ့ ခံစားချက်က ဒီလိုပါလား.. မိုက်တော့မိုက်သား.. တဲ့ဇီတစ်ကောင် ငါ့ဆီက အစာတွေလာခိုးခဲ့တာ အဲဒါကြောင့် ဖြစ်မယ်…”

အစင်းလေးသည် မြေပြင်ပေါ်တွင် ကျေနပ်စွာ လှဲချလိုက်သည်။ သူ၏ ခန္ဓာကိုယ်နှင့် ထိစပ်နေသော မြေနေရာတိုင်းတွင် သူသည် သစ်ပင်၏ အမြစ်များကဲ့သို့ မြေစွမ်းအင်များကို စုပ်ယူနေသည်။ စွမ်းအင်သည် သူ့ကိုယ်ထဲတွင် ဖြစ်ထွန်းလာသည်။ သူကဲ့သို့ ကြီးမားသော သက်ရှိများသည် သွေးသားများကို စားရုံဖြင့် အသက်မရှင်နိုင်ချေ။ သူသည် မြစ်များ၊ တောင်တန်းများကဲ့သို့ သဘာဝဆီမှ စွမ်းအင် ဖြင့်သာ အသက်ရှင်နိုင်မည် ဖြစ်သည်။ သူ့အတွက်

စာစဉ် ၁၈

အသေွးအသားများကိုစားခြင်းသည် အဆာပြေစာလောက်သာ ရှိလေသည်။

အိမ်အပြန်လမ်းတွင် တာ့ဇီသည် ငေးငိုင်နေသည်။

ကောင်းဖန်က သူ၏ခေါင်းကို ညင်သာစွာ ပုတ်လိုက်သည်။ “အစင်းလေးကို မတွေ့ရတာ ကြာပြီမလား.. ဘာလို့ ဒီလောက်တောင် ငိုင်တွေနေတာတုန်း”

တာ့ဇီသည် ခေါင်းကို မော့လိုက်ကာ ကောင်းဖန်နှင့် မျက်လုံးချင်း ဆုံသွားပြီးနောက် ပြန်လည်

ပေးငိုင်သွားသည်။ ခေတ္တကြာသောအခါ သူသည် ခပ်တိုးတိုးရေရွတ်လိုက်သည်။ “အခုသူကအကြီးကြီး ဖြစ်သွားပြီဆိုတော့ သူနဲ့အတူတူ ဆော့လို့မရတော့ဘူးပေါ့”

ကောင်းဖန်သည် ဘာပြန်ပြောရမှန်းမသိ ဖြစ်နေသည်။ သူ့ကိုသာ နောက် ၂ ရက်နေရင် မွေ့မွေ့ပျောက်ပျောက် ဖြစ်သွားပါစေဟု မျှော်လင့်မိသည်။ မည်သို့ပင် ဖြစ်စေ အစင်းလေးသည် သူ၏ လက်ရှိအရွယ်အစားကြီးနှင့် တာ့ဇီတင်မဟုတ်ပဲ မည်သူနှင့်မျှ ဆော့ကစားနိုင်တော့မည် မဟုတ်ပါပေ။

စာစဉ် ၁၈

လူသားများသည် ပုရွက်ဆိတ်များနှင့်
စကားထိုင်ပြောနေလို့ မရသကဲ့သို့
အစင်းလေးသည်လည်း တဖြည်းဖြည်း
အထီးကျန်သွားတော့မည် ဖြစ်သည်။ ကောင်းဖန်သည်
ထိုကဲ့သို့တော့ မဖြစ်စေချင်ပါပေ။ သူသည်
ထိုပင့်ကူကြီးမှာ အခြား ကိုယ်ပိုင်သားရဲ
ဖြစ်နေလျှင်တော့ သိပ်ဂရုစိုက်မည် မဟုတ်သော်လည်း
အစင်းလေးဖြစ်နေခြင်းကြောင့် သူသည်
အစင်းလေးအတွက် အလွန်ပင် ခံစားမိနေသည်။

ကောင်းဖန်သည် အတွေးနက်နေမိသည်။

စာစဉ် ၁၈

တခြား တောင်ဝိဥာဉ်တွေက အစင်းလေးနဲ့ သူငယ်ချင်း ဖြစ်နိုင်ပါ့မလား.. နဂါးဖြူကြီးကလည်း ဘယ်သူမှ မသိပဲ အထီးကျန်နေခဲ့တာလား..

သူသည် ထိုအတွေးများဖြင့် တောင်ပိုင်းကောင်းကင်ဆီသို့ ပြန်လိုက်သည်။

သူ၏အဖိုးသည် စာဖတ်ခန်းထဲတွင် စာဖတ်နေသောကြောင့် သူက မဝင်ခင် တံခါးခေါက်လိုက်သည်။ ကျီဟန့်ဝူသည် သူ့ကို တစ်ချက် မေးကြည့်လိုက်သည်။ ထို့နောက် သူ၏ ဘယ်လက်ဖြင့် ကောင်းဖန်ကို ရှတ်တရတ် ထထိုးလိုက်သည်။

စာစဉ် ၁၈

ဝှစ်..

တိတိကျကျ ပြောရလျှင် ထိုထိုးချက်သည် အလွန်ပင် မြန်ဆန်သောကြောင့် ကောင်းဖန်သည် လေထဲမှ ရိပ်ခနဲ လှုပ်ရှားမှုကိုသာ မြင်လိုက်ရသည်။

အဖိုးသည် သံမဏိကဲ့သို့ လက်သီးကို ကျွေးလိုက်ခြင်း ဖြစ်သည်။

သို့သော် သူ့အား၏ ၂၀ ရာခိုင်နှုန်းလောက်ကိုသာ သုံးလိုက်ခြင်း ဖြစ်သည်။

စာစဉ် ၁၈

အဖိုး၏ အင်္ကျီလက်သည် စုတ်ပြဲသွားသည်။ သူသည် ပြင်းထန်သော ထိုးချက်ကြောင့် ထိုင်နေသော ခုံပေါ်မှ မြောက်ချင်ချင်ပင် ဖြစ်သွားသည်။

ထို့နောက် အနေအထားကို ထိန်းလိုက်ရင်း ဖြေးညှင်းစွာ ခေါင်းညိတ်လိုက်သည်။ “မဆိုးပါဘူး.. မင်းတောင် သန်မာလာပြီပဲ… ဗိုက်ဆာနေရောပေါ့.. တစ်ခုခု ပြင်ပေးမယ်” အဖိုးသည် အခန်းထဲမှ ခန့်ညားဝင့်ကြွားစွာ ထွက်သွားသည်။

သူသည် အောက်သို့ဆင်းလာနေရင်း သူ့လက်မောင်းမှာ အနည်းငယ်တုန်ယင်နေဆဲ ဖြစ်သည်ကို သတိထားမိလိုက်သည်။

စာစဉ် ၁၈

“ငါသူ့ကို စမ်းသပ်မယ်ဆိုတာ ဒီလောက်သိသာနေတာကို ဒီကောင်လေး မရှောင်လိုက်တာ ယုံတောင်မယုံနိုင်ဘူး.. ငါသာဆိုရင် သိသိကြီးနဲ့တော့ ငြိမ်နေမှာမဟုတ်ဘူး.. အရူးကောင်လေး”

ကောင်းဖန်အခန်းထဲဝင်လာကတည်းက ကျီဟန့်ဝူသည် တစ်ခုခုကို အာရုံခံမိခဲ့သည်။ သူ၏ ဇကရာဇ်အဆင့် စွမ်းရည်သည် ကောင်းဖန်၏ နှလုံးသား ပြင်းထန်စွာ ခုန်နေခြင်းကို အာရုံခံမိနေခြင်းပင်။ သူသည် အံ့ဩသွားပြီး ကောင်းဖန်ကို စမ်းသပ်လိုက်ခြင်း ဖြစ်သည်။

စာစဉ် ၁၈

“ကောင်စုတ်လေး…” ကျီဟာန်နဲ့ဝူသည် ကောင်းဖန်တစ်ယောက် တောင်ဝိဉာဉ်များ၏ နှလုံးသားကို တောင်ဝိဉာဉ်ဘုရင်ရှိရာသို့ ပစ်ခိုင်းခဲ့သည်ကို ပြန်အမှတ်ရနေမိသည်။ သူသည် ကောင်းဖန်တစ်ယောက် ကြီးပြင်းလာသည်ကို ထိုင်ကြည့်နေရသလိုပင်။ သူသည် ဝမ်းနည်းမှုနှင့် ပျော်ရွှင်မှုတို့ ပြိုင်တူဖြစ်နေသည်။

သို့သော် ကောင်းဖန်သည် ကိုယ့်ကိုကိုယ် ထိန်းကျောင်းနိုင်နေပြီ ဖြစ်သောကြောင့် အနည်းနှင့် အများတော့ လွှတ်ထားလို့ ရနေပြီပင်။

စာစဉ် ၁၈

သူ့အတွက် ယခုလက်ရှိအရေးကြီးဆုံးမှာ ညစာအတွက် ဝက်သားနှစ်ခါပြန်ကြော် လုပ်ရမလား.. ဆားပြားရိုက်ကြော် လုပ်ရမလားဆိုသော ကိစ္စပင်။

ကျီဟာန်နဲ့ဝူသည် အေပရွန်ကို ဝတ်ကာ မီးဖိုချောင်ဝင်လိုက်သည်။

ညစာစားပြီးသည့်နောက်တွင် ကောင်းဖန်က အစင်းလေးအကြောင်း ဖြစ်ကြောင်းကုန်စင် ရှင်းပြလိုက်သည်။ “စိတ်မပူပါနဲ့.. အဖိုးကြည့်လုပ်လိုက်မယ်” အဖိုးက ဖြေးညင်းစွာ ခေါင်းညိတ်ရင်း ပြောလိုက်သည်။

စာစဉ် ၁၈

…

“ဥက္ကဌကျီ သစ်သားဒေါင်းကြီးက အဆုံးထိ အလျှော့မပေးမယ့် ပုံပဲ.. သူပြီးခဲ့တဲ့ ၂ ပတ်လုံး ဘာမှ မစားပဲ အာဟာရပြတ် အသေခံတော့မယ် ထင်တယ်” ခေတ်ခွဲခန်း အမှတ် ၅ ၏ တာဝန်ရှိသူက သူ့ကို သစ်သားဒေါင်းကြီး၏ အချက်အလက်များပါဝင်သော ဖိုင်အား ကမ်းပေးရင်း ပြောလိုက်သည်။

ကျီဟာန့်ဝူက ဖြေးညင်းစွာ ခေါင်းညိတ်လိုက်သည်။ သူသည် မအံ့သြမိပါချေ။

သူသည် လွန်ခဲ့သော ရက်ပိုင်းကတည်းက သစ်သားဒေါင်းကြီး၏ အခြေအနေကို သိထားခဲ့ပြီး ဖြစ်သည်။ သူသည် သူ့ကိုယ်သူ မည်ကဲ့သို့ အငတ်ခံနေကြောင်း သူ့ကို ချုပ်ထားသော အခန်းထဲတွင် မည်ကဲ့သို့ ဖြစ်နေကြောင်းတို့ကို သိထားပြီး ဖြစ်သည်။

ကျီဟန့်ဝူသည် သူ့ကို အတင်းအစာမကျွေးခိုင်းခင်က နဂါးဖြူကြီးကို သတ်ခိုင်းလိုက်ဖို့ စဉ်းစားလိုက်သေးသော်လည်း မလုပ်ခဲ့ခြင်း ဖြစ်သည်။ သူသည် ကိုယ်ပိုင်သားရဲများ၏ စွမ်းရည်များကို လေးစားမှုရှိသော ရှေးရိုးဆန်သူ ဖြစ်သောကြောင့် ထိုကဲ့သို့ မလေးမစား မလုပ်ချင်ခဲ့ခြင်း ဖြစ်သည်။

သူသည် ဒေါင်းကြီး၏ သေချင်သော ဆန္ဒကို ဖြည့်ဆည်းလိုက်တော့မည်ဖြစ်သည်။

“ခေတ်ခွဲခန်းမှာ တခြားဟာတွေကိုပဲ ဆက်ပြီး သုတေသနလုပ်လိုက်ပါ.. သူ့ကိုတော့ လွှတ်ထားပေးလိုက်တော့” သူသည် ဖိုင်ကို ပိတ်လိုက်ပြီးနောက် ခေတ်ခွဲခန်းတာဝန်ခံကို ကြည့်ရင်း ပြောလိုက်သည်။

“နားလည်ပါပြီ”

# စာစဉ် ၁၈

***

## သားရဲလေ့ကျင့်သူ ။ အခန်း ၂၈၃ မျောက်ကလေး

စက်ကြီး၏ အသံသည် အတွင်းတွင်
ပဲ့တင်ထပ်သွားသည်။ သတ္တုသွေးနဲ့များနှင့် ချိုအီသော
အနံ့များသည် လေထုထဲတွင် လွင့်ပျံနေသည်။

အမှောင်ထုထဲတွင် ဒန်ဘီသည် အရိုးပုံထဲမှ
ထွက်လာကာ သံမဏိတံခါးကြီးကို အလွယ်တကူ
တွန်းဖွင့်လိုက်သည်။

အချိန်သည် ၁၀ နာရီနီးပါး ဖြစ်နေပြီ ဖြစ်သောကြောင့်
အပြင်ဘက်တွင် မှောင်မိုက်နေသည်။

စာစဉ် ၁၈

သူသည် ဂတ်ရုံရှည်ထဲမှ ခြောက်တန်း ဖတ်စာအုပ်ကို ထုတ်လိုက်ပြီး သူ၏ မျက်လုံးထဲမှ ဝိဉာဉ်မီးတောက် အလင်းရောင်ကို သုံးပြီး ဖတ်နေလိုက်သည်။

သားသတ်ရုံတွင် အလုပ်လုပ်ရခြင်းသည် ထပ်ကာတလဲလဲ လုပ်ရသော ပုံစံမျိုး ဖြစ်သည်။ နာရီအနည်းငယ်ပြီးတိုင်းတွင် တူညီသောအလုပ်ကို ထပ်ခါထပ်ခါ ပြန်လုပ်နေရသည်။ သူသည် ထိုနေရာသို့ ပို့ထားသော အလောင်းကောင်များထံမှ ဝိဉာဉ်မီးတောက်များကို စုပ်ယူရခြင်း ဖြစ်သည်။

ဝိညာဉ်မီးတောက်များသည် ဝိညာဉ်များနှင့်မတူပဲ တခြားစီဖြစ်သည်။

တိတိကျကျပြောရလျှင် ဝိညာဉ်မီးတောက်များသည် ဝိညာဉ်များ၏ သေအံ့နီးနီး အကြွင်းအကျန်များ ဖြစ်သည်။

ထိုနေရာတွင် လုပ်နေရင်း ဒန်ဘီသည် အလွန်ပင်ပျင်းလာသည်။ သူသည် ရှောင်ဟွာကို စာပြချင်သောကြောင့် ကောင်းဖန်ကို ဖတ်စာအုပ်ဂယ်ခိုင်းထားပြီး သူကိုယ်တိုင်က အရင်စာများနှင့် အကျွမ်းတဝင်ဖြစ်အောင် ဖတ်နေခြင်းဖြစ်သည်။ သူသည် ဖတ်စာအုပ်ကို စိတ်ပါဝင်စားစွာ ဖတ်နေသည်။

ဝိညာဉ်မီးတောက်များကို ပမာဏများပြားစွာ စုပ်ယူထားသောကြောင့် သူသည် သူ၏ ဝိညာဉ်ကို သန့်မာစေရုံသာမက မှတ်ဉာဏ်စွမ်းရည်လည်း ကောင်းမွန်စေသည်။

အဆင့်နိမ့်သားရဲများသည် သိမြင်နိုင်မှုစွမ်းရည် နည်းပါးကြသည်။ သူတို့သည် အဆင့်မြင့်လာပြီးမှသာ တဖြည်းဖြည်း အသိဉာဏ်မြင့်လာခြင်း ဖြစ်သည်။ အသိဉာဏ်မြင့်သော နတ်ဘုရားအဆင့် သားရဲများသည် လူတစ်ဦး၏ အသိဉာဏ်လောက်ပင် ရှိသည်။ သူတို့တွင် မရှိသည်မှာ လူတို့၏ အတွေးအခေါ်နှင့် အတွေ့အကြုံများသည် ဖြစ်သည်။

ထို့ကြောင့် ဒန်ဘီသည် အသိဉာဏ်မြင့်မားသော သားရဲဖြစ်သည်။ သူသည် ထိုအတွက်ကြောင့်လည်း ဖတ်စာအုပ်ကို စမ်းဖတ်ကြည့်နေခြင်း ဖြစ်သည်။ သူသည် ရှောင်ဟွာကို တစ်ယောက်တည်း အခက်မတွေ့စေချင်ပဲ အဖေတစ်ယောက်အနေနှင့် အရင်ဦးဆောင်လမ်းပြ လိုခြင်း ဖြစ်သည်။

သူသည် မကြာမီပင် ဖတ်လို့ပြီးခါနီးနေပြီ ဖြစ်သည်။ သူသည် စာအုပ်ကို အိတ်ထဲ ဂရုတစိုက်ထည့်လိုက်ပြီးနောက် စိတ်ပျော်ရွှင်နေလေသည်။ သူ၏ သခင်သည် ရှောင်ဟွာကို အဆင့်မြှင့်ပေးရန်အတွက် ဆေးရည်ကို

ပေးမည် ဖြစ်ကြောင်းကိုလည်း သူ့ကို ကတိပေးထားလေသည်။

မြစ်နီမျောက်ဝံများသည် အလွန်ပင် ကောင်းသည်။ ဒန်ဘီသည် သူတို့ထံသို့ တစ်ခါရောက်ဖူးသည်။ သူတို့သည် အလွန်ပင် အထင်ကြီးစရာပင်။ သို့သော် မြစ်နီမျောက်ဝံများသည် အသက်တော့ မရှည်ကြပေ။ ထိုအရာကို သူက စိတ်ပူခြင်း ဖြစ်သည်။ ဖုတ်သရဲအမျိုးအစား သားရဲများကတော့ အလွန်အသက်ရှည်ကြသော်လည်း ထိုအရာသည် ကောင်းကွက် ကြီးကြီးမားမား မရှိပေ။ ထိုပြဿနာကို ဖြေရှင်းရန် နည်းလမ်းမှာ ရှောင်ဟွာကို ကွန်မန်ဒါအဆင့်

သို့မဟုတ် နတ်ဘုရားအဆင့်သို့ တိုးပေးဖို့သာ ရှိတော့သည်။

သို့သော် ရှောင်ဟွာသည် ထိုဆေးရည်ကို သောက်လျှင် မည်သို့ ဖြစ်မည်နည်း.. သူသည် စိတ်ပူပန်သွားသည်။ ထို့နောက် ခြေလှမ်းများကို အရှိန်မြှင့်လိုက်သည်။

"ဒန်ဘီ" သူ့ကို အနောက်မှနေ၍ တစ်ယောက်ယောက်က ခေါ်လိုက်သည်။

## စာစဉ် ၁၈

သူသည် အနောက်သို့ ကြည့်လိုက်သောအခါ သူ့ကို လမ်းကြားလေးထဲမှနေ၍ လက်ပြနေသော ကောင်းဖန်ကို တွေ့လိုက်ရသည်။

"သခင်" ဒန်ဘီသည် ကောင်းဖန်ဆီသို့ ခြေလှမ်းကျဲကြီးများဖြင့် သွားလိုက်သည်။

"စိတ်မပူပါနဲ့.. ရှောင်ဟွာအတွက် လိုအပ်တဲ့ အဆင့်မြှင့်ဆေးရည်ကို ဖော်ပြီးပါပြီ.. မင်းကို တစ်ခုလောက် ပြန်ပြီး တောင်းဆိုချင်တာ ရှိလို့"

သူသည် ချက်ချင်းခေါင်းညိတ်လိုက်သည်။ "ဘာများလဲ သခင်"

စာစဉ် ၁၈

“မင်းကူညီပြီး သိမ်းယူပေးရမယ့် ဝိညာဉ် နှစ်ခုရှိနေလို့ပါ” ကောင်းဖန်က လျှို့ဝှက်စွာ ပြုံးရင်း ပြောလိုက်သည်။

ဒန်ဘီသည် ဘာမှထပ်မမပဲ ကောင်းဖန်နှင့်အတူ တောအုပ်ထဲသို့ လိုက်သွားသည်။ မကြာခင် သူတို့သည် ထူထဲသော သစ်ပင်များ ချုံပုတ်များနှင့် ဝန်းရံထားသည့် မြေကွက်လပ် တစ်ခုဆီသို့ ရောက်သွားသည်။ လ၏ အလင်းရောင် အောက်တွင် သားရဲနှစ်ကောင်၏ အရိုးစုများကို တွေ့လိုက်ရသည်။ တစ်ကောင်က နည်းနည်းပိုကြီးသည်။

စာစဉ် ၁၈

ပိုကြီးသောအရိုးစုကြီးသည် အနည်းဆုံး ဆယ်ကိုက်ခန့်ရှိပြီး အရိုးများသည် အလွန်ပင် သေးငယ်လှသည်။ တစ်ခုတည်းသော ကြီးမားသည့် အရိုးကတော့ ပေါင်ရိုးကြီး ဖြစ်ပြီး အလွန်ထူထဲကာ အစွမ်းကြီးလှသည်။ သူ့တွင် အတောင်ပံတစ်စုံလည်း ရှိသည်။ အံ့သြစရာအကောင်းဆုံးမှာ သူ့အမြီး၏ အရိုးများ ဖြစ်သည်။ သူ၏ အမြီးမှ အရိုးများသည် ယပ်တောင် ပုံသဏ္ဍာန်မျိုး ရှိနေသာကြောင့် သူ၏ ပုံစံကြီးမှာ တွေးကြည့်လျှင်ပင် ကြက်သီးထဖွယ် ဖြစ်သည်။ အချို့သော အရိုးများသည်လည်း ယုံချင်ဖွယ်ပင် မရှိသော ပုံစံများဖြင့် လိမ်ကောက်နေပြီး အချို့အရိုးများကတော့ အရင်းထိ အက်ကွဲနေသည်။

စာစဉ် ၁၈

သိပ်မဝေးလှသော နေရာတွင်တော့ ပိုသေးသော အကောင်၏ အရိုးစုရှိနေပြီး ၁၃ ပေခန့် ရှည်လေသည်။ သူ့တွင်တော့ စွမ်းအားကြီးသည် ပုံသဏ္ဍာန်ရှိပြီး အထူးသဖြင့် သူ၏ လက်မောင်းပိုင်းသည် မြို့ရိုးဖြိုတုံးမောင်းကြီးနှင့်ပင် တူနေသည်။ သူ၏ ကျောဘက်တွင်မူ ကြီးမားသော အရိုးကြီး ထွက်နေပြီး ပြန်သိမ်းနိုင်သည့် ပုံစံမျိုးလည်း ရှိသည်။

သေဆုံးသွားပြီး ဖြစ်သော်လည်း ထိုသဏ္ဍာန်နှစ်ခုသည် အလွန်ကြီးမားသော စွမ်းအင်များထွက်နေဆဲ ဖြစ်သည်။ ပုလဲဖြူရောင် အရိုးကြီးများသည် လရောင်အောက်တွင် တောက်ပနေသည်။

## စာစဉ် ၁၈

ဒန်ဘီသည် ဘာမှမပြောပဲ ထိုအရိုးများအကြောင်းကိုလည်း မမေးပါချေ။ သူသည် ညာဘက်လက်ကို မြှောက်လိုက်ပြီး ဝိညာဉ်မီးတောက်သည် သူ၏ လက်ဖဝါးမှ ပေါ်ထွက်လာသည်။

ထို့နောက် လည်ပတ်နေသော အကွင်းများ သဏ္ဍာန် မီးတောက်များသည် ပိုကြီးသေ အရိုးစုကြီးဘေးတွင် ပေါ်ထွက်လာပြီးနောက် ခေတ္တကြာ တည်ရှိနေပြီး ပျောက်ကွယ်သွားသည်။ ဒန်ဘီသည် ခေါင်းကိုယမ်းလိုက်သည်။ သူသည် ထို အရိုးစုကြီးကို အသက်သွင်းရန် စွမ်းအင် လုံလောက်မှု မရှိသေးပါချေ။ သူသည် သစ်သားဒေါင်းကြီးထက်ပင်

တစ်ဆင့်နိမ့်သောကြောင့် ထိုအဆင့်ထက် နိမ့်သော သားရဲများကိုသာ အသက်ပြန်သွင်း နိုင်လေသည်။

အဆင့် ၄၂ ရှိထားသော အတောင်ပံပါသည့် မိုးကြိုးမျောက်ဝံကြီးကတော့ တစ်မျိုး ဖြစ်သည်။ သူသည် မသေခြင်း၏ မီးတောက်များက ရေများကဲ့သို့ စီးဆင်းနေပြီး အရိုးစုများထဲတွင် ဖြစ်တည်နေကာ အဖြူရောင် စက်လုံးကြီးအဖြစ် ဖုံးလွှမ်းသွားခြင်း ဖြစ်သည်။

မိုးကြိုးမျောက်ဝံကြီး၏ အရိုးစုအကြွင်းအကျန်များတွင် ကျန်ရှိနေသော ဝိညာဉ်မီးတောက်များကိုတော့ ဒန်ဘီ၏

မသေခြင်းမီးတောက်များမှ တစ်ဆင့် စုပ်ယူနိုင်လေသည်။

ဒန်ဘီ၏ နားထဲတွင် မြည်တွန်သောအသံအချို့ကို ကြားနေရသည်။ တစ်ချိန်တည်းမှာပင် အချို့သော မှတ်ဉာဏ်များသည် သူ၏ ရှေ့တွင်ဖြစ်နေသကဲ့သို့ တဖျတ်ဖျတ် ပေါ်လာနေသည်။ သူစုပ်ယူသော ဝိညာဉ်မီးတောက်တိုင်းတွင် ထိုကဲ့သို့ ပေါ်လာလေ့ ရှိခြင်း ဖြစ်သည်။ ထို့ကြောင့် သူသည် ထိုမှတ်ဉာဏ်များကို ရှောင်ပြီး စုပ်ယူနိုင်ပါက သူ၏ ဦးနှောက်ထိခိုက်မှုကို ရှောင်ရှားနိုင်မည် ဖြစ်သည်။

စာစဉ် ၁၈

ခွဲစိတ်ဆရာဝန်တစ်ယောက်၏ တိကျမှုမျိုးဖြင့် ဒန်ဘီသည် မလိုအပ်သော မှတ်ဉာဏ်များကို ကင်ဆာဆဲလ်တစ်ခုကဲ့သို့ ဖြတ်ထုတ်လိုက်သည်။

ထိုမှတ်ဉာဏ်များသည် မီးပုံနားမှ နှင်းများလို အရည်ပျော်ပြီး၊ ညရောက်လာချိန်ပျောက်ကွယ်သွားသော သက်တံ့လို ပျောက်ကွယ်သွားသည်။

ငွေရောင်ရှိသော လရောင်အောင်တွင် ပျက်စီးသွားသော မှတ်ဉာဏ်များသည် အပြင်ဘက်သို့ ဖြည်းညှင်းစွာ ထွက်လာသည်။

မှတ်ဉာဏ်ပုံရိပ်များတွင် မျောက်အညိုရောင်လေးသည် ခုန်ပေါက်မူးထူးနေပြီး သူ၏ အရှေ့မှ လှောင်အိမ်၏ ဘားတန်းများနောက်တွင် ရှိနေသော ခြေနှစ်ချောင်းအကောင် တစ်ကောင်ကို ချောင်းကြည့်နေသည်။

သစ်ရွက်များသည် လေနှင့်အတူ လှုပ်ရှားနေသည်။ နေရောင်ခြည်သည် သစ်ရွက်များကြားထဲမှ ရွှေရည်စက်များလို ဖြာကျနေသည်။ မျောက်ညိုလေးသည် အတန်ငယ် ကြီးလာပြီ ဖြစ်ပြီး ထိုအလင်းရောင်များကို လိုက်ဖမ်းနေသည်။ သူ၏ ရယ်သံလေးသည် ထိုနေရာတစ်ဝိုက်တွင် ပဲ့တင်ထပ်နေသည်။

စာစဉ် ၁၈

ထို့နောက် ကပ်ဆိုးကြီးဖြစ်နေပုံ ပေါ်လာသည်။ တိရိစ္ဆာန်များသည် ဂရုန်းသုန်းကာ အော်ဟစ်နေကြသည်။ သော့အတွဲလိုက်ကိုင်ထားသော ထိန်းသိမ်းသူသည် ကြီးမားသော တံခါးကြီးကို ဖွင့်လိုက်သည်။ "ပြေးကြ အားလုံး ထွက်ပြေးကြ"

အခြားသော မျောက်များသည် အလျင်အမြန် ထွက်ပြေးနေကြသည်။

မျောက်ညိုလေးတစ်ကောင်သာ ကျန်ခဲ့ပြီး သူတို့ကို နေ့တိုင်းအစာကျွေးနေသော လူကို လိုက်ရှာနေသည်။ သူသည် ခေါင်းလေးကို တစ်ချက်ကုတ်လိုက်ပြီး ခဏာစဉ်းစားပြီးနောက်တွင် ထိုလူ၏ လည်ပင်းကို

သိုင်းဖက်လိုက်သည်။ ထိုသူ အံ့သြသွားသည်ကို တွေ့ရပြီးနောက် မျောက်လေးသည် တစ်ချက် ရယ်မောလိုက်သည်။

မှတ်ဉာဏ်သည် ထိုနေရာတွင် အဆုံးသတ်သွားသည်။

ထိုမှတ်ဉာဏ်သည် မိုးကြိုးမျောက်၏ အရေးအပါဆုံး မှတ်ဉာဏ်များ ဖြစ်သည်။ သေဆုံးသွားပြီးသည့် တိုင်အောင် အရေးကြီးသော အရာများသည် ကျန်ရှိနေသေးသည်ပင်။

ကောင်းဖန်သည် သက်ပြင်းမောကြီးချလိုက်ပြီး မျက်လုံးများကို မှိတ်လိုက်သည်။

စာစဉ် ၁၈

***

# *သားရဲလေ့ကျင့်သူ ။ အခန်း ၂၈၄ တုန်ခါမှု*

လူတိုင်းတွင် ထူးခြားသော ဘဂဇာတ်ကြောင်းများ ရှိကြသည်။

မိုးကြိုးမျောက်ကြီးအတွက် တိရိစ္ဆာန်ရုံ ဂန်ထမ်း ကျားယုသည် အလွန်ပင် အရေးကြီးသည်။ သူသေသွားပြီး နောက်တွင်ပင် ကျားယုနှင့် မှတ်ဉာဏ်များသည် သူ၏ ဝိညာဉ်ထဲတွင် နက်နဲစွာ စွဲကပ်နေသည်။

သစ်သားဒေါင်းကြီးအတွက်ကတော့ အညှံ့ခံသည်ထက် သေလိုက်သည်က ပို၍ သာသည်ဟု တွေးကာ အသေခံခဲ့သောကြောင့် သူသည် အလွန်အဖိုးတန်သော သားရဲဖြစ်ကြောင်းကို သက်သေပြနေသည်။

ရန်သူဖြစ်ရတာပင် နှမြောဖို့ ကောင်းလှသည်။

မိုးကြိုးမျောက်ကြီး၏ အလောင်းကြီးသည် ရုတ်တရက် ထအော်ဟစ်မြည်တမ်းလိုက်ပြီးနောက် တဖြည်းဖြည်း ထရပ်လာသည်။ ပူပြင်းသည့် အဖြူရောင် မီးတောက်များသည် သူ၏ အမည်းရောင်မျက်ဆံထဲတွင် တောက်ပစွာ ရှိနေသည်။ ပြာဖြူရောင် အရိုးများ၏

## စာစဉ် ၁၈

ရိုက်ခတ်သံသည် တောအုပ်ထဲတွင် ခြောက်ခြားစရာ ပေါ်ထွက်နေသည်။

ပထမဆုံး မြင်တွေ့ဖူးခြင်း မဟုတ်သော်လည်း ကောင်းဖန်သည် အံ့သြမှင်သက်မိနေသည်။

သေသူကို ရှင်အောင် ပြန်လုပ်နိုင်သော အစွမ်းကို မျက်ဝါးထင်ထင် မြင်နေရခြင်း မဟုတ်ပါလား။

[သားရဲအမည်] – အတောင်ပံပါသော အရိုးစု မျောက်ဝံ

[သားရဲအဆင့်]– အဆင့် ၄၁

[သားရဲစွမ်းရည်] – ပုံမှန်

စာစဉ် ၁၈

[သားရဲအမျိုးအစား] – ဖုတ်ကောင်/ အရိုး

[သားရဲပျော့ကွက်] – တန်ခိုးရှင်/ အလင်းရောင်

သူ၏ အဆင့်နှင့် စွမ်းရည်များသည် အရင်ကထက်တော့ နိမ့်သွားသည်။

ပြန်လည်အသက်သွင်းထားသော ဖုတ်ကောင်သည် အသက်ရှင်စဉ်ကလောက်တော့ စွမ်းအင် အပြည့်အဝ ပြန်လည် ရရှိနိုင်မည် မဟုတ်ပေ။ ပြန်လည် အသက်သွင်းထားသော ဖုတ်ကောင်များ၏ ခွန်အားများသည်လည်း ကွာခြားမှုရှိကြပြီး တစ်မျိုးနှင့် တစ်မျိုး မတူညီကြပါချေ။

စာစဉ် ၁၈

ဒန်ဘီသည် မိုးကြိုးမျောက်ကြီးကို သစ်သားဒေါင်းကြီး၏ အကြွင်းအကျန်များအား သူ့သခင်၏ခေတ်ခွဲခန်းဆီသို့ သယ်လာရန် အမိန့်ပေးလိုက်သည်။ ထို့နောက် ကောင်းဖန်နောက်သို့ လိုက်သွားလိုက်သည်။

“ရှောင်ဟွာက ဒီနေ့လည်ခင်းပဲ အဆင့်မြှင့်တာ အောင်မြင်သွားပြီ.. အခုတော့ သူ့အိမ်လေးထဲမှာ ငါထွက်လာတဲ့ထိ အိပ်နေတုန်းပဲ.. သူနိုးလာပြီလား သွားကြည့်လိုက်ပါဦး” ကောင်းဖန်က ပြောလိုက်သည်။

ဒန်ဘီက ခေါင်းတငြိမ့်ငြိမ့်လုပ်လိုက်သည် ။ သူသည် ကောင်းဖန်ထွက်သွားသည်ကို မလှုပ်မယှက် ကြည့်နေသည်။ ထို့နောက် သူ၏ ညာဘက်လက်သီးကို

ရင်ဘတ်ကို ထုလိုက်လျက်

ကောင်းဖန်ထွက်သွားသည့်ဘက်ဆီ လေးနက်စွာ

ဦးညွှတ်အရိုအသေပြုလိုက်သည်။

…

ယွီကျိုးရှိ လူတိုင်း၏ ပါးစပ်ဖျားတွင် သတင်းတစ်ခုသည်

နာမည်ကြီးနေသည်။

ထိုသတင်းမှာ တောင်ပိုင်းကောင်းကင် အဖွဲ့အစည်းတွင်

နတ်ဘုရားအဆင့် ကိုယ်ပိုင်သားရဲကြီးဖြစ်သည့်

ဘေးအန္တရာယ် တောင်ပင့်ကူကြီး ရှိနေပြီဆိုသည့် သတင်းဖြစ်သည်။

ထိုသတင်းသည် ယွီကျိုး၏ အဆင့်မြင့် အသိုင်းအဝိုင်းများဆီကိုပါ ပျံ့နှံ့သွားပြီး အခြားသော မြို့ခြေဒေသများဖြစ်သည့် ဟွာရှားအထိပါ ရောက်သွားသည်။

လူများသည် မမြင်ရမချင်းတော့ ထိုအရာကြီးကို တကယ်ဟု မထင်ကြပေ။ မြင်လိုက်ရသော အခါတွင်တော့ သူတို့သည် လိပ်ပြာလွင့်မတတ်ပင် အံ့သားသင့်သွားကြသည်။ သူတို့၏ နှလုံးသားများတွင်

မနာလိုစိတ်၊ အထင်ကြီးစိတ်၊ အံ့ဩစိတ်များဖြင့် ရှုပ်ထွေးကုန်ကြသည်။

“ကျီဟန့်ဂူမှာ နတ်ဘုရားအဆင့် နဂါးဖြူကြီး ရှိတယ်ဆိုတာတော့ ကြားဖူးတယ်.. အခုတော့ နောက်ထပ် နတ်ဘုရားအဆင့် ကိုယ်ပိုင်သားရဲကို ထပ်ရသွားပြန်ပြီ.. တောင်ပိုင်းကောင်းကင် အဖွဲ့အစည်းက အရမ်းကြီးမားလာတော့မှာ မဟုတ်ဘူးလား” မိုဒုမြို့ခြေ၏ မြို့တော်ဝန်က အားလုံးကြအောင် ပြောလိုက်သည်။

ထိုညတွင် ယွီကျိုးစစ်တပ်နှင့် အစိုးရအဖွဲ့သည် သုံးနာရီကြာအောင်ပင် အရေးပေါ် အစည်းအဝေး လုပ်ဖြစ်ကြသည်။

ကမ္ဘာစစ်မဟာမိတ် အစိုးရအဖွဲ့တွင် စစ်တပ်နှင့်အစိုးရအဖွဲ့သည် သီးခြားတာဝန်များ ခွဲထားကြသည်။ သူတို့သည် တည့်ကြသည်က ရှားသောကြောင့် ထိုသို့အစည်းအဝေးမျိုး လုပ်ခြင်းသည် ရှာမှရှားဟု ဆိုရမည်။

"ကောင်းပြီ.. အစည်းအဝေးရဲ့ အနှစ်ချုပ်တွေကို ဟွာရှားဒေသက ဖက်ဒရယ်အစိုးရအဖွဲ့ကို တင်ပြလိုက်ပါ.. လောလောဆယ်တော့ ဘာမှ

မလှုပ်ရှားသေးကြရအောင်.. တောင်ပိုင်းကောင်းကင် အဖွဲ့အစည်းက ဘာမှ ထူးထူးခြားခြား မလှုပ်ရှားသေးသရွေ့ သူတို့ကို ကောင်းကောင်းထားပေးလိုက်ပါ"

ထိုသို့ပြောပြီးနောက် ယွီကျိုးမြို့ခြေမှ မြို့တော်ဂန်သည် အစည်းအဝေးကို အဆုံးသတ်လိုက်သည်။

ထိုအစည်းအဝေး၏ ရည်ရွယ်ချက်သည် တောင်ပိုင်းကောင်းကင် အဖွဲ့အစည်းကို ဆန့်ကျင်ဖို့တော့ မဟုတ်ပေ။ သူတို့သည် ပွထနေသော သတင်းများကြောင့် အစည်းအဝေးကို ရိုးရိုးရှင်းရှင်း လုပ်လိုက်ကြခြင်း ဖြစ်သည်။ လောလောဆယ်တော့

စာစဉ် ၁၈

အဓိကဒေသများ၌ ဆိုင်ရာ ဆိုင်ရာ ကိုယ်ပိုင်သားရဲများကို ထားသင့် မထားသင့်ကို မဆုံးဖြတ်ကြရသေးပေ။ ကမ္ဘာသစ်မဟာမိတ် အစိုးရအဖွဲ့ ဖွဲ့စည်းမှုတွင် ထိုဒေသများနှင့် အနည်းငယ်သော တင်းမာမှုများသည် ရှိနေဆဲဖြစ်သည်။ အချို့သော ရှယ်ယာဌာနများနှင့် ပရောဂျက်များမှ လွဲ၍ သူတို့သည် ထိုဒေသများတွင် ဖြစ်နေသောအကြောင်းများကို လုံးဝမသိဘူး ဖြစ်နေလေသည်။

ဟွာရှားဒေသတွင် တစ်ခုတည်းသော နတ်ဘုရားအဆင့် ကိုယ်ပိုင်သားရဲ ဖြစ်သည့် နဂါးဖြူကြီးရှိကြောင်းကိုတော့ အားလုံးက သိထားကြလေသည်။ ယခုတော့ နောက်ထပ်

တောင်ပင့်ကူကြီးပင် ထပ်ရှိနေပြန်ပြီပင်။ ကျီဟာန့်ဝူ၏ အကြံအစည်များကို မည်သူမျှ မသိနိုင်ပေ။ ထို့ကြောင့် ကြိုတင်ပြင်ဆင်ထားခြင်းက မမှားနိုင်ချေ။

ကောင်းဖန်သည် ထိုသတင်းကို နောက်တစ်နေ့တွင် သိလိုက်ရသည်။

"အဖိုး.. သတင်းတွေကို ဒီလိုပဲ လွှတ်ထားတော့မှာလား" ကောင်းဖန်သည် ထို့ကဲ့သို့ သတင်းကျော်စောနေမှုကို မနေတတ် ဖြစ်နေသည်။ သူသည် သိုသိုသိပ်သိပ် အလုပ်လုပ်နေရသည်ကို ပို၍ သဘောကျသူ ဖြစ်သည်။

“ငါလည်း မင်းအတွက် ဖုံးဖိပေးမလို့ပါပဲ.. ဒါပေမယ့် မင်းကိုယ်ပိုင်သားရဲကြီးရဲ့ အရွယ်အစားကိုလည်း ကြည့်ဦးလေ.. ငါဘယ်လို ဖွက်ထားရမှာတုန်း.. လူတွေက ကန်းနေတာလည်း မဟုတ်ဘူး” ကျီဟန့်ဝူက ပြောလိုက်သည်။

ကောင်းဖန်က ရယ်သွမ်းသွေးလိုက်သည်။ သူ့အဖိုးပြောတာလည်း မှန်ပေသည်။ အစင်းလေးကို ဘယ်သူမှ မမြင်အောင် ထားဖို့နည်းလမ်း မရှိပါချေ။

“လူတွေသိသွားတော့ရော ဘာဖြစ်လဲ” ကျီဟန့်ဝူက တည်ငြိမ်စွာ ပြောလိုက်သည်။ “သူတို့ ဘာလုပ်နိုင်မှာမို့လို့လဲ”

“မှတ်ထား.. အင်အားကြီးတဲ့သူတွေက အင်အားနည်းတဲ့သူတွေကို အမြဲတမ်း အမဲလိုက်သလို လိုက်နေမှာပဲ.. အဖိုး တောင်ပိုင်းကောင်းကင် အဖွဲ့အစည်းကို ပြန်ရောက်လာတုန်းက ဘာဆိုဘာမှ မရှိခဲ့ဘူး.. အဖိုး ပြန်လာတဲ့ ညမှာတုန်းကဆိုရင် စနိုက်ပါတွေ၊ ကိုယ်ပိုင်သားရဲတွေရဲ့ ချုံခိုတိုက်ခိုက်တာကို ၆ ကြိမ်တိတိ ခံခဲ့ရပြီး အဖိုးအခန်းထဲထိ ဗုံးပစ်ခဲ့တဲ့ သူတောင် ရှိတယ်”

ကောင်းဖန်သည် နားစိုက်ထောင်လိုက်သည်။ သူသည် အဖိုးတစ်ယောက် အတိတ်အကြောင်း ပြောသည်ကို ပထမဆုံး ကြားဖူးခြင်း ဖြစ်သည်။

ကောင်းဖန်သည် အံ့အားသင့်နေမိသည်။ “ဘယ်သူက ဒါမျိုး လုပ်ရဲရက်တာလဲ”

ကျီဟာန့်ဝူက ဆက်ပြောလိုက်သည်။ “အဖိုးက နှစ်အတော်ကြာ သွားနေခဲ့တော့ သူတို့က အဖွဲ့အစည်းကို လုပ်ချင်တိုင်း လုပ်နေခဲ့တာပေါ့.. ပြောရရင် အဖိုး ပြန်လာတာကို မကျေနပ်လို့ပေါ့ကွာ” သူသည် တစ်ချက်ရယ်လိုက်သည်။ “နောက်နေ့လည်းကျရော အဖိုးလည်း နဂါးဖြူကြီးကိုခေါ်ပြီး အကုန်သတ်ပစ်လိုက်တယ်”

စာစဉ် ၁၈

ထို့နောက် သူသည် ကောင်းဖန်ဘက်သို့ လှည့်လိုက်ကာ မျက်လုံးကို စိုက်ကြည့်ပြီး ပြောလိုက်သည်။ "အဲဒါမှ သူတို့စိတ်ထဲ အကြောက်တရား ရှိသွားမှာ"

ကောင်းဖန်က မြေကြကို ထိုးဆွနေသော ကြက်ပေါက်ကလေးအလား စိတ်အားထက်သန်စွာ ခေါင်းညိတ်လိုက်သည်။

"အဖိုးလည်း မင်းနဲ့အတူ နောက် ၂ နှစ်လောက်တော့ ဖြတ်သန်းနိုင်ဦးမယ် ထင်ပါတယ်.." ကျိုဟန့်ဝူက အဆုံးသတ်လိုက်သည်။ သူသည် သူ၏ မြေးကို ဒီလောက်မြန်မြန် ကြီးပြင်းလာမည်ဟု မတွေးမိခဲ့ချေ။ သူသည် တည်ငြိမ်စွာ ပြုံးလိုက်သည်။ သူအလွန်ပင်

ကာကွယ် ပေးချင်နေသော မြေးလေးသည် သူ့ကို မလိုအပ်တော့ပြီလား ဆိုတာကို ဘယ်သူက သိနိုင်မည်နည်း။

"အဖိုးကို အခုကစပြီး ကျွန်တော် စောင့်ရှောက်သွားမှာပါ" ကောင်းဖန်၏ အသံသည် သံမဏိလို ပြတ်သားလှသည်။

"ဟားဟား အဖိုးကို စိတ်မပူပါနဲ့.. အဖိုးမှာလည်း ကိုယ့်အကြံနဲ့ ကိုယ် ရှိပါသေးတယ်" ကျီဟန့်ဝူက ပြောလိုက်သည်။

စာစဉ် ၁၈

နက္ခတ် ရွှေ့ပြောင်းခြင်း အတတ်ကို ကျီဟန့်ဝူသည် ယခင်က ရှာဖွေတွေ့ရှိထားပြီး ဖြစ်သည်။ သူသည် ယခင်က လေ့ကျင့်ထားခဲ့သဖြင့် ထိုအစွမ်း၏ စွမ်းအားကိုလည်း ကောင်းကောင်း သိလေသည်။ ထို့ကြောင့် သူသည် ကောင်းဖန်မှာ သူ့ထက် ပို၍ သန်မာကြောင်း၊ ကာကွယ်ပေးရန် မလိုတော့ကြောင်းကို သေချာသိနေပြီ ဖြစ်သည်။

တတိယနေ့တွင် အစင်းလေးသည် ကောင်းဖန်ရှိရာသို့ စတင်ရွေ့လျားလာသည်။ သူသည် စံအိမ်ကြီး၏ အနောက်ဘက်ရှိ တောင်ကြားထဲတွင် အခြေချလိုက်သည်။

စာစဉ် ၁၈

ယွီကျိုးအစိုးရသည် ထိုအရာကြီးကို မြင်သော်လည်း မသိချင်ယောင် ဆောင်ထားကြသည်။ ဟွာရှားဒေသသည် ဘာမှမလှုပ်ရှားဖို့ အမိန့်ရထားသည် မဟုတ်ပါလား။

ထိုအရာသည် ယွီကျိုးအစိုးရ၏ တရားဝင် ပြန်တမ်းဖြစ်သည်။ သို့သော် တောင်ပိုင်းကောင်းကင် အဖွဲ့အစည်းမှ ဂန်ထမ်းများသည် သူများနှင့်မတူသော ခံစားချက်ကို ရရှိလိုက်ကြသည်။ သူတို့သည် ကမ္ဘာ့အလုံခြုံဆုံး နေရာတွင် အလုပ်လုပ်နေရသော ခံစားချက်များ ဖြစ်နေကြသည်။

***

# သားရဲလေ့ကျင့်သူ ကောင်းဖန်

စာစဥ် ၁၈

စာစဉ် ၁၈

# *သားရဲလေ့ကျင့်သူ ။ အခန်း ၂၈၅ ရွှေရောင်အမြီး*

# *တန်ခိုးရှင် ပုစွန်*

"တဒ္ဓဇီ ဘာလုပ်တာလဲ.. ချက်ချင်း ပြန်လာခဲ့စမ်း"

ကောင်းဖန်က ငေါက်ငမ်းလိုက်သည်။

ခရမ်းရောင် အလင်းလေးသည် တောင်တန်းများကြား ဖြတ်သန်းသွားပြီးနောက် ကောင်းဖန်ရှေ့သို့ ထိုးကျလာသည်။

စာစဉ် ၁၈

တဲ့ဇီသည် ကောင်းဖန်ကို တစ်ချက်စွေ ကြည့်လိုက်ပြီးနောက် မသိမသာ ပြန်လစ်ထွက်သွားသည်။

"အဲဒီမှာပဲ နေစမ်း" သူချက်ချင်း ရပ်သွားပြီး ဦးမျှင်များကတော့ လှုပ်ရှားနေသည်။ ကောင်းဖန်များ သတိထားမိသွားမလား..

"မင်းအခုဘာလုပ်တာလဲ" ကောင်းဖန်က ဒေါသတကြီး မေးလိုက်သည်။

တာ့ဇီက လှည့်ကြည့်လိုက်ပြီးနောက် "ဘယ်သူ့ကို ပြောတာလဲ.. ငါ့ကို ပြောတာလား" ဟူသော မျက်နှာပေးဖြင့် ကြည့်လိုက်သည်။

ကောင်းဖန်သည် တာ့ဇီ၏ လက်သည်းတစ်ခုကို မလိုက်သည်။ "ရှင်းပြစမ်းပါဦး" သူသည် လက်သည်းကြားထဲမှ အညစ်အကြေးများကို ပြရင်း ပြောလိုက်သည်။

"အရသာရှိလို့ပါ" တာ့ဇီသည် အပြစ်ကင်းသော အပြုံးလေးဖြင့် ပြောရင်း သူ၏ လက်သည်းများကို သန့်ရှင်းနေလိုက်သည်။

စာစဉ် ၁၈

ကောင်းဖန်က စိတ်ပျက်သည့်ပုံ လုပ်ပြလိုက်သည်။ အစင်းလေး ပြန်လာပြီးကတည်းက တာ့ဇီသည် သူနှင့် နေ့တိုင်းသွားဆော့နေသည်။ အစင်းလေးသည် ငပျင်းအနေးကောင်လေးနှင့်တူလျှင် ဂိုဒီသည် တက်ကြွလက်ဆပြင်းသော ဘဲတစ်ကောင် နှင့်တူပြီး တာ့ဇီကတော့ အလွန်အဆော့သန်သော မျောက်တစ်ကောင်နှင့် တူပေမည်။

"လွှတ်စမ်းပါဟ" တာ့ဇီသည် ရုန်းရင်းဆန်ခတ်ဖြင့် လှုပ်ရှားနေသည်။

“မင်းအမြဲတမ်း အစင်းလေးကို သွားသွားရှုပ်နေတာပဲ.. သူ့ကျောပေါ်မှာ အပင်ထပ်သွားစိုက်နေပြန်တာမလား”

တာ့ဇီသည် ချက်ချင်းရပ်သွားသည်။ ထို့နောက် မျက်လုံးကို ပိတ်လိုက်ပြီး မကြားချင်ယောင် ဆောင်နေသည်။

“အပင်ကတော့ ထားပါတော့.. ဒါပေမယ့် ဘာလို့ လိမ္မော်ပင်တွေပါ သွားစိုက်နေရတာလဲ”

တာ့ဇီက မျက်လုံးပြူးကြီးဖြင့် ပြန်ကြည့်လိုက်သည်။
"လိမ္မော်သီးက အရသာ ရှိတယ်လေ.. ခူယားတွေက
လိမ္မော်သီး ကြိုက်တယ်ဆိုတာ မသိဘူးလား"

ထိုစကားကို ကြားပြီးနောက် ကောင်းဖန်သည် တာ့ဇီကို
လွှတ်ပေးလိုက်ပြီး လှည့်ထွက်လိုက်သည်။

"ခဏနေဦး ကောင်းဖန်.. လိမ္မော်သီး ယူခဲ့မယ်.."

ကောင်းဖန်သည် ရယ်ရမလား ဒေါသထွက်ရမလားပင်
မသိတော့ပါချေ။ တာ့ဇီသည် အင်တာနက်

သုံးပြီးသွားကတည်းက ထူးဆန်းတာတွေ လျှောက်လုပ်နေခြင်း ဖြစ်သည်။

အခြေအနေများသည် အနည်းငယ် တည်ငြိမ်စပြုလာသော်လည်း တောင်ပင့်ကူကြီးနှင့် ဧကရာဇ်အဆင့် သားရဲအကြောင်းသည် ပျံနှံ့နေတုန်း ဖြစ်သည်။

အများစုကတော့ အသေးစိတ်ကို မသိကြပါချေ။ သို့သော် တစ်ဦးတစ်ယောက်က စပြီးဖြန့်လိုက်သည်နှင့် အားလုံး သိသွားကြမည်မှာ အနေ့းနှင့်အမြန်ပင် ဖြစ်သည်။

ထို့ကြောင့် ကောင်းဖန်နှင့် ကျီဟာန့်ဝူတို့သည် တစ်နေ့တစ်နေ့ အလည်အပတ် လာသူများနှင့် ကြုံတွေ့နေရသည်။ သူတို့ထဲမှ တော်တော်များများသည် သူစိမ်းများ ဖြစ်ကြပြီး သူတို့ နှစ်ယောက်ကို လာတွေ့ကြခြင်း ဖြစ်သည်။

တောင်ပိုင်းကောင်းကင်အဖွဲ့အစည်း၏ အင်အားသည် တဖြည်းဖြည်း မြင့်တက်လာသည်ဟု ဆိုရမည်။ သူတို့သည် ယခင်ကလည်း ကြီးမားသော အင်အားရှိသော်လည်း ယခုတော့ ဧကရာဇ်အဆင့် ကိုယ်ပိုင်သားရဲ နှစ်ကောင်တောင် ရှိနေပြီ ဖြစ်သောကြောင့် သူတို့၏ အရှိန်အဝါသည် ကြီးသထက် ကြီးလာနေသည်။

စာစဉ် ၁၈

အချို့သောသတင်းများတွင် တောင်ပိုင်းကောင်းကင်အဖွဲ့၏ “အဆင့်မြှင့် ဆေးရည်” ကို ကိတ်မုန့်ပူပူများအဖြစ် ရောင်းချနေကြောင်း ပြောနေကြသည်။ သူတို့၏ ကြော်ငြာပုံစံမှာ ဥက္ကဋ္ဌကျီ၏ ကေရာဇ်အဆင့် သားရဲကြီးသည် ထိုဆေးရည်ကို သောက်ပြီး အဆင့်မြင့်သွားသည်ဟု ဆို၏။ ထို့ကြောင့် ဝယ်ယူသူ အများအပြား ရှိလာပြီး ချက်ချင်းပင် ကုန်သွားလေသည်။ တောင်ပိုင်းကောင်းကင် အဖွဲ့အစည်းသည် အလွန်ပင် နာမည်ကြီးနေသည်။

”သခင်လေး.. လင်ရှင်းရွှယ်လို့ ခေါ်တဲ့ မိန်းကလေးက တွေ့ချင်လို့တဲ့”

စာစဉ် ၁၈

“အထဲပို့လိုက်ပါ”

လင်ရှင်းရွယ်သည် သူမ၏ ကိုယ်ပိုင်သားရဲနှင့်အတူ ခေတ်ခွဲခန်းသို့ ဝင်လာသည်။

“ရှင်ကတော့ ခွင်ကောင်းကောင်း ရသွားတာပဲ” သူမသည် သူ့ကို စကားစပြောသောကြောင့် လှည့်ကြည့်လိုက်သော်လည်း သူမ၏ လှသွားသဖွယ် ထက်မြက်စူးရှသော မျက်လုံးများကြောင့် မအံ့ဩမိတော့ပါချေ။

စာစဉ် ၁၈

ကောင်းဖန်သည် ဘာပြောရမှန်း မသိပုံဖြင့် ပြုံးလိုက်သည်။

သူမ၏ နောက်တွင် ပါလာသော ကိုယ်ပိုင်သားရဲသည် ၁ဂ ပေခန့် ရှိသော ရှည်လျားသည့် ပုစွန်ကြီး ဖြစ်ကာ ရွှေအစစ်များဖြင့် ရှိနေသည်။

သေချာကြည့်မည်ဆိုပါက သူသည် သံချပ်ကာများနှင့် ပုစွန် မဟုတ်ပဲ စာကလေးအမြီးရှိသည့် ရှိခိုးကောင်ပုံစံ ပုစွန် ဖြစ်သည်။ သူတို့သည် အနည်းငယ် ဆက်နွယ်မှု ရှိသလို ဖြစ်သော်လည်း သူတို့၏ ခွန်အားများကတော့ ကွာခြားလှသည်။

ကပ်ဆိုးကြီး မတိုင်မီက စာကလေးအမြီးရှိသည့် ရှိခိုးကောင်ပုံစံ ပုစွန်သည် သူ၏ လက်များဖြင့် တစ်နာရီလျှင် မိုင် ၅ဝ အရှိန်ဖြင့် တိုက်ခိုက်နိုင်ပြီး သေနတ်တစ်လက်လောက်ကို မြန်ဆန်သည်။ သူ၏ လက်များကို ပွတ်လိုက်လျှင် ထွက်လာသော အပူသည် အနီးနားရှိ ရေများကို ဆူပွက်လောင်မြိုက်စေနိုင်ပြီး သူ၏ မှော်ဆန်သော မျက်လုံးများသည် အလင်းပေါင်းများစွာကို ကြည့်နိုင်စွမ်း ရှိလေသည်။

ထိုကဲ့သို့ သားရဲမျိုးသည် ကပ်ဆိုးကြီး မတိုင်မီကပင် ရှိနေခဲ့ပြီး ဖြစ်ရာ ကပ်ဆိုးကြီးက သူ့ကို အဆင့်မြှင့်ပေးလိုက်သလို ဖြစ်သွားခြင်းပင်။

စာစဉ် ၁၈

[သားရဲအမည်] – ရွှေရောင်အမြီး တန်ခိုးရှင် ပုစွန်

[သားရဲအဆင့်] – ၄၀

[သားရဲစွမ်းအင်] – အလွန်ကောင်း

[သားရဲစွမ်းရည်] – ကြွက်သားကြီးထွားမှု အဆင့် ၂

[သားရဲအမျိုးအစား] – ရွှေ

[သားရဲပျော့ကွက်] – ၁။ မီး ၂။ သူ့အမြီးရှိ ၃ ခုနှင့် ၄ ခုမြောက် တွယ်ဆက်ကြွက်သားသည် အလွန်အားနည်းသည်။

[အကောင်းဆုံးအဆင့်သို့ ရောက်နိုင်သော နည်းလမ်းများ] – ဖြ ခု ရှိ

## စာစဉ် ၁၈

သူ၏ စွမ်းရည်များသည် သာမာန်ဟု ထင်ရသော်လည်း ကောင်းဖန်သည် သူ၏ လက်သည်းများ၊ ကိုယ်၏အောက်တွင် ဖုံးကွယ်ထားသော လွှသွားပုံခေးများ၊ ခေးရှည်များနှင့်တူသော ခန္ဓာကိုယ် အချိုးအစားတို့ကို သတိထားမိနေသည်။ ထို့ကြောင့် ထိုခန္ဓာကိုယ်ကြီးနှင့် လက်သည်း အရှိန်တို့ပေါင်းစပ်လိုက်လျှင် သူသည် မည်သည့်အရာကို မဆို လျှပ်စီးလို ဖြတ်လိုက်နိုင်မည်မှာ အမှန်ပင်။

သူ၏ အပြင်ပိုင်းမှာလည်း စိန်ကဲ့သို့ မာကျောလှသောကြောင့် ကာကွယ်မှုစွမ်းရည်မှာလည်း ဟာကွက်ရှိမနေပါချေ။ ကောင်းဖန်သည် တိတ်တဆိတ် ချီးကျူးပြီး လက်ခံလိုက်သည်။ ပုစွန်ကြီးသည်

တိုးတက်လာနိုင်ချေ ရှိသည်။ သူသည် အဆင့် တစ်ဆင့် မြှင့်လိုက်လျှင်ပင် အတော်လေး ပြည့်စုံသွားနိုင်သည်။

ကံမကောင်းသည်ကတော့ သူသည် အဆင့်အမြင့်ဆုံးဖြစ်ရန် အလားအလာ ရှိသော်လည်း သူ၏ အနေအထားအရ အနည်းငယ် ခက်ခဲနေခြင်းပင်။

ကောင်းဖန်သည် သူ၏ နည်းလမ်း ၆ ခုကို ကြည့်ပြီးနောက် မျက်လုံးကို ပိတ်ပြီး စဉ်းစားနေလိုက်သည်။

သူ့တွင် ပစ္စည်းအချို့တော့ လက်ထဲရှိထားသည်။ အချို့ပစ္စည်းများကိုတော့ အခြား ခေတ်ခွဲခန်းများတွင် လိုက်ရှာရမည် ဖြစ်သည်။

ကောင်းဖန်သည် သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။ သူသည် ကံမကောင်းလှရှာပေ။

"တချို့ပစ္စည်းတွေတော့ မရှိဘူးဖြစ်နေတယ်" သူက စိတ်မကောင်းစွာ ပြောလိုက်သည်။

"တကယ်လို့ အလျှင်မလိုဘူးဆိုရင် လိုအပ်တဲ့ ပစ္စည်းတွေအတွက် လူလွှတ်ပြီး ရှာခိုင်းထားလို့ ရတယ်.. ကံကောင်းမယ်ဆိုရင် တစ်ပတ်အတွင်းလောက်

ရနိုင်တယ်.. ကံမကောင်းရင်တော့.. “ သူက ဆက်မပြောပဲ ရပ်လိုက်သည်။။

လင်ရှင်းရှယ်က နားလည်စွာဖြင့် ခေါင်းညိတ်ပြလိုက်သည်။ သားရဲများနှင့် ပတ်သက်လျှင် မည်သည့်အရာမှ မသေချာပါချေ။

“စိတ်မပူပါနဲ့.. မင်းကို ပေးခဲ့တဲ့ ကတိကို သေချာပေါက်တည်မှာပါ” သူက ပြောလိုက်သည်။

“ဒါဆိုရင်လည်း သေချာအပ်ပါတယ်”

စာစဉ် ၁၈

...

“သခင်လေးကောင်း.. ပြောတဲ့အတိုင်း လုပ်ထားပြီးပါပြီ” ဟွမ်းယာက ဖုန်းထဲမှ အက်ကွဲသော အသံဖြင့် ပြောလိုက်သည်။

ကောင်းဖန်သည် ကျေနပ်သွားပြီး အခြားညွှန်ကြားချက်များ ထပ်ပေးလိုက်သည်။

သူ၏ ညွှန်ကြားချက်ဖြင့် ဟွမ်းယာသည် ပိုင်ယဲ့ဒေသမှ မိဘမဲ့များကို ခေါ်ဆောင်ကာ ပြည်တွင်းစက်ရုံများတွင် သမာအာဇီဝ အလုပ်များ သွင်းပေးနေခြင်း ဖြစ်သည်။

စာစဉ် ၁၈

ထို့အပြင် ဟွမ်းယာကို သူ့အမည်ဖြင့်
ကျောင်းဆောက်ခိုင်းပြီး ကျောင်းလည်း
ထားပေးစေသည်။ ထိုကျောင်းကို
တောင်ပိုင်းကောင်းကင် အုပ်စုနှင့် နီးရာတွင်
ဆောက်ထားသောကြောင့် မိဘမဲ့ကလေးများ၏
လုံခြုံရေးအတွက်လည်း အဆင်ပြေလေသည်။
ကလေးများအတွက် လွတ်လပ်ခွင့်ကို
အပြည့်အဝပေးထားသည်။ ထိုကျောင်းတွင်
ဘာသာရပ်များစွာကို သင်ကြားပေးနေသော်လည်း
သူတို့အားလုံးသည် တူညီသော
ဘာသာရပ်တစ်ခုကိုတော့
သေချာတတ်မြောက်သွယ်ကြသည်။ ကောင်းဖန်နှင့်

တောင်ပိုင်းကောင်းကင် အဖွဲ့အစည်းကို သစ္စာစောင့်သိရန် ဖြစ်သည်။

ခေါင်းဆောင်အနေဖြင့် ကောင်းဖန်သည် အကုန်လုံးကို အာမ မခံနိုင်သော်လည်း သူသည် အကောင်းဆုံး ကြိုးစားမည် ဖြစ်သည်။

ကပ်ဆိုးကြီးအပြီးရင် မိဘမဲ့ များစွာ ဖြစ်ပေါ်ခဲ့သည်။ မဟာမိတ်အဖွဲ့များ ပေါ်ပေါက်ခဲ့သော်လည်း သူတို့အားလုံးကို စောင့်ရှောက်နိုင်ဖို့တော့ မလွယ်ကူခဲ့ပေ။ သူတို့သည် မီဒီယာများတွင်တော့ မကြာခဏ ပါဝင်ကြလေ့ရှိသော်လည်း သူတို့ဘဝသည် ခက်ခဲနေကြဆဲ ဖြစ်သည်။

စာစဉ် ၁၈

ကောင်းဖန်သည် မည်သူ့ကိုမှ အတင်းကျောင်းမတကမခိုင်းပေ။ သူ့အတွက်လည်း ထိုအရင်းသည် ကြီးမားလှသည်။ သူသည် အတန်းများကို ထိပ်တန်းပညာရေးစနစ်များ၊ ကိုယ်ပိုင်သားရဲများဖြင့် အကောင်းဆုံး ထောက်ပံ့မည် ဖြစ်ပြီး ထိုအထဲကမှ သူတို့၏ သစ္စာစောင့်သိမှုကို ပြန်လည် ရယူမည် ဖြစ်သည်။

သူသည် အချုပ်ပြောရပါက သစ္စာစောင့်သိမှုကိုသာ အဓိက လိုချင်ခြင်း ဖြစ်သည်။

# စာစဉ် ၁၈

***

## *သားရဲလေ့ကျင့်သူ ။ အခန်း ၂၈၆ စီးပွားရေးခရိုင်မှ ခြောက်လှန့်မှု*

ကောင်းဖန်သည် သူနှင့်ပတ်သက်သော ကေယလဟာလများနှင့် ပတ်သတ်၍ သက်ရောက်မှု တစ်စုံတစ်ရာတော့ မခံစားရပါပေ။ သူသည် ယခုရက်ပိုင်း ပျော်ပင် ပျော်နေသေးသည်။ သူသည် တာ့ဇီကို အစင်းလေးအား သွားသွား မရှုပ်စေချင်သော်လည်း အစင်းလေးသည် စိတ်ထဲပင် မရှိသလို သူသည်ပင် ပျော်နေသော ပုံစံရှိနေလေသည်။

ယခုတောင် တာ့ဇီမရှိသောကြောင့် အစင်းလေးမှာ ပျင်းနေသော် ထင်သည်။ “ကောင်းဖန်.. တာ့ဇီ

ဘယ်မှာလဲ.. ဘာလို့ လာမဆော့တာလဲ” သူသည် မြေပြင်တွင် ပျင်းရိစွာ လဲလျောင်းရင်း မေးနေသည်။

သူသည် တဲ့ဇီကို သူနှင့် ဝေးဝေးနေရန် ပြောထားမိကြောင်းကို ပြန်အတိုင်မခံရခင် အမှန်အတိုင်း ပြောလိုက်မည်ဟုတော့ တွေးလိုက်သေးသည်။

“သူက မင်းအတွက် စပရိုက်အကြီးကြီး ပြင်ဆင်နေတာတဲ့”

“ဟုတ်လား” အစင်းလေး၏ ခေါင်းကြီးထောင်သွားသည်။

စာစဉ် ၁၈

“ဟုတ်ပ”

“ကောင်းတာပေါ့” သူသည် စိတ်ကျေနပ်သွားပြီး စံအိမ်ကြီးဆီသို့ မျှော်လင့်စွာ ကြည့်လိုက်သည်။ တာ့ဇီသည် ယခုပင် သူ့ရှေ့ပေါ်လာမည့်အလား သူသည် စူးစိုက်ကြည့်နေသည်။

အစင်းလေးသည်ဤ တရေးလောက်အိပ်ဖို့ ကြိုးစားလိုက်သော်လည်း သူသည် တာ့ဇီတစ်ကောင် သူ့အတွက် ဘာများချက်လာမလဲဟုတွေးရင်း လူးလိမ့်နေသည်။

“ငါက သူများ ငါနဲ့ မဆော့ချင်တော့လို့လားလို့ ထင်နေတာ” သူသည် ရှက်ပြုံးပြုံးလိုက်သည်။ မြေကြီးသည် သူ၏ ကိုယ်လုံးကြီး တစ်ချက်လှုပ်လိုက်သောကြောင့် သိမ့်သိမ့်တုန်သွားသည်။

ကောင်းဖန်သည် တောင်ပေါ်မှ ဆင်းလာရင်း အစင်းလေးဘက်သို့ စိတ်မကောင်းစွာ လှည့်ကြည့်လိုက်သည်။

စာစဉ် ၁၈

သူသည် ယခုမှပင် ထိုကဲ့သော ကြီးမားသော အကောင်ကြီးများမှာ သူတို့၏ သက်တမ်းအများစုကို အိပ်စက်ခြင်းဖြင့် ကုန်ဆုံးကြကြောင်း နားလည်သွားမိသည်။ သူတို့တွင် လုပ်စရာ ထွေထွေထူးထူး မရှိသည် မဟုတ်ပါလား။

အထီးကျန်ခြင်းက အဆိုးဆုံး ဖြစ်သည်။

သူသည် သူတို့အားလုံးကို နာကျင်မှု၊ စိုးရိမ်ပူပန်မှု၊ အထီးကျန်မှုများ မဖြစ်စေချင်ပါ။

စာစဉ် ၁၈

ကောင်းဖန်သည် နဂါးဖြူကြီးနှင့် အစင်းလေးတို့ကို တွေးရင်း အကြံရသွားသည်။ ထိုအကြံသည် ဖြစ်နိုင်ချေနည်းသောကြောင့် သေချာစဉ်းစားရပေမည်။

…

ယွီကျိုးမြို့၏ အက်ဒမန်တီယန် တံတား စီးပွားရေးခရိုင်တွင် ဖြစ်သည်။

ကပ်ဆိုးကြီး မဖြစ်ခင်က ထိုနေရာသည် ယွီကျိုးမြို့၏ အောင်မြင်တိုးတက်မှု အရှိဆုံး စီးပွားရေး ခရိုင်ဖြစ်သည်။

ယခုတော့ ထိုအရာများသည် ပျောက်ကွယ်သွားပြီ ဖြစ်သည်။

ခရိုင်၏ အလည်ဗဟိုတွင် ပညာရှိဘုရင်၏ ပေ ၅၀ မြင့်သော ကြေးရုပ်တုကြီး ရှိသည်။

အောက်ခြေသည်ပင် ၁၀ ပေ ရှိသောကြောင့် တစ်ခုလုံး၏ အမြင့်သည် ပေ ၆၀ မြင့်သည်။ သူသည် လှပသော မြင်းကြီးပေါ်တွင် ဓားကြီးကို ဝင့်လျက် ကြက်သီးထဖွယ် သဏ္ဍာန်ကြီး ရှိနေပြီး ထိုနေရာသည် ဒေသ၏ အထိမ်းအမှတ်နေရာတစ်ခု ဖြစ်သည်။ ထိုရုပ်တုကြီးသည် နေ့စဉ်နေ့တိုင်း ဖြတ်သွားဖြတ်လာများ၏ အာရုံစိုက်မှုကို ရလေ့ရှိသည်။

အချိန်ကြာလာသည်နှင့်အမျှတွင်တော့ လူများသည် ထိုမြင်ကွင်းကို ကျင့်သားရလာကြသည်။ သူတို့သည် တွေ့ခါစလောက်တော့ ရင်သတ်ရှုမော မဖြစ်ကြတော့ပေ။

မနက်စောစောတွင် အေးမြသော မြူမှုန်များသည် လမ်းကြိုလမ်းကြားများထိ ကျဆင်းနေသောကြောင့် မြင်မြင်သမျှသည် ဖွေးလှုပ်နေသည်။ လမ်းသွယ်များတွင် သစ်ရွက်ခြောက်များ ဘီယာဘူးခွံများနှင့် အမှိုက်ပွနေသည်။

သန့်ရှင်းရေး ဝန်ထမ်းတစ်ယောက်သည် တိတ်ဆိတ်စွာ တံမြက်စည်းလှည်း သန့်ရှင်းရေးလုပ်နေသည်။

စာစဉ် ၁၈

ကျန်းချန်ရှိသည့် သူ၏မျက်နှာမှ ချွေးများကို ပင့်သုတ်လိုက်သည်။ အောက်တိုဘာလ၏ မနက်ခင်းများတွင် ယွီကျိုး၏ လေထုသည် စိုထိုင်းနေတတ်သည်။

သူသည် ရုပ်တုကြီးကို မော့ကြည့်လိုက်ပြီး မျက်မှောင်ကြုတ်လိုက်သည်။ သူပဲ အမြင်မှားတာလား..တစ်ခုခုပဲ ထူးဆန်းနေတာလား..

သူသည် စိတ်ထဲတွင် တစ်ခုခုမှားနေသည်ဟု ထင်လိုက်မိသည်။ သို့သော် သူသည် လမ်းကျင်း

စာစဉ် ၁၈

ရှင်းလင်းစရာ လမ်းများကျန်နေသေးပြီး
အလုပ်များသော မနက်ခင်းတွင်
အာရုံမများချင်သောကြောင့် အလုပ်ကိုသာ
အာရုံစိုက်လိုက်သည်။

မနက်ခင်းနေသည် တဖြည်းဖြည်း မြင့်တက်လာပြီ
ဖြစ်ပြီး နေရောင်ခြည်သည် လမ်းကြားလေးများတွင်
လှပစွာ ဖြာကျနေသည်။ ပညာရှိ ဘုရင်ကြီး၏
ရုပ်တုသည်လည်း ရွှေဝါရောင် တောက်ပနေသည်။

“အဲဒီအတိုင်းနေနော် တစ် နှစ် သုံး ပြုံးထားမယ်”

စာစဉ် ၁၈

ခရီးသွားများသည် ရုပ်တုကြီးနှင့် ဓာတ်ပုံရိုက်နေကြသည်။

“ဟင် လျှူအိုက်ရေ.. ဓာတ်ပုံက ဘာလို့ နင်နောက်ဆုံးပြတုန်းကပုံနဲ့ မတူရတာလဲ” လုဖန်းသည် ပုံကိုထောက်၍ ပြောလိုက်သည်။

“ဘာတွေထင်ယောင် ထင်မှား ဖြစ်နေတာလဲ.. ပုံတွေကို ရှုထောင့်တစ်ခုတည်းက ရိုက်ထားတာပါ.. ငါ့ရဲ့ စကေးကို အထင်သေးတာလား” လျှူအိုက်ဆိုသော မိန်းကလေးက မကျေမနပ် ပြန်ပြောလိုက်သည်။

"ငါလည်း ဘယ်လိုရှင်းပြရမလဲ မသိဘူး" လုဖန်းသည် အရင်က ဓာတ်ပုံကို အမြန်ရှာလိုက်သည်။ "ကြည့်လေ မတူဘူး ဟုတ်တယ်မလား"

လျူအိုက်က အနီးကပ်ကြည့်လိုက်သည်။ ထိုပုံသည် ထိုနေရာတွင်ပင် ထိုရှုထောင့်မှ ရိုက်ယူထားသော ပုံဖြစ်သည်။

သူမသည် ကျောရိုးထဲစိမ့်အောင် ကြက်သီးထသွားသည်။

ပထမပုံသည် လွန်ခဲ့သော တစ်နှစ်က ရိုက်ခဲ့သော ပုံဖြစ်သည်။ ပညာရှိဘုရင်ကြီးသည် ခေါင်းကို

မော့ထားကာ သူ၏ ဘယ်လက်က မုတ်ဆိတ်ကို သပ်လျက် ညာဘက်က ဓားကြီးကို ကိုင်ထားခြင်း ဖြစ်သည်။

ဒုတိယပုံတွင်တော့ ဆင်တူသလို ရှိသော်လည်း ဘုရင်ကြီး၏ ခေါင်းသည် အနည်းငယ်ငုံ့နေကာ လုဖန်းကို စိုက်ကြည့်နေသည်။

လူဖန်းသည် သတ္တိရှိသူ ဖြစ်သည်။ သူသည် လျှုအိုက်၏ ပုခုံးကို ပုတ်လိုက်သည်။ “ထိန်းသိမ်းမှု အားနည်းလို့ ပျက်စီးယိုယွင်းတာ ဖြစ်မှာပေါ့ဟာ”

စာစဉ် ၁၈

လျှူအိုက်က ဘာမှ ပြန်မပြောပဲ ဘုရင်ကြီး ရုပ်တုကို ပြန်လှည့်ကြည့်လိုက်သည်။

နေရောင်အောက်တွင် ဘုရင်ကြီး၏ ခေါင်းသည် မော့နေကာ ဝင့်ကြွားနေသည်။

လုဖန်းသည် လျှူအိုက်က သူ့စကားကို မယုံကြောင်း သိသောကြောင့် သူမသည်လည်း ရုပ်တုကြီးကို ပြန်ကြည့်လိုက်သည်။

သူတို့နှစ်ဦးသည် တိတ်ဆိတ်သွားပြီး ထိုနေရာမှ ချက်ချင်း ထွက်လာလိုက်ကြသည်။

…

“ခေါင်းဆောင် ကြားပြီးပြီလား.. အက်ဒမန်တီယန် တံတားနားမှာ သရဲခြောက်လို့တဲ့” ရှူချင်းကျီက ဓာတ်ခွဲခန်းသုံး ပစ္စည်းများကို သယ်လာရင်း ပြောလိုက်သည်။

“အဲဒီတော့ ဘာဖြစ်လဲ.. ဒီနေရာမှာတောင် သရဲလေးနှစ်ကောင် ရှိနေတာပဲဟာ”

ကောင်းဖန်သည် ခြောက်ကပ်စွာ ပြောလိုက်ပြီး ပစ္စည်းများနှင့် အလုပ်ရှုပ်နေသည်။

"…"

သေချာစဉ်းစားကြည့်တော့မှ ခေါင်းဆောင်ပြောလိုက်သော စကားသည် အဓိပ္ပါယ်ရှိနေသည်။

"ခေါင်းဆောင် ပြောတာမှန်တယ်"

စာစဉ် ၁၈

"မင်းမှာ ဒါတွေအတွက် အချိန်ရှိသေးတာလား.. အခုသုံးလတောင် ရှိနေပြီ.. အခုထိ ငါမှာထားတဲ့ ဆေးရည် မရသေးဘူးမလား.. အဲဒီအတွက် အချိန်ပိုပေးလိုက်ပါတော့လား" ကောင်းဖန်က စိုက်ကြည့်ရင်း ပြောလိုက်သည်။

သူမသည် ဒေါသထွက်သွားသည်။ သူမ၏ ခေါင်းဆောင်သည် မညှာမတာ ပြောတတ်သူ ဖြစ်သည်။

သူမသည် သေချာစဉ်းစားလိုက်ပြီး ထိုကဲ့သို့သူကို စကားမပြောတော့ဖို့ စဉ်းစားလိုက်သည်။

...

နောက်တစ်နေ့တွင် တံတားနားတစ်ဝိုက်ကို ပိတ်ချလိုက်သည်။ အနီးအနားတွင် ကင်းလှည့်ရဲကားတွေရှိနေပြီး ကြိုးအဝါများလည်း တားထားသည်။

စည်းတားထားသည့် အလယ်တွင် အနက်ရောင်ဖြင့် ဖုံးလွှမ်းထားသော အလောင်းများလည်း တန်းစီနေသည်။

## စာစဉ် ၁၈

"သက်သေဘယ်မှာလဲ" ရဲအရာရှိ ချန်းလော့ကျန်းသည် ခေါင်းများပင် ကိုက်လာသည်။ သူတာဝန်ယူထားသော လက်အောက်ခံနယ်မြေတွင် ထိုကဲ့သို့ ဖြစ်လာခြင်းက သူ့အထက်အရာရှိများ၏ အပြောအဆိုကို ခံရဦးမည့် သဘောဖြစ်နေသည်။

"သက်သေက ကားထဲမှာပါ" သူ၏ လုပ်ဖော်ကိုင်ဖက် တစ်ယောက်က နားနား ကပ်ပြောလိုက်သည်။

လော့ကျန်းသည် ခေါင်းညိတ်ပြလိုက်သည်။
"ငါလုပ်လိုက်မယ်"

သေမှုသေခင်းအရာရှိ၏ စကားအရ သေဆုံးသူများသည် ခေါင်းဖြတ်ခံထားရခြင်း ဖြစ်သည်။ သူတို့၏ ခေါင်းများသည် လည်ပင်းနေရာမှစ၍ ဆိုးရွားစွာ ပျက်စီးထားသည်။ ဒဏ်ရာများကို ကြည့်ခြင်းအားဖြင့် တုံးသော အရာတစ်ခုခုဖြင့် ပြုလုပ်ထားကြောင်း သိသာသည်။

"တုံးတဲ့လက်နက်ကိုသုံးပြီး လူသတ်တယ်"

သံသယရှိသူသည် အလွန်သန်မာမည်ဟု ယူဆရသည်။

"လူတစ်ယောက်ရဲ့ ခွန်အားတောင် မဟုတ်ဘူး"

"မကောင်းဆိုးဝါးကများ သတ်တာလား"

ထိုကိစ္စသည် ရဲအရာရှိများအတွက် အကြီးအကျယ် ဆွေးနွေးစရာ ဖြစ်လာသည်။

"ပြီးတော့ ဟိုရုပ်တုကရော ဘယ်ပျောက်သွားတာလဲ.. သူ့ဟာသူ ထွက်ပြေးသွားတာတော့ မဟုတ်ဘူးမလား"

အခင်းဖြစ်ရယ အနီးတစ်ဝိုက်တွင် ကင်မရာများ မရှိသော်လည်း ဘေးနားတစ်ဝိုက်မှ ဆိုင်များတွင်တော့ ကင်မရာများတပ်ထားသည်။ ထို့ကြောင့်

စုံစမ်းရေးအဖွဲ့သည် ထိုဗီဒီယိုများကို ကြည့်ပြီး သဲလွန်စကို ရှာဖွေရမည် ဖြစ်သည်။

အစည်းအဝေးခန်းအပြင်ဘက်တွင် ခြေသံများကြားလိုက်ရသည်။ “အရာရှိ.. တင်ပြချက် ထွက်လာပါပြီ”

***

စာစဥ် ၁၈

## *သားရဲလေ့ကျင့်သူ ။ အခန်း ၂၈၇ လှုပ်ရှားနေသော ရုပ်တု*

လော့ကျန်း၏ မျက်နှာသည် တင်ပြချက်ကို ကြည့်လိုက်ပြီး ပျက်ယွင်းသွားသည်။

သူ့ရှေ့တွင် ရှိနေသော အဖြူအမည်း ခေတ်ပုံတွင် မြင်းစီးထားသော ကြီးမားသောသူကြီးက အခင်းဖြစ်ရာနေရာမှ ထွက်သွားသည်ကို မြင်နေရသည်။ သူသာ အမှတ်မမှားဘူးဆိုပါက ထိုသူသည် ရင်ပြင်မှ ကြေးရုပ်တုကြီး ဖြစ်သည်။

ရုပ်တုက.. အသက်ဝင်လာတာလား..

လော့ကျန်းသည် တွေးရခက်နေသည်။

စာစဉ် ၁၈

ကပ်ဆိုးကြီးအပြီးတွင် ထိုကဲ့သို့ သဘာဝလွန်ဖြစ်ရပ်များသည် မဆန်းတော့သော်လည်း သူသည် အလွန်ပင် ထိတ်လန့်မိသည်။ ယခုကိစ္စသည် အနည်းငယ် ခြောက်ခြားဖွယ်ကောင်းနေသည် မဟုတ်ပါလား။

"ရနိုင်သလောက် သက်သေတွေစုထား.. အဲဒီရုပ်တုကို ရှာရမယ်" လက်ထောက်တစ်ယောက်သည် အခန်းထဲသို့ အမောတကော ပြေးဝင်လာသည်။ "ဆရာ.. ရုပ်တုကို ခြေရာခံမိပါပြီ.. ချန်ရှီ သံလိုက်ပါးစပ် ပလာဇာမှာ ရှာတွေ့ထားပါတယ်

လေ့ကျန်းက ခေါင်းကို ပွတ်လိုက်သည်။ “ဘာ.. သူ့ကို ရှာတွေ့ပြီ ဟုတ်လား”

“ဆရာ.. ချန်ရှီ သံလိုက်ပါးစပ် ပလာဇာမှာ ရှာတွေ့တာပါ.. အဲဒီမှာက အစကတည်းက လူစည်ကားတဲ့ နေရာပါ”

သူသည် အသက်ပြင်းပြင်း ရှူလိုက်ပြီးနောက် အမိန့်ပေးလိုက်သည်။ “ပြည်သူတွေကို ဘေးကင်းရာကို ရွှေ့ပြောင်းဖို့ပြင်.. နေဦး..” အဲဒီလိုလုပ်တာက ရုပ်တုကို လှန့်လိုက်သလို ဖြစ်သွားမလား။

သူသည် ထိုရုပ်တုကို ဘာလုပ်ရမှန်းမသိပါချေ။ ရုပ်တုသည် လူသတ်ကောင် အစစ်ဟုတ်မဟုတ်

မသေချာသေးသော်လည်း ဖြစ်နိုင်ချေကများနေသည်။ အဲဒီရုပ်တုက ချန်ရှီပလာဇာအထိ ဘာသွားလုပ်တာလဲ.. ဖြစ်နိုင်ပါ့မလား..

လှော့ကျန်းသည် ဘာလုပ်ရမှန်းမသိသော်လည်း ပြည်သူများကိုတော့ ဦးစားပေးစဉ်းစားရမည် ဖြစ်သည်။ ထိုရုပ်တုသည် တကယ်လို့ သတ်ဖြတ်ဖို့အတွက် ရောက်နေတာ ဆိုပါက သူသည် ချက်ချင်းလှုပ်ရှားရတော့မည် ဖြစ်သည်။

"သိုသိုသိပ်သိပ်နဲ့ မြန်မြန်လုပ်.. ရုပ်တုကို သတိမထားမိစေနဲ့.. ပြည်သူတွေ အပါအဝင် ရဲနဲ့ စစ်တပ်မဟုတ်တဲ့ သူတွေကို ဘယ်သူမှ ပလာဇာထဲ မဝင်စေနဲ့"

စာစဉ် ၁၈

“ဟုတ်ကဲ့ဆရာ”

သူသည် စိတ်ရှုပ်ထွေးစွာဖြင့် အပြင်ဘက်ရှိ ဥယျာဉ်သို့ သွားလိုက်သည်။

ထိုဥယျာဉ်သည် ရဲဌာန၏ ထိပ်ပိုင်းအရာရှိများသာ ဝင်ရောက်နိုင်သော လျှို့ဝှက်နေရာ ဖြစ်သည်။ ထိုနေရာနှင့် ပတ်သက်ပြီး ကောလဟာလများလည်း များစွာရှိသေးသည်။ အချို့က ထိုအထဲတွင် အလွန်စွမ်းအားကြီးသော ကိုယ်ပိုင်သားရဲ ရှိသည်ဟု ဆိုသည်။ အချို့ကတော့ ထိုအထဲတွင် အလွန်ထူးချွန်သော ရဲအရာရှိ အဖွဲ့များ ရှိသည်ဟု ဆိုသည်။

တကယ်တော့ ရှုခင်းများကို ကြည့်ရန် ထားထားသော ရှင်းလင်းထားသည့် နေရာတစ်ခုသာ ဖြစ်သည်။ သူသည် ဥယျာဉ်အနောက်မှ အဆောက်အအုံဟောင်းထဲသို့ ဝင်လိုက်ပြီးနောက် လှေကားများကို ဆင်းလိုက်ကာ လျှို့ဝှက်တံခါးများစွာကို ဖြတ်သန်းပြီးနောက် နောက်ဆုံးပေါ်နည်းပညာများဖြင့် ပြည့်နေသော လျှို့ဝှက်အခန်းတစ်ခုဆီကို ဝင်လိုက်သည်။

သံလိုက်ပါးစပ်သည် ယွီကျိုးမြို့တော်၏ နာမည်ကြီးသော ကြော်ငြာခရိုင် ဖြစ်သည်။ ထိုနေရာနှင့် အန်ဒမန်တံတားခရိုင်တို့၏ ကွာခြားချက်မှာ သံလိုက်ပါးစပ်၏ အဓိက စီးပွားရေးမှာ သားရဲများ သယ်ယူပို့ဆောင်ရေးနှင့် ရှားပါးပစ္စည်းများ

တင်ပို့ရောင်းချခြင်းတို့ကို အဓိကလုပ်ဆောင်ခြင်း ဖြစ်သည်။

ယခုနောက်ပိုင်းတွင်တော့ စီးပွားရေးသည် ယခင်ကလောက် မတွင်ကျယ်တော့ပါချေ။

ကောင်းဖန်သည် သူစမ်းသပ်ချင်သည့် သားရဲများကို ဒီနေရာတွင် လာဝယ်နေသည်။ သူသည် စီစဉ်ထားသည့်အတိုင်း ဖြစ်ရန်အတွက် ကိုယ်တိုင်ဝယ်ဖို့ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

တရားဝင်ဆိုင်များသည် တရားဝင်ပစ္စည်းများ သားရဲများကို ရောင်းချသော်လည်း တရားမဝင်ရောင်းချမှုများလည်း ရှိကာ ထိုသားရဲအများစုသည်။

ကောင်းကောင်းမွေးမြူထားခြင်း မရှိသော သားရဲများဖြစ်သည်။ အချို့သော ကံကောင်းသူများကတော့ ပြီးပြည့်စုံသော သားရဲများကို ရရှိနိုင်ကြသည်။ ထိုနေရာသည် အလွန်စျေးချိုသောကြောင့် လူများသည် မီးရှိရာသို့လာသော မီးပိုးကောင်များလို စိတ်ဝင်တစား လာရောက်ကြည့်ရှုတတ်ကြသည်။

တရားဝင်ဆိုင်များ၏ စျေးများကတော့ ပြင်မရသော စျေးများဖြစ်သည်။ မီးထွက်ကျောက်မှ တစ်ဆင့် စမ်းသပ်မှုများ၊ အရည်အသွေး အသိအမှတ်ပြု လက်မှတ်များသည် သားရဲများ တရားဝင်ရောင်းချမှုတွင် ထည့်သွင်းပေးထားသည်။ မီးထွက်ကျောက်များသည်

တန်ဖိုးကြီးသောကြောင့် တရားဝင်ရောင်းချသော သားရဲများသည် ဈေးပိုကြီးခြင်း ဖြစ်သည်။

သူတို့သည် အာမခံလည်း ပေးထားသည်။ အကျိုးအကြောင်း သင့်လျော်ပါက ရောင်းချပြီးမှ တစ်ခုခုဖြစ်ခဲ့လျှင်တောင် ကျွမ်းကျင်သူများဖြင့် ပြန်လည် ကုသပေးမည် ဖြစ်သည်။

ပုံမှန်အားဖြင့် ကောင်းဖန်သည် ထိုဆိုင်များကို ရှောင်လေ့ရှိသည်။ သူသည် ထိုကဲ့သို့ အညတရများကို မလိုအပ်ပါချေ။

ဆိုင်တော်တော်များများသို့ သွားပြီးသောအခါ သူသည် အလွန်ပင် စိတ်ပျက်သွားသည်။ ရောင်းချထားသော

သားရဲအများစုမှာ ပုံမှန်အဆင့် သို့မဟုတ် ပုံမှန်အဆင့်ထက်ပင် နိမ့်သေးသည်။ အဆင့်မြင့်သော သားရဲများကျပြန်တော့လည်း အလွန်ပင် စျေးကြီးနေပြန်သည်။ ပြီးပြည့်စုံသော သားရဲများကိုတော့ တစ်ကောင်ပင် ရှာမတွေ့ပါချေ။

ထို့အပြင် သားရဲများသည် ကောင်းမွန်သော အခြေအနေများတွင် မရှိကြချေ။ အများစုမှာ ခွေခေါက်နေကြပြီး မလှုပ်မယှက်နှင့် လှောင်အိမ်ထောင့်လေးများတွင် ငြိမ်သက်နေကြသည်။ အချို့သော သားရဲများသည် သစ်ရွက်များလိုပင် တုန်လှုပ်နေကြသည်။

## စာစဉ် ၁၈

သူတို့၏ အမျိုးအစားများကို သေချာမသိနိုင်သော်လည်း နာမကျန်းဖြစ်နေကြသည်ကတော့ သေချာသည်။

ကောင်းဖန်သည် စပေါ်တစ်ခုခန့် ချေပြီးနောက်တွင် သူ၏ လိပ်စာကို ပေးထားခဲ့ပြီး မှောင်မိုက်နေသော လမ်းကြားလေးထဲကို ဝင်လာခဲ့သည်။ ထိုလမ်းကြား၏ အဆုံးတွင် လယ်ကွင်းတစ်ခုရှိသော်လည်း ထိုလယ်ကွင်း၏ ဝင်ပေါက်ကိုတော့ ရဲကားများဖြင့် ပိတ်ဆို့ထားသည်။

သူသည် သိပ်တော့ စိတ်မဝင်စားလှသော်လည်း အနည်းငယ် စပ်စုချင်သောကြောင့် ခြေဖျားထောက်ပြီး ကြည့်လိုက်သည်။ သူသည် လယ်ကွင်းကြီးအလယ်တွင် ကြီးမားခန့်ထည်သော ရုပ်တုကြီးကို တွေ့လိုက်သည်။

သူသည် ထိုရုပ်တုကို မြင်ဖူးသလို ဖြစ်နေသည်။ ဒါကြီးက စီးပွားရေးခရိုင်က ဘုရင်ရုပ်တုကြီးများသည်။

သူသည် နောက်တစ်ခေါက်ပြန်ကြည့်လိုက်သည်။

ထိုသို့ကြည့်လိုက်ချိန်တွင် သူ၏ မျက်လုံးထောင့်မှ အချက်အလက်များ ပေါ်ပေါက်လာသည်။

[သားရဲအမည်]:...

ဟင်—

သူသည် မျက်လုံးကို မနှစ်မြို့စွာဖြင့် ပိတ်ချလိုက်သည်။
ဘာကြီးလဲဟ..

ဒါကြီးက ပုံမှန်ရုပ်တုကြီးမဟုတ်ဘူးလား.. ဘာကိစ္စ
သားရဲအချက်အလက်တွေ လာပေါ်နေတာလဲ..

တောင်တန်းများမှ
တောင်ဝိဥာဉ်ပေါ်ပေါက်လာနိုင်သော်လည်း
ရုပ်တုကတော့ အသက်ဝင်လာစရာ အကြောင်းမရှိပါပေ။

[သားရဲအမည်]: လျှပ်ရှားသက်ဝင်နေသော ကြေးနီရုပ်တု
(ပညာရှိဘုရင်)

[သားရဲအဆင့်]: ၄၁ (နတ်ဘုရားအဆင့်)

[သားရဲစွမ်းရည်]: အလွန်ကောင်း

စာစဉ် ၁၈

[သားရဲအမျိုးအစား]: ရွှေ

[သားရဲစွမ်းအင်]: သံမဏိ အရေပြားနှင့် သတ္တုအရိုးအဆင့် ၃၊ ကြာရှည်ခံနိုင်စွမ်း အဆင့် ၁

[သားရဲပျော့ကွက်]: ၁။ မြေကြီး ၂။ လျှပ်စစ် ၃။ မသန့်စင်သော ကျောက်များ

[သားရဲဖော်ပြချက်]: အစကတော့ ပုံမှန် ရုပ်တုဖြစ်သော်လည်း ဆန္ဒစွမ်းအင်များကို ရရှိလိုက်ပြီးနောက် အသက်ဝင်လာခြင်း ဖြစ်သည်။ သူ၏ အသက်စွမ်းအင်ကို အနီးအနားမှ စိတ်ဝိညာဉ်များ၊ စွမ်းအင်များဖြင့် ဖွဲ့စည်းထားသည်။ ထို့နောက် သက်ဝင်နေခြင်း ဖြစ်သည်။

ဆန္ဒစွမ်းအင် ဆိုပါလား.. အဲဒါက ယုံကြည်ကိုးကွယ်မှုနဲ့ ဆိုင်တာ မဟုတ်ဘူးလား..

ကောင်းဖန်သည် ထိုခရိုင်တွင် ယုံကြည်ကိုးကွယ်မှုများ၊ ဘာသာရေးသက်ဝင်မှုများမရှိသည်ကို သတိရမိသည်။ အနီးစပ်ဆုံးပင်လျှင် ထိုရုပ်တုနားတွင် ဖြတ်လျှောက်သွားသူများ၏ လေးစားသမှုဖြင့် ဦးညွှတ်တာမျိုးလောက်သာ ရှိသည်။

ယုံကြည်ကိုးကွယ်မှုကြောင့် မဟုတ်ရင်တော့ နောက်တစ်ခုခု ရှိမှာပဲ။

သူသည် မျက်မှောင်ကြုတ်လိုက်သည်။ သူသည် ကိုယ့်အလုပ်သာ ကိုယ်လုပ်သူ ဖြစ်သော်လည်း သားရဲတစ်ကောင်ကိုတော့ မြို့တော်ထဲ

လွှတ်မထားခိုင်းနိုင်ပါချေ။ အထူးသဖြင့် ထိုကိစ္စသည် သူ့တွင်ပင် ပိုပြီး တာဝန်ရှိလေသည်။

သူသည် အဖိုးကို ဖုန်းခေါ်လိုက်ပြီး အခြေအနေကို ရှင်းပြလိုက်သည်။

"ယွီကျိုးအစိုးရက အဖိုးကို ဘာမှမပြောဘူး.. အရင်ကတော့ ပြောပေမယ့် အခုမပြောသေးဘူး " အဖိုး၏ အသံသည် တည်ငြိမ်ကာ တွေးတွေးဆဆ ပြောနေသည်။

ကောင်းဖန်သည် သူဘာပြောချင်သည်ကို နားလည်လိုက်သည်။ "ပြည်သူတွေကတော့ မသိကြဘူး"

စာစဉ် ၁၈

"မိုးကြိုးခွံနတ်ဘုရားက မင်းနဲ့ အနီးအနားမှာ ရှိတယ်.. ငါအမြန်ဆုံးလာခဲ့မယ်"

ရုပ်တုသည် ထိုနေရာတွင်တော့ ကြီးကြီးမားမား ဒုက္ခမပေးနိုင်သော်လည်း အခြားနေရာများတွင် ဒုက္ခပေးမည်ကို ကောင်းဖန်က စိတ်ပူနေမိသည်။

သူသည် ထိုရုပ်တုကဲ့သို့ အခြားသော သက်ဝင်ရုပ်တုများ ရှိမနေဖို့ကိုတော့ မျှော်လင့်နေမိသည်။ အထူးသဖြင့် ယခုလို ဟွာရှားကဲ့သို့ သမိုင်းဝင်နေရာမျိုးတွင် ဖြစ်သည်။ တရကုတ္တစစ်သည်တော်များ ကိစ္စသည်ပင် အတော်ဂယက်ရိုက်သွားခဲ့သည် မဟုတ်ပါလား။ သူသည် အထင်မမှားပါစေနဲ့ဟု ဆုတောင်းနေမိသည်။

စာစဉ် ၁၈

ထိုအချိန်တွင် လူများသည် ရုပ်တုကြီးနားတွင် ရှိနေသောသူများသည် တစ်ခုခုမှားနေကြောင်း ခံစားမိလိုက်ကြသည်။

ပတ်ဝန်းကျင်သည် ပြောင်းလဲသွားပြီး အချို့သောသူများသည် ပလာဇာမှ တိတ်တဆိတ် ထွက်သွားကြသည်။

မဟာမိတ်အစိုးရအဖွဲ့မှ အမည်းရောင်စစ်တပ်သည် ပလာဇာထဲသို့ ဝင်လိုက်သည်။

***

စာစဉ် ၁၈

## *သားရဲလှေကျှင့်သူ ။ အခန်း ၂၈၈ ပညာရှိဘုရင်*

အမည်းရောင်ဝတ်စုံနှင့် သူများ၏ အင်္ကျီလက်များတွင် သေးငယ်သော အနက်ရောင် တံဆိပ်လေးများ ပါရှိကြသည်။ တံဆိပ်များ၏ အလယ်တွင် ကြေးသွေးရောင်အမှတ်အသားလေးရှိပြီး ဘေးကရွှေဖြင့် ကွပ်ထားသည်။

"အနက်ရောင်အလံတွေနဲ့ပါလား" ကောင်းဖန်သည် သူတို့ကိုအဝေးမှပင် မြင်နေရသည်။

သူ၏ အဖိုးသည် မဟာမိတ်အစိုးရအဖွဲ့ လက်အောက်မှ များစွာသော ဌာနများအကြောင်းနှင့် လျှို့ဝှက်ချက်များအကြောင်းကို ပြောပြခဲ့ဖူးသည်။

အလံနက်များသည် မဟာမိတ်အစိုးရအဖွဲ့အောက်မှ လျှို့ဝှက်အဖွဲ့တစ်ခုဖြစ်ပြီး မြို့ခြေများမှ အရေးပေါ် အခြေအနေများကို ကိုင်တွယ်ဖြေရှင်းရသော အဖွဲ့ဖြစ်သည်။

သူတို့နှင့်အတူ အနက်ရောင် အမဲလိုက်ခွေးများလည်း ပါလာသည်။ ထိုခွေးတစ်ကောင်စီသည် ၁၅ ပေခန့်ရှည်ကာ ၁၀ ပေခန့် အမြင့်ရှိလေသည်။ သူတို့၏ ကျောများပေါ်တွင် အရိုးများနှင့်တူသောအရာများ ထိုးထွက်နေပြီး သူတို့၏ အသားများမှ ဖောက်ထွက်နေသလို ဖြစ်နေသည်။

စာစဉ် ၁၈

သူတို့၏ အမွေးများသည် တောက်ပြောင်နေကြပြီး ကြွက်သားများသည် အဝေးကြည့်လျှင်ပင် ထင်းထင်းလင်းလင်း မြင်နေရသည်။

[သားရဲအမည်]: မီးထွက်ကျောက် အမဲလိုက်ခွေး

[သားရဲအဆင့်]: ၂၃-၃၅

[သားရဲစွမ်းရည်]: ပုံမှန်

[သားရဲအမျိုးအစား]: အမှောင်အမျိုးအစား

[သားရဲအခြေအနေ]: ကျန်းမာမှုရှိ (နိုးကြွားတက်ကြွပြီး အဆင်သင့်ဖြစ်နေ)

[သားရဲပျော့ကွက်]:…

စာစဉ် ၁၈

အမဲလိုက်ခွေးများ၏ အဆင့်များသည် ၂၃ မှ ၃၅ အထိ အစားစား ရှိကြသော်လည်း တစ်ကောင်မှ ပုံမှန်အဆင့်ထက် မပိုကြပါပေ။ ထိုအမဲလိုက်ခွေးများသည် သေချာလေ့ကျင့်ထားကြောင်း သိသာလှသည်။ သူတို့သည် နတ်ဘုရားအဆင့်သားရဲများကိုပင် ကြောက်လန့်ခြင်းမရှိ ရင်ဆိုင်မည့်ပုံများ ရှိနေရုံသာမက ပိုပြီးပင် တက်ကြွနေသေးသည်။

သူတို့သည် အမှားကင်းကြပြီး တိုက်ခိုက်မှုတွင် ကျွမ်းကျင်သော ကိုယ်ပိုင်သားရဲများ ဖြစ်သည်။

သူတို့သည် အနည်းဆုံး အကောင် ၅၀ ခန့် ရှိနိုင်သည်။ ထို့ကြောင့် အနည်းဆုံး ကွန်မန်ဒါအဆင့်သားရဲ

အကောင် ၅ဂ လောက်ရှိနေသည်ဟု ဆိုရမည်။ ထို့အပြင် သူတို့သည် သေချာလေ့ကျင့်ထားသော သားရဲများဖြစ်သည်။ သို့သော် ကောင်းဖန်သည် သူတို့အနေဖြင့် နတ်ဘုရားအဆင့် ရုပ်တုကြီးကို မည်ကဲ့သို့ ကိုယ်တွယ်မည်ကို မသိပဲ ဖြစ်နေသည်။

ထိုတိုက်ပွဲသည် စွမ်းအင်များကတော့ အဓိက မကျနိုင်ချေ။ ရန်သူ၏ ကာကွယ်ထားမှုကို မချိုးဖောက်နိုင်သရွေ့ ထိခိုက်အောင် လုပ်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် အရေအတွက်သည် သိပ်တော့ အရေးမကြီးလှပါချေ။

ပုရွက်ဆိတ်များသည် ဆင်တစ်ကောင်ကို ထိခိုက်အောင် လုပ်နိုင်သည် ဆိုဦးတော့ ထိုပုရွက်ဆိတ်သည် ဆင်၏ အရေပြားကိုတော့ အရင်ထိုးဖောက်ရဦးမည်ပင်။

"ဆရာ.. ဒီနေရာကို အပ်ခဲ့ပါမယ်" ငယ်ရွယ်သော ရဲအရာရှိလေးတစ်ယောက်က ယဉ်ကျေးစွာ ပြောလိုက်သည်။

"ခင်ဗျားလည်း ဝေးဝေးနေဦး.. ဒီမကောင်းဆိုးဝါးက တော်တော်စွမ်းအားကြီးတယ်" ကောင်းဖန်ကို ထိုအရာရှိလေးက ပြောလိုက်သောအခါ သူက ပြုံးလိုက်ပြီး လှည့်ထွက်လိုက်သည်။

တကယ်တော့ သူသည် မထွက်သွားပါချေ။ သူသည် ကိုက်အနည်းငယ်လောက်သာ အနောက်သို့ ရွှေ့လိုက်ခြင်း ဖြစ်သည်။

ရဲများ၏ ကိုယ်ပိုင်သားရဲများသည် ပလာဇာထဲသို့ ပိုပြီးပင် ထပ်ရောက်လာကြသည်။ သူသည် စစ်တပ်အရာရှိများကိုပင် မြင်လိုက်ရသည်။

သူတို့သည် သတိအနေအထားဖြင့် ရုပ်တုကို ဝိုင်းလိုက်ကြသည်။

ပလာဇာဘေးတွင် ဝန်းရံထားသော တိုက်ခန်းများမှ သူများသည် ဝရန်တာများတွင် စုဝေးပြီး ပွဲကြည့်သလို ကြည့်နေကြသည်။

စာစဉ် ၁၈

သူတို့အားလုံး၏ မျက်လုံးထဲတွင်လည်း ရုပ်တုကြီးသည် တစ်ခုခုတော့ မှားယွင်းနေကြောင်း ခံစားမိနေကြသည်။

ထိုအချိန်တွင် အသံကျယ်ကြီး တစ်ခုနှင့်အတူ ကြေးနီရုပ်တုကြီး၏ ဦးခေါင်းကြီးသည် ဖြည်းညင်းစွာ လည်သွားသည်။ ထို့နောက် သူ၏ ဓားကြီးကို မြှောက်လိုက်သောအခါ နေရောင်အောက်တွင် တောက်ပသွားသည်။

ကြေးနီမြင်းကြီးသည် လူအုပ်ကြားထဲသို့ ဒုန်းစိုင်းပြေးလာသည်။ ကြီးမားသော ဓားကြီးကို အောက်သို့ စိုက်ချထားသည်။

ကြောက်ခမန်းလိလိအသံများသည် လေထုထဲလွင့်ပျံသွားပြီး မြေကြီးမှ အုတ်ခဲများသည်ပင် တုန်လှုပ်ကုန်သည်။

မြင်းကြီးသည် ခြေကိုဆောင့်လိုက်သည်။ ရွှေနက်ရောင် အကွင်းကြီးသည် သူခြေဆောင့်လိုက်သည့်နေရာတွင် ထွက်ပေါ်လာပြီးမှ တဖြည်းဖြည်း ပျောက်ကွယ်သွားသည်။ ထိုကွင်းကြီးသည် အလွန်ပင်လှပပြီး စူးရှသော အလင်းတန်းများသည် ထိုကွင်းကြီး၏ နေရာလေးခုတွင် ဖြစ်ပေါ်နေသည်။

သို့သော် လူများသည် နတ်ဘုရားအဆင့် သားရဲကြီးကိုသာ ကြည့်နေကြသောကြောင့် ထိုအရာကို သတိမထားမိကြပါချေ။

စာစဉ် ၁၈

ပလာဇာဘေးတွင် စပ်စုနေကြသူများသည် ပြတင်းပေါက်များကို အလျင်အမြန်ပိတ်လိုက်ကာ လိုက်ကာများကို ချလိုက်ကြသည်။ သို့သော် ချောင်းတော့ ကြည့်နေကြသေးသည်။

အချို့သော ကြောက်တတ်သူများကတော့ ထွက်ပြေးသွားကြသည်။

"အခြေအနေကို ထိန်းချုပ်ထားမယ်.. နတ်ဘုရားအဆင့် သားရဲက မြို့ထဲမှာ ရှိနေတယ်ဆိုတာကို သတိပေးလိုက်ကြ" ရုပ်တုကြီးထံမှ ထွက်ပေါ်လာသော အလင်းကွင်းကြီးများကို တွေ့ပြီး လေ့ကျန်း၏ မျက်နှာသည် ဖြူဖျော့သွားသည်။ သူသည်

အပျက်အစီးများထက် သူ့အလုပ်ပြုတ်မည်ကိုပင် ပိုပြီး တွေးပူမိနေသည်။ "အနီးတစ်ဝိုက်က ပြည်သူအားလုံးကို ကယ်ထုတ်ကြ.. မြို့ရဲ့ ဒီအစိတ်အပိုင်းတစ်ခုလုံးကို အနီရောင်အဆင့် သတ်မှတ်မယ်"

သူသည် ဒေါသလည်း ထွက်နေမိသည်။ ဒီလူတွေ ဘာလာစပ်စုနေကြတာလဲ.. သေနိုင်တာကို နားမလည်ကြဘူးလား..

ပလာဇာမှ တိုက်ပွဲသည် စတင်တော့မည် ဖြစ်သည်။

ခေါကြီးကို ဖော့ယမ်းကာ ရုပ်တုကြီးသည် လမ်းကို ရှင်းလိုက်ပြီးနောက် တုံ့ရပ်လိုက်သည်။

စာစဥ် ၁၈

ရုပ်တုနှင့် အနီးဆုံးတွင်ရှိနေသော အမဲလိုက်ခွေးသည် အူလှိုက်သည်းလှိုက် ထအူလိုက်ပြီး လက်သည်းကြီးများကို မြေကြီးတွင် ကုတ်ခြစ်နေသည်။

သူသည် မြင်းကြီး၏ ကျောပေါ်သို့ ခုန်တက်ဖို့ ကြိုးစားလိုက်သည်။ သူ၏ လက်သည်းများသည် သံမဏိကိုပင် ဆွဲဖြဲနိုင်သော်လည်း မြင်းကြီးတွင်တော့ ခြစ်ရာလေး သေးသေးသာ ထင်သွားလေသည်။

မျက်စိတစ်မှိတ်အတွင်းမှာပင် အမဲလိုက်ခွေးကြီးသည် ခွာကြီး၏ လက်ချက်ဖြင့် မရှုမလှ သေဆုံးသွားသည်။ အမဲလိုက်ခွေးကြီးသည် လှီးထားသော အာလူးကဲ့သို့ အပိုင်းပိုင်း ပြတ်နေသည်။ သွေးများသည် သူ၏

နှာခေါင်းနှင့် ပါးစပ်များဆီမှ ထွက်လာပြီး ကျောဘက်မှ အချွန်ကြီးသည်ပင် နှစ်ပိုင်းပြတ်သွားသည်။

ထို့နောက် ကျန်သော အမဲလိုက်ခွေးအုပ်ကြီးသည် သူတို့၏ ရဲဘော်ရဲဘက်အတွက် လက်စားချေတော့မည့်အလား ချီတက်လာကြသည်။

ရုပ်တုကြီးသည် အမဲလိုက်ခွေးအုပ်ကြီးများဘက်သို့လှည့်ကာ သူ၏ ဘယ်လက်ဖြင့် မုတ်ဆိတ်များကိုသာ သပ်နေသည်။

"သေကြ"

စာစဉ် ၁၈

ထို့နောက် သူသည် အလွန်မြန်သောအလျင်ဖြင့် အမဲလိုက်ခွေးအုပ်ကြီးများကို ဓားဖြင့် ခုတ်ပိုင်းလိုက်ကာ ခွေးကြီးများသည် တစ်ကောင်ပြီးတစ်ကောင် ကျဆုံးကုန်သည်။

သူ၏ အစွမ်းသည် အလွန်အံ့သြဖွယ် ကောင်းရုံမက အကျိုးထိရောက်မှုလည်း ရှိပေသည်။ ထို့အပြင်သူ၏ နတ်ဘုရားအစွမ်းကြောင့် တိုက်ပွဲသည် မစတင်ခင်ကပင် ပြီးဆုံးသွားသလို ဖြစ်နေသည်။

“သူတို့ကို တပ်ဆုတ်ခိုင်းလိုက်တော့ တပ်ဆုတ်ကြ” လေ့ကျန်းသည် သူ၏ ကိုယ်ပိုင်သားရဲများကို ခြင်ယင်များလို သတ်ဖြတ်နေမှုကို ရပ်မကြည့်နေနိုင်တော့ပါချေ။

ထိုအမိန့်ကြောင့် လှုပ်နိုင်သေးသော အမဲလိုက်ခွေးများသည် ဆုတ်ခွာလိုက်ကြသည်။ သူတို့တွင် အကောင် ၃၀ လောက်သာ ကျန်တော့တယ်။

ကျန်သော ခွေးကြီးများသည် မြေပြင်ပေါ်တွင် မလှုပ်မယှက် လဲနေကြသည်။ အချို့ကတော့ ရုပ်ပျက်ဆင်းပျက်ပင် ဖြစ်နေပြီး သွေးများသည် အရိုးအသားများကြားထဲမှ မြင်မကောင်းအောင် ထွက်နေကြသည်။ အဆိုးဆုံးများမှာ ခန္ဓာကိုယ်တွင် အပေါက်များ ဖြစ်နေကြပြီး အူများအသည်းများ ထွက်ကျနေကြခြင်းပင်။

စာစဥ် ၁၈

ရုတ်တရက် ကောင်းဖန်သည် သူ့အောက်မှမြေကြီးက တုန်ခါသွားသည်ကို သတိထားလိုက်မိပြီး မြောင်းပေါက်အဖုံးတစ်ခုသည် ကောင်းကင်ဆီသို့ လွင့်ပျံသွားသည်။ မြေကြီးသည် အလွန်တုန်ခါနေပြီး အသံကျယ်ကြီးများ ထွက်နေသည်။

ထို့နောက် အသံကျယ်ကြီးနောက်တစ်ခုကို ထပ်ကြားလိုက်ရသည်။ ညသန်းခေါင်၏ ခရမ်းပြာရောင် အရာကြီးသည် အလွန်အားပြင်းသော လျှပ်စစ်ဓာတ်များနှင့်အတူ မြေကြီးထဲမှ ထွက်ပေါ်လာသည်။

တစ်ချက်တိတ်ဆိတ်သွားပြီးနောက် မြေကြီးထဲမှ လွင့်ပျံလာသော အပိုင်းအစများ ပြန်ပြုတ်ကျလာသော

## စာစဉ် ၁၈

အသံများက ပြန်လည် ဆူညံသွားသည်။ ပြည်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပြီးသောကြောင့်သာ တော်သေးသည်။ ကောင်းဖန်မှလွဲပြီး အခြားပြည်သူများ တစ်ယောက်မျှ ရှိမနေပါချေ။

အဝေးတစ်နေရာတွင် အစင်းလေးသည် သူ၏ ကျောဘက်တွင် ခြင်ကိုက်လိုက်သကဲ့သို့ ဆစ်ခနဲ တစ်ချက်ခံစားလိုက်ရသည်။

***